ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့။ Monday, 11 May 2020 ၁၀၀၀၉

# Gavi အဖွဲ့၏ ထောက်ပံ့မှုဖြင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) က ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်ပစ္စည်း(test kits)နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ကူညီ

ရန်ကုန် မေ ၁၀

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် Global Alliance for Vaccines and Immunization (Gavi) အဖွဲ့၏ ထောက်ပံ့မှုဖြင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ အစီအစဉ်ဖြင့် ဝယ်ယူထားသော ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်ပစ္စည်း(test kits) နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ကူညီပေးသည့် အစီအစဉ်ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြုလုပ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် နိုင်ငံတကာ လေကြောင်းခရီးစဉ်များကို ယာယီရပ်ဆိုင်းထားသည့်အတွက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ၏ကိုယ်စား ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)က လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးပစ္စည်းများ တင်ဆောင်လာသည့် မလေးရှားနိုင်ငံမှ အထူးလေယာဉ်သည် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်လာရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳




မြန်မာနိုင်ငံရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ဌာနေကိုယ်စားလှယ် Ms. June Kunugi က ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်ပစ္စည်း (test kits)နှင့် ဆက်စပ်ပစ္စည်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်စဉ်။

## ထိုင်းနိုင်ငံမှ မြန်မာလုပ်သားများ မြဝတီတံတား အမှတ် (၂)မှ ၄၄ ဦး ဆက်လက်ဝင်ရောက်



မြဝတီ မေ ၁၀

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မြဝတီမြို့ရှိ မြန်မာ-ထိုင်းချစ်ကြည်ရေးအမှတ်(၂)တံတားမှ မေ ၁ ရက်ကစ၍ ပြန်လည်လက်ခံခဲ့ရာ ယနေ့တွင် ၄၄ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

**ကြီးကြပ်ဆောင်ရွက်**

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်တွင် ၆၀၊ မေ ၂ ရက်တွင် ၅၄ ဦး၊ မေ ၃ ရက်တွင် တစ်ဦး၊ မေ ၄ ရက်တွင် ၄၄ ဦး၊ မေ ၅ ရက်တွင် ၂၃ ဦး၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ■

**ကြေးမုံ ယနေ့ ဖတ်စရာ**

**တောင်ကိုရီးယားနိုင်ငံကို ဒစ်ဂျစ်တယ်အင်အားကြီးနိုင်ငံအဖြစ် ပြောင်းလဲမည်ဟု သမ္မတ မွန်ဂျေအင်း ကတိပြု**

စာမျက်နှာ » ၁၁

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၁၅



ကြေးမုံ

## ရောဂါဘေးနှင့်အပူဒဏ် သတိပြုဆင်ခြင်ကြံ့ကြံ့ခံ

နွေရာသီကာလ အပူရှိန်ပြင်းထန်နေချိန်နှင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများအနေဖြင့် သတိမူဆင်ခြင်နေထိုင်ပြီး သက်ဆိုင်ရာတို့မှ အသိပေးထုတ်ပြန်ထားသော နှိုးဆော်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ကြရမည် ဖြစ်သည်။ ကူးစက်ရောဂါဘေးအန္တရာယ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နေ့စဉ်အသိပေးလျက်ရှိပြီး သဘာဝဘေးအန္တရာယ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက နေ့စဉ်သတိပေးလျက်ရှိသည်။

အပူရှိန်ပြင်းထန်သော ယခုကာလတွင် မီးလောင်ခြင်း၊ ရေတွင်းရေကန်များခန်းခြောက်ပြီး သောက်သုံးရေရှားပါးခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း၊ အပူရှိန်မြင့်မားစွာ ဖြစ်ပေါ်ခြင်းတို့နှင့် ကြုံတွေ့နေရသည်။ အပူရှိန်ပြင်းထန်နေချိန်တွင် အညာဒေသရှိ ကျေးရွာများတွင် မီးလောင်မှုများဖြစ်ပွားခဲ့ပြီး နိုင်ငံတစ်ဝန်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့နေရသည်။

ယခုနှစ်တွင် အပူရှိန်မြင့်မားမှုကို ဆိုးဆိုးရွားရွားကြုံတွေ့နေရပြီး အချို့ဒေသများတွင် အပူချိန်စံချိန်သစ်တင်နေသည်။ ယခုရက်ပိုင်းတွင် ပူပြင်းသော မြန်မာနိုင်ငံအလယ်ပိုင်းဒေသများအပြင် ရန်ကုန်၊ ပဲခူးနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် ပူအိုက်သည့်ဒဏ်ကို သိသိသာသာ ခံစားနေရသည်။ ချောက်မြို့တွင် အပူချိန် ၄၇ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ဖြင့် စံချိန်တင်မြင့်မားခဲ့ပြီး အခြားမြို့များတွင် အပူချိန်သိသိသာသာ မြင့်မားနေသည်။ မိုးကြိုကာလတွင် မြေမျက်နှာပြင်များပူလာလေ့ရှိ၍ အပူရှိန်မြင့်တက်လာခြင်းဖြစ်သော်လည်း အပူရှိန်မှာတစ်နှစ်ထက်တစ်နှစ် တိုးလာသည်။

မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့် ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတို့မှာ ကုန်းမြေပူပြီး ပင်လယ်မှလာသောရေငွေ့လေနှင့် ပေါင်း၍ ပိုမိုပူအိုက်ကာ ချွေးထွက်သည့် ဒဏ်ကိုခံရသောကြောင့် ခန္ဓာကိုယ်၏ခုခံအားစနစ် လျော့နည်းနိုင်ရာ ကိုဗစ် - ၁၉ ကူးစက်ရောဂါဖြစ်ပွားနေချိန်တွင် ခန္ဓာကိုယ်ခုခံအားစနစ် မကျဆင်းအောင် ဂရုစိုက်ရမည် ဖြစ်သည်။ ယမန်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးနိုင်သော်လည်း ယခုနှစ်တွင် ကိုဗစ် - ၁၉ ရောဂါကြောင့် ၎င်းစခန်းများဖွင့်လှစ်နိုင်ခြင်းမရှိ၍ မိမိတို့ အသိဉာဏ်ဖြင့် အပူဒဏ်ကို ရှောင်ရှားရမည် ဖြစ်သည်။

ပြည်သူများ ယနေ့ကြုံတွေ့နေရသော ရောဂါဘေး၊ သဘာဝဘေးတို့သည် လူအများမှ ပြန်လည်အကျိုးသက်ရောက်လာမှုများဖြစ်ရာ သဘာဝပတ်ဝန်းကျင်မပျက်စီးရေး၊ ကျန်းမာစွာနေထိုင်နိုင်ရေးတို့ကို အထူးဂရုပြုရမည်ဖြစ်သည်။ ဘေးအမျိုးမျိုးတို့ကို တစ်မျိုးမဟုတ်တစ်မျိုး နှစ်စဉ်ကြုံတွေ့နိုင်သည်ကို သတိချပ်ရမည် ဖြစ်သည်။ ပြည်သူများအနေဖြင့် အပူရှိန်ပြင်းထန်နေချိန်တွင် အရိပ်ရ၍ အေးမြသောနေရာများတွင် နေထိုင်ကြရန်၊ အဆောက်အဦများကို လေဝင်လေထွက်ကောင်းအောင် ပြုလုပ်ထားရန်၊ ရေများများသောက်ရန်၊ နေပူထဲမှ ပြန်လာပြီးနောက် ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ရန်၊ အရောင်ဖျော့ပြီး ပွသောအဝတ်အထည်များကို ဝတ်ဆင်ရန်၊ နေ့လယ်အပူရှိန်မြင့်မားချိန်တွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများအား မော်တော်ယာဉ်အတွင်း၊ အလုံပိတ်ထားသော အခန်းအတွင်း တစ်ဦးတည်းထားခဲ့ခြင်းကို သတိပြုရန် လိုပေသည်။

နေ့လယ်ပိုင်း နေရောင်ခြည်တိုက်ရိုက်ထိတွေ့နိုင်သော နေရာများတွင် လှုပ်ရှားမှုများမပြုလုပ်မိစေရန်နှင့် ပူသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ယာဉ်အတွင်း ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောနေရာမှ ပူပြင်းသောပြင်ပသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားကြရန်လိုပါသည်။ မလိုအပ်ဘဲ လျှပ်စစ်မီးများကို အသုံးပြုခြင်းမှရှောင်ရှားပြီး မီးလောင်လွယ်သော လောင်စာများ၊ အရာဝတ္ထုပစ္စည်းများမှတစ်ဆင့် မီးလောင်မှုမဖြစ်စေရန် သတိထားကြဖို့ လိုအပ်ပါသည်။ သောက်သုံးရေကို ချွေတာစွာသုံးစွဲခြင်းဖြင့် ရေအခက်အခဲရှိသောသူများအား ကူညီနိုင်ရန် ပြုလုပ်ကြရမည် ဖြစ်သည်။

ထိခိုက်ခံစားရလွယ်ကူသည့် သက်ကြီးရွယ်အိုများ၊ ရောဂါအခံရှိသူများနှင့် ကလေးသူငယ်များမှာ ကိုဗစ် -၁၉ ရောဂါဖြစ်ပွားနေသည့်အချိန်နှင့် အပူရှိန်ပြင်းထန်နေသည့် အချိန်ကာလများတွင် ပိုမိုထိခိုက်ခံစားရနိုင်ပြီး အသက်ဆုံးရှုံးမှုဖြစ်စေနိုင်သဖြင့် ၎င်းတို့အား နေအိမ်ထဲ၌သာ နေထိုင်စေပြီး ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ပေးရမည် ဖြစ်သည်။ အပူရှိန်မြင့်မားနေချိန်တွင် ကိုယ်အပူချိန်မြင့်တက်ပြီး ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်အားအင်ကုန်ခန်းခြင်းတို့ကို ပိုမိုသတိပြုကြရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားနေချိန်တွင် ရောဂါကူးစက်မှုတိုးမလာစေရေးအတွက် ပြည်သူများအနေဖြင့် မတတ်သာမှ အိမ်ပြင်ထွက်ကြပြီး တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ခြင်း၊ လက်ဆေးခြင်းတို့ကို မလွဲမသွေပြုလုပ်ကြခြင်းနှင့်အတူ အပူရှိန်ပြင်းထန်နေသော ယခုကာလ၌ အပူဒဏ်ကို ရှောင်ရှားကာကွယ်ကြခြင်းဖြင့် မိမိတို့၏ကျန်းမာရေးကို မိမိတို့ကိုယ်တိုင် ကြံ့ကြံ့ခံကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် “စောစောရှာ” Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ “စောစောရှာ” Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်“စောစောရှာ” Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ၎င်း “စောစောရှာ” Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက်ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ “စောစောရှာ” Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ၎င်း Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် “စောစောရှာ” Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

### SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် “စောစောရှာ” Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ကိုဗစ် – ၁၉ ရောဂါကင်းဝေးစေရန် ညောင်ဦးမြို့ ပြည်တွင်းအခွန်ရုံး၌ ပိုးသတ်ဆေးများ ပက်ဖျန်း



ညောင်ဦး မေ ၁၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံးအား ကိုဗစ် – ၁၉ ရောဂါကင်းဝေးစေရန်အတွက် ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့ နံနက် ၉ နာရီခွဲက ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကိုဗစ် – ၁၉ ရောဂါ ကင်းဝေးစေရန် ပိုးသတ်ဆေးများ ပက်ဖျန်းဆောင်ရွက်ပေးရာတွင် မြို့နယ်ပြည်တွင်း အခွန်များ ဦးစီးဌာနမှူးရုံး အဆောက်အဦအတွင်း လူဝင်၊ လူထွက်များသည့် ဝင်ပေါက်၊ ထွက်ပေါက်များ၊ ရုံးအတွင်းရှိ ကြမ်းပြင်နှင့် စားပွဲများ၊ ကုလားထိုင်များ၊ ဝန်ထမ်းနေအိမ် လိုင်းခန်းများ၊ ဝန်ထမ်းနားနေဆောင်များ စသည့်နေရာအနှံ့ ပက်ဖျန်းပေးခဲ့ကြောင်းသိရသည်။ အဆိုပါ ကိုဗစ်–၁၉ ရောဂါ ကာကွယ်နိုင်ရန်အတွက် ပိုးသတ်ဆေးများ ပက်ဖျန်းဆောင်ရွက်ရာတွင် မြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနမှူးရုံးရှိ ဝန်ထမ်းများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

ကြေးမုံ

| | | | |
|---|---|---|---|
| **ခေတ္တ စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အငယ်တန်း** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| **သတင်းထောက်မှူး** | – ဦးမြင့်စိုး | **ဓာတ်ပုံသတင်းထောက်** | – ဦးခင်မောင်ဝင်း |
| **ဘာသာပြန်စာတည်းများ** | – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| **အကြီးတန်း** | – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ | **စာပြင်** | – ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| | ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများ၊ လုပ်ငန်းတိုးတက်မှုအခြေအနေကို Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လုပ်ငန်းစီမံကိန်းနေရာများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းတိုးတက်မှု၊ ကျေးလက်နေပြည်သူများသွားလာရေး လွယ်ကူအဆင်ပြေစေရန် ကျေးလက်လမ်း၊ တံတားများဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမည့် လုပ်ငန်းစီမံချက်များ၊ ကိုဗစ်-၁၉ ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

### ရှင်းလင်းတင်ပြ

ရေးဦးစွာ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၄) မှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်မျိုးထွန်းက တနင်္သာရီတိုင်းဒေသကြီးအတွင်း တာဝန်ယူတည်ဆောက်နေသည့် သမုတ် - လွတ်လွတ်တံတား၊ တနင်္သာရီတံတား၊ ပုလုံးတုံးတုံးတံတားများ လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေ၊ တနင်္သာရီတံတားဟောင်းမှ သံပေါင်များနှင့် ဆက်စပ်ပစ္စည်းများ စနစ်တကျဖြုတ်သိမ်းနေမှု၊ စီမံကိန်းလုပ်ငန်းများတွင် ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆေးပညာရှင်များအဖွဲ့နှင့် ပူးပေါင်းပြီး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့နှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တံတားများ၏ လုပ်ငန်းပြီးစီးမှုနှင့် ကျန်ရှိသည့် လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို Video Clip ဖြင့် ပြသသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ကိုဗစ်-၁၉ ကာလအတွင်း တံတားလုပ်ငန်းများပြီးစီးမှုကို တွေ့မြင်ရသည့်အတွက် အားရကျေနပ်မိပါကြောင်း၊ ဆက်လက်၍ ကျန်ရှိသည့်လုပ်ငန်းများ ပြီးစီးရေးအတွက် ကာယ၊ ဉာဏဝန်ထမ်းများ ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ တနင်္သာရီတံတားခရီးစဉ်တွင် လမ်းညွှန်မှာကြားချက်ဖြစ်သည့် တနင်္သာရီတံတားဟောင်းမှ ဘေလီတံတား ၅၀ ရာခိုင်နှုန်းကို တနင်္သာရီတိုင်းဒေသကြီး ကျေးလက်တံတားများတွင် သုံးရန်နှင့် ကျန် ၅၀ ရာခိုင်နှုန်းကို သဘာဝဘေးဒဏ်အတွက် အရန်အဖြစ်ထားရန် ပြည်ထောင်စုဝန်ကြီးက မှာကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပြီးစီးနေသော တံတားများ Load Text Result များကို စစ်ဆေးပြီး ဆုံးဖြတ်ချက်များချမှတ်ပေးသည်။

### ၉၃ ရာခိုင်နှုန်းပြီးစီး

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တံတားသုံးစင်း ဖြစ်သည့် သမုတ် - လွတ်လွတ် တံတားသည် ထားဝယ် - မြိတ်လမ်းပေါ်တွင် တည်ရှိပြီး တံတားအရှည် ၁၂၈၇ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေ၊ အမြင့် ၁၅ ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ AASHTO HS 25 ဖြစ်ကာ ယခုအခါ တံတားတစ်စင်းလုံး၏ ၉၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

တနင်္သာရီတံတားသည် မြိတ် - တနင်္သာရီ - ဘုတ်ပြင်း - ကော့သောင်း လမ်းပေါ်တွင်တည်ရှိပြီး တံတားအရှည် ၁၄၄၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် လေးပေစီပါရှိပြီး ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေ၊ အမြင့် ၃၃ ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ AASHTO HS 25 ဖြစ်ကာ ယခုအခါ တံတားတစ်စင်းလုံးပြီးစီးမှုမှာ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ပုလုံးတုံးတုံးတံတားသည် ကော့သောင်း - ပုလုံးတုံးတုံးကျွန်းနှင့် ဆက်သွယ်ထားသော လမ်းပေါ်တွင်တည်ရှိပြီး တံတားအရှည်ပေ ၂၄၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် ငါးပေ ခြောက်လက်မစီပါရှိပြီး ရေလမ်းကင်းလွတ်အကျယ်ပေ ၈၀၊ အမြင့် သုံးပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ AASHTO HS 25 ဖြစ်ကာ ယခုအခါ တံတားတစ်စင်းလုံး၏ ၉၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသက်ဇော်ဝင်းက တည်ဆောက်နေသော တံတားများ၏ ချဉ်းကပ်လမ်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရိုင်အဖွဲ့သုံးဖွဲ့နှင့် လမ်းအထူးအဖွဲ့နှစ်ဖွဲ့တို့ဖြင့် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ၊ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းစီမံချက်များနှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

### ဆောင်ရွက်ပြီးစီးမှု

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇော်မိုးဦးက တနင်္သာရီတံတားတည်ဆောက်ရေးလုပ်ငန်းခွင်တွင် ယာယီတံတားအဖြစ် အသုံးပြုခဲ့သော ဘေလီတံတားသံပေါင်များအား တကူ- သာရဘွင် -ကျားခေါင်းတောင်- သိန္ဓော-ကော့မပြင်း ကျေးလက်လမ်းပေါ်ရှိ တည်ဆောက်လျက်ရှိသည့် တံတားသုံးစင်းတွင် ပြန်လည်အသုံးပြုမည့်အစီအမံများနှင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်း / တံတား လုပ်ငန်းများဖြစ်သည့် အရှေ့ဘန်လော-ကော်တော - သမီးလှ ကွန်ကရစ်လမ်း၊ ရေဖြူ - ကဒက်ငယ် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း၊ ဓာဒီ - ပရ ကျေးရွာချင်းဆက်ကွန်ကရစ်လမ်း၊ ကန်သာယာ-ရင်းတောင် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း၊ ဘုရင့်တောင် - ဆင်ထိုးငယ် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း၊ ရေငန်းရှိုင် - ချောင်းစလန်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းနှင့် ယမုံနာ-ရွှေတောင်ကုန်းစု ကျေးရွာချင်းဆက် လမ်းပေါ်ရှိ ပေ ၄၀ ကွန်ကရစ်တံတားတည်ဆောက်ခြင်း၊ ကျောက်မဲတောင် - မြေးခံဘော်ကျေးရွာချင်းဆက် ကတ္တရာလမ်းအစရှိသည့်လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးနေမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားနှင့် ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို စီမံကိန်းလုပ်ငန်းနေရာများနှင့် တိုက်ရိုက်ချိတ်ဆက်၍ Video Clip ဖြင့် ပြသမှုကို ကြည့်ရှုစစ်ဆေးသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က မိမိတို့ တာဝန်ယူဆောင်ရွက်သည့်လုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ရန်လိုပါကြောင်း၊ ချဉ်းကပ်လမ်းလုပ်ငန်းများဆောင်ရွက်ရာတွင် စတင်ဆောင်ရွက်စဉ်ကပင် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်လိုပါကြောင်း၊ မိုးတွင်းကာလရောက်ရှိပြီဖြစ်၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရန်လိုပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့်အတူ ကျေးလက်နေပြည်သူများ၏ သွားလာရေးလွယ်ကူအဆင်ပြေစေရန် ကျေးလက်လမ်းတံတားများ တိုးတက်ကောင်းမွန်ရန်လိုပါကြောင်း ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို အလေးထားလိုက်နာ ဆောင်ရွက်ရန်လိုပါကြောင်း၊ အင်ဂျင်နီယာများ၏ စွမ်းပကားဖြင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ■ ထိုင်းနိုင်ငံမှ

မေ ၆ ရက်နှင့် ၇ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ မေ ၈ ရက်တွင် ၁၀၀၊ မေ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ယနေ့တွင် ၄၄ ဦး ပြန်လည်ဝင်ရောက်ခဲ့ရာ စုစုပေါင်း ၃၂၆ ဦးထိ ပြန်လည်ဝင်ရောက်ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် ကယားပြည်နယ်မှ တစ်ဦး၊ ကရင်ပြည်နယ်မှ တစ်ဦး၊ မွန်ပြည်နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၇ ဦး၊ မကွေးတိုင်းဒေသကြီးမှ ကိုးဦး၊ မန္တလေးတိုင်းဒေသကြီးမှ သုံးဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ငါးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ငါးဦး စုစုပေါင်း ၄၄ ဦးရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မေ ၁၀**

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## သက်ကြီးရွယ်အိုများ စောင့်ရှောက်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

- COVID-19 ကူးစက်မြန်ရောဂါသည် နိုင်ငံတကာတွင် ဖြစ်ပွားနေသော အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ ကူးစက်ခံရပါက အသက်ဆုံးရှုံးသည်အထိ ပြင်းထန်ကြောင်း တွေ့ရှိရပါသည်။
- ထို့ကြောင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အိမ်ရှိအခြားသူများက ကျန်းမာရေး ပညာပေးညွှန်ကြားချက်များကို သိရှိအောင်လေ့လာပြီး သတိမလွတ်ဘဲ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- သက်ကြီးရွယ်အိုများနှင့် အတူနေထိုင်သူများသည် မလိုအပ်ဘဲ အပြင်သွားလာခြင်းများ မပြုလုပ်ပါနှင့်၊ အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာနေထိုင်ရန် မမေ့ပါနှင့်၊ လက်ကိုမကြာခဏ စနစ်တကျဆေးကြောပါ။
- သက်ကြီးရွယ်အိုများ နေထိုင်မကောင်းလျှင်၊ ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းအရင်ပေးပို့တိုင်ပင်ပြီးမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန အများပြည်သူသို့ အသိပေးကြေညာချက်

၁။ COVID-19 အန္တရာယ်ကာကွယ်ထိန်းချုပ်နိုင်ရန် ဆောင်ရွက်နေစဉ်ကာလအတွင်း အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် အသင်းသားများ၏ လိုအပ်ချက်အရ ချေးငွေထုတ်ချေးခြင်း၊ စုဆောင်းငွေပြန်လည်ထုတ်ပေးခြင်းနှင့် အသင်းသားများနှင့်ညှိနှိုင်း၍ ချေးငွေ ပြန်လည်ကောက်ခံခြင်းများကို လူစုလူဝေးဖြင့် ဆောင်ရွက်ခြင်းမပြုဘဲ မိမိတို့ရုံးခွဲများတွင် လူ ၄ ဦး ထက်မပိုသည့် ဝန်ထမ်းများဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့်ညှိနှိုင်းဆောင်ရွက်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားချက်ထုတ်ပြန်၍ ခွင့်ပြုပေးခဲ့ပါသည်။

၂။ ယခုအခါ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် မေလ ၃ ရက်နေ့တွင် ထုတ်ပြန်သည့် COVID-19 နှင့်စပ်လျဉ်း၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ လိုက်နာဆောင်ရွက်ရန်ဖြည့်စွက်အသိပေးထုတ်ပြန်ကြေညာချက်တွင် **“အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် အာမခံကုမ္ပဏီများအား လုပ်ငန်းများဆက်လက်ဖွင့်လှစ်သွားရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များတွင် ဆောင်ရွက်ထားရမည့် ကိစ္စရပ်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရန်”** အသိပေးကြေညာခဲ့ပါသည်။

၃။ သို့ပါ၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် အသေးစားချေးငွေရယူလိုသော ပြည်သူများ၊ အာမခံဝန်ဆောင်မှု ရယူလိုသောပြည်သူများ အဆင်ပြေစေရန် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် အာမခံကုမ္ပဏီများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်များတွင် ဆောင်ရွက်ထားရမည့် ကိစ္စရပ်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်၍ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းပြီး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ညွှန်ကြားထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

*** ရှေ့ဖုံးမှ**

မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(UNICEF)နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) တို့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ဌာနေကိုယ်စားလှယ် Ms. June Kunugi က မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် Gavi အဖွဲ့၏ ထောက်ပံ့မှုဖြင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)၏အစီအစဉ်ဖြင့် ဝယ်ယူထားသော ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်ပစ္စည်း (test kits)နှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က လက်ခံရယူသည်။

**ပထမအကြိမ်ရောက်ရှိ**

လှူဒါန်းမှုနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က “ဒီနေ့ရောက်ရှိလာတဲ့ ပစ္စည်းတွေကတော့ အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနမှာ တပ်ဆင်ထားတဲ့ COBAS 6800 စက်အတွက်လိုအပ်တဲ့ test kits တွေပါ။ အရေအတွက်အားဖြင့် ၁၀၀၀၀ ပါ။ ပထမအကြိမ်အဖြစ်ရောက်ရှိလာတာဖြစ်ပါတယ်။ နောက်ထပ်လည်း ရောက်ရှိလာဦးမှာဖြစ်ပါတယ်”ဟု ပြောပြသည်။

မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် Gavi အဖွဲ့၏ ထောက်ပံ့မှုဖြင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(UNICEF) ၏ အစီအစဉ်ဖြင့် ဝယ်ယူထားသော ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်ပစ္စည်း(test kits) အရေအတွက်မှာ ၃၀၀၀၀ ဖြစ်ပြီး ယနေ့တွင် ပထမဆုံးအကြိမ်အဖြစ် အခုရေ ၁၀၀၀၀ ရောက်ရှိလာခြင်းဖြစ်ကာ ယနေ့ပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၅၉၃၃ ဒေါ်လာ ဖြစ်ကြောင်း ဒေါက်တာသာထွန်းကျော်ထံမှ သိရသည်။

ထိုသို့ ထောက်ပံ့ကူညီမှုများပေးနိုင်ရန်အတွက် ထောက်ပံ့ကူညီမှု ပစ္စည်းများသယ်ဆောင်ရန် လေကြောင်းခရီးစဉ်၏ ကုန်ကျငွေများကို ဥရောပသမဂ္ဂနှင့် ဆွစ်ဇာလန်နိုင်ငံတို့၏ ငွေကြေးပံ့ပိုးမှုများဖြင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)က ရန်ကုန်နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ကို အပတ်စဉ်ချိတ်ဆက်ပေးနိုင်မည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လေကြောင်းပျံသန်းမှု အကူအညီဆောင်ရွက်လျက်ရှိရာ ယနေ့ခရီးစဉ်မှာ ပထမဆုံးခရီးစဉ်ဖြစ်သည်။



Gavi အဖွဲ့၏ ထောက်ပံ့မှုဖြင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၏ အစီအစဉ်ဖြင့် ဝယ်ယူထားသော ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာစဉ်။

အဆိုပါ လေကြောင်းပျံသန်းမှုခရီးစဉ် တစ်ကြိမ်တွင် လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ (၂ မက်ထရစ်တန်အထိ)မြန်မာနိုင်ငံသို့ တင်ဆောင်သယ်ယူနိုင်မည့်အပြင် ကုလသမဂ္ဂနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးမှုအကူအညီပေးရေးအဖွဲ့များ၏ ဝန်ထမ်းများကိုလည်း သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

အလားတူ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အိန္ဒိယ၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့ကလည်း ဆေးဝါး၊ စက်ပစ္စည်းနှင့်ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ထောက်ပံ့ကူညီ လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်ထံမှ သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# E-media နည်းလမ်းများ အသုံးပြု၍ စိုက်ပျိုးနည်းပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်

**စစ်ကိုင်း မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ တောင်သူလယ်သမားများအား စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင်များက ဖေ့စ်ဘွတ်ကွန်ရက်မှ live လွှင့်ဆွေးနွေး ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးထံမှ သိရသည်။

**လုပ်ဆောင်ပေးလျက်ရှိ**

တောင်သူလယ်သမားများ၏ ဖုန်း/ဗိုက်ဘာ/မက်ဆင်ဂျာတို့ဖြင့် ဆက်သွယ်မေးမြန်းမှုကို သက်ဆိုင်ရာ နည်းပညာပြန့်ပွားရေး KC စင်တာများတွင် အခြေစိုက် တာဝန်ထမ်းဆောင်နေကြသည့် စိုက်ပျိုးရေး ပညာရှင်ဝန်ထမ်းများက ဖြေကြားခြင်း၊ လိုအပ်ပါက စိုက်ကွင်းအတွင်း ချက်ချင်းကွင်းဆင်း စစ်ဆေးပေးခြင်းတို့ကို လုပ်ဆောင်ပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တောင်သူများ၏ အခက်အခဲများနှင့် သိရှိလိုသည်များကို ရုံးချုပ် Call Center မှ ဖြေကြားပေးနေခြင်းသာမက ဒေသ၏ လတ်တလော လိုအပ်ချက်များကို ထိရောက်ကျယ်ပြန့်စွာ ဝန်ဆောင်မှုပေးနိုင်စေရန် ကျေးရွာအခြေစိုက် နည်းပညာပေးစင်တာများတွင်လည်း စိုက်ပျိုးရေး ပညာရှင် ဝန်ထမ်းများက တောင်သူများကို အနီးကပ်ကူညီဆောင်ရွက်ပေးရန် လမ်းညွှန်ထားကြောင်း၊ စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေး KC စင်တာများတည်ရှိရာ နယ်မြေအတွင်း ရာသီအချိန်မီ လုပ်ဆောင်ရန် လုပ်ငန်းစဉ်များ၊ ပိုးမွှားကာကွယ်ရေး လုပ်ငန်းစဉ်များ ကို E-media နည်းလမ်းများ အသုံးပြု၍ စိုက်ပျိုးနည်း ပညာပေးလုပ်ငန်းများ နိုင်ငံတစ်ဝန်းပိုမိုထိရောက်စွာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားရန် စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။

**အောင်မိုး(စိုက်ပျိုးရေး)**



**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

## ပြည်ထောင်စုသားချင်းများ

**တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့သာ စည်းလုံးညီညွတ်မှုကို ရရှိစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းမှာ မတူညီတဲ့လူမျိုး၊ မတူတဲ့ဘာသာစကား၊ မတူတဲ့ကိုးကွယ်မှုများရှိလင့်ကစား စည်းလုံးညီညွတ်စွာ နေရေးကို ဦးတည်ကြရပါမယ်။ ကျွန်မတို့အားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်တာနဲ့အညီ ဒီပြည်ထောင်စု၊ ဒီမြေ၊ ဒီရေကို ချစ်မြတ်နိုးပြီး ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တိုးတက်ဖွံ့ဖြိုးမှုနဲ့ သာယာခိုင်မာတဲ့ပြည်ထောင်စုတစ်ခုတည်ဆောက်ရေးကို တန်ဖိုးထားကြဖို့က အင်မတန်မှ အရေးကြီးပါတယ်။**

*[ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပသော သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]*



# မန္တလေးမြို့၌ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုစမ်းသပ်စက် (PCR) တပ်ဆင်ပြီးစီးမှု အခြေအနေအား သွားရောက်ကြည့်ရှု

**မန္တလေး မေ ၁၀**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနတွင် တပ်ဆင်နေသည့် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုစမ်းသပ်စက် (PCR) ပြီးစီးမှုအခြေအနေများကို မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ ဒေါက်တာရဲလွင်တို့ ယနေ့သွားရောက်ကြည့်ရှုသည်။

တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်နှင့်အဖွဲ့အား မန္တလေးမြို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမေဝင့်ဝါက ဓာတ်ခွဲအတည်ပြုစက်(PCR)စတင်အသုံးပြုနိုင်ရန် တပ်ဆင်ပြီးစီးနေမှုများနှင့် လိုအပ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်းအခြေအနေများအား Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာသန်းသန်းမြင့်က မန္တလေးမြို့တွင် တပ်ဆင်မည့် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုစက်အား ကိုင်တွယ်အသုံးပြုရန် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများနှင့် ဓာတ်ခွဲပညာရှင်များ အဆင်သင့်ပြင်ဆင်ထားမှုများကို ရှင်းလင်းသည်။

**စီစဉ်ဆောင်ရွက်**

အဆိုပါရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်က ဓာတ်ခွဲအတည်ပြုစမ်းသပ်စစ်ဆေးစက် (PCR) တပ်ဆင်အသုံးပြုရန်လိုအပ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများအား မန္တလေးမြို့တော်ဝန်နှင့် ညှိနှိုင်းပေါင်းစပ်ကာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဓာတ်ခွဲစစ်ဆေးမှုလုပ်ငန်းအား မန္တလေးမြို့တွင် အမြန်ဆုံးဆောင်ရွက်နိုင်ရန် ကြိုးစားလုပ်ဆောင်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး ဓာတ်ခွဲစစ်ဆေးမှုအား ယခုထက်ပိုမို၍ ဆောင်ရွက်နိုင်ရန် ကိုဗစ်-၁၉ ရောဂါရှာဖွေစစ်ဆေးနိုင်မည့်စက်အသစ်တစ်လုံး ထပ်မံတိုးချဲ့တပ်ဆင်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးစက်(PCR) တပ်ဆင်ထားရှိမည့်နေရာနှင့် ဓာတ်ခွဲစစ်ဆေးမှုများဆောင်ရွက်မည့် အဆောက်အအုံပိုင်းဆိုင်ရာ ပြုပြင်နေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မန္တလေးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုစစ်ဆေးစက်(PCR)ကို မေလနောက်ဆုံးပတ်၌ စတင်အသုံးပြုနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပြီး အဆိုပါစက်ဖြင့် စမ်းသပ်စစ်ဆေးမှု တစ်ကြိမ်လုပ်ဆောင်ရန် ၃ နာရီမှ ၅ နာရီအထိ ကြာမြင့်မည်ဖြစ်ပြီး တစ်နေ့လျှင် ဓာတ်ခွဲစမ်းသပ်မှု နှစ်ကြိမ်လုပ်ဆောင်ကာ တစ်ရက်လျှင် လူဦးရေ ၁၈၀ ဦးအား ဓာတ်ခွဲအတည်ပြုစစ်ဆေးပေးနိုင်ရန် ခန့်မှန်းထားကြောင်း သိရသည်။





အဆိုပါ ဓာတ်ခွဲစမ်းသပ်စက် (PCR) တပ်ဆင်အသုံးပြုနိုင်ရန် လိုအပ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများအား မန္တလေးမြို့ရှိ ကိုဗစ်-၁၉ ရောဂါ ရန်ပုံငွေရှာဖွေရေးကော်မတီက ထောက်ပံ့ကူညီလှူဒါန်းထားခြင်းဖြစ်ပြီး အဆိုပါ အလှူရှင်ကော်မတီက ထပ်မံ၍ ဓာတ်ခွဲစစ်ဆေးမှုများ ပိုမိုတိုးချဲ့လုပ်ဆောင်နိုင်ရန် ငွေကျပ်သိန်း ၄၇၅၀ ကျော် တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးစက်အသစ်တစ်စုံနှင့် လူဦးရေ ၃၅၀၀၀ ခန့်ကို စစ်ဆေးနိုင်မည့် Reagents များကို လှူဒါန်းရန် မှာယူထားပြီးဖြစ်ရာ အဆိုပါစက်ပစ္စည်းများ မေလနောက်ဆုံးပတ်အတွင်း မန္တလေးမြို့သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# ပူပြင်းခြောက်သွေ့သောရာသီတွင် ရေပြတ်လပ်မှုမရှိစေရေး ကမ္ဘောဇဘဏ်က စက်ရေတွင်းများ တူးဖော်လှူဒါန်း

**ညောင်ဦး မေ ၁၀**

ပူပြင်းခြောက်သွေ့သောရာသီတွင် ပြည်သူများ ရေပြတ်လပ်မှုမရှိစေရေးအတွက် ကမ္ဘောဇဘဏ်က စက်ရေတွင်းများ ဆက်လက်တူးဖော်လှူဒါန်းလျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် မန်ကျည်းစောက်ကျေးရွာတွင် တူးဖော်လျက်ရှိသည့် စက်ရေတွင်းမှာ မေ ၉ ရက်က တူးဖော်အောင်မြင်ခဲ့သည်။

**၂၇၂ တွင်းမြောက်**

အဆိုပါစက်ရေတွင်းကို ကမ္ဘောဇဘဏ်က အင်္ဂလန်နိုင်ငံထုတ် အမှတ် (၂) Dando Heavy-duty ရေတွင်းတူးစက်ကြီးဖြင့် ဧပြီ ၂၈ ရက်တွင် စတင်တူးဖော်ခဲ့ပြီး အနက်ပေ ၇၄၀ တွင် တစ်နာရီဂါလန် ၃၀၀၀ ဖြင့် ရေအောင်ခဲ့ခြင်းဖြစ်သည်။ ပူပြင်းခြောက်သွေ့သော ညောင်ဦးခရိုင် မန်ကျည်းစောက်ကျေးရွာသည် အိမ်ခြေ ၂၀၀ ကျော်၊ လူဦးရေ ၉၀၀ ကျော်နေထိုင်ကြကြောင်း သိရသည်။ ယခုစက်ရေတွင်းသည် ကမ္ဘောဇဘဏ်က နိုင်ငံတစ်ဝန်းတွင် ပြည်သူများအတွက် တူးဖော်လှူဒါန်းလျက်ရှိသော တွင်းများအနက် ၂၇၂ တွင်းမြောက် ဖြစ်သည်။

ထို့အတူ ဧပြီလအတွင်း ချင်းပြည်နယ် ဟားခါးမြို့တွင် စက်ရေတွင်းပေါင်း သုံးတွင်းကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အခြေခံကျန်းမာရေးတက္ကသိုလ်တွင်လည်းကောင်း အောင်မြင်စွာ တူးဖော်လှူဒါန်းခဲ့သည်။ ယခုအခါ ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံတွင် ဆက်လက်တူးဖော်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ဆက်လက်တူးဖော်သွားမည်ဖြစ်သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၁၄၀၀၀ ကျော်တန်ဖိုးရှိ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများကို သယ်ယူလှူဒါန်းခြင်းနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စောင့်ကြည့်လူနာများအတွက် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးပစ္စည်း ခြောက်မျိုးကို လှူဒါန်းလျက်ရှိသည်။

**လှူဒါန်းလျက်ရှိ**

ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ အခြေခံ ပြည်သူများအတွက် ငွေကျပ်သိန်း ၆၀၀၀ကျော် တန်ဖိုးရှိ ဆန်အိတ်များ ဖြန့်ဝေလှူဒါန်းခြင်း၊ ရှမ်းပြည်နယ် အစိုးရနှင့် ပူးပေါင်း၍ လှူဒါန်းငွေကျပ်သိန်း ၂၀၀၀ မတည်ကာ ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို နိုင်ငံတွင်း အရေးပေါ် လိုအပ်သောနေရာများကို ဖြန့်ဝေလှူဒါန်းခြင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် အသွားအလာကန့်သတ်မှုဝင်နေသော စောင့်ကြည့်လူနာများအနက်မှ အခက်အခဲရှိသူများ၏ နေ့စဉ်စားစရိတ်အတွက် သက်ဆိုင်ရာပြည်နယ်အစိုးရများအား ငွေကျပ်သိန်း ၃၀၀ စီဖြင့် စုစုပေါင်း ကျပ်သိန်း ၉၀၀ ကို လှူဒါန်းလျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ယနေ့အထိ ငွေကျပ်သိန်းပေါင်း ၃၃၉၁၄ ကို လှူဒါန်းခဲ့ပြီး ဖြစ်သည်။

ကိုကျော်



# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး တက္ကသိုလ်ကျောင်းသားနှစ်ဦး ပိုးသတ်ခန်း တပ်ဆင်လှူဒါန်း

**လွိုင်ကော် မေ ၁၀**

ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်နိုင်မှုကို ကာကွယ်ပေးနိုင်ရန်အတွက် ကယားပြည်နယ် လွိုင်ကော် ကွန်ပျူတာတက္ကသိုလ်ကျောင်းသားနှစ်ဦးက Disinfection chamber (ပိုးသတ်ခန်း)ကို အွန်လိုင်းပေါ်မှအလှူငွေနှင့် ကျောင်းအုပ်ဆရာကြီး၏ ထောက်ပံ့လှူဒါန်းငွေများဖြင့် တပ်ဆင်ခဲ့ကြောင်း သိရသည်။

အဆိုပါနည်းပညာကို အွန်လိုင်းပေါ်မှတစ်ဆင့် တွေ့ရှိခဲ့ပြီး Modifies ပြုလုပ်ကာ ကြိုးစားခဲ့ပြီး လွိုင်ကော်မြို့တွင် လိုအပ်သည့်လျှပ်စစ်ပစ္စည်းများ မရရှိ၍ ရန်ကုန်နှင့်မန္တလေးမြို့များမှ ဝယ်ယူခဲ့ရကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာလတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမှ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် လွိုင်ကော်ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသားနှစ်ဦး တပ်ဆင်ပြုလုပ်ခဲ့သည့် Disinfection chamber (ပိုးသတ်ခန်း)ကို ဧပြီလနောက်ဆုံးပတ်က လွိုင်ကော်ပြည်သူ့ဆေးရုံကြီးသို့ လှူဒါန်းခဲ့ကာ အမြင့် ခုနစ်ပေနှင့် အကျယ် ၄ ပေရှိကာ အလွယ်တကူ သယ်ဆောင်နိုင်ပြီး စုစုပေါင်းကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၆၀၈၀၀၀ ခန့် ကုန်ကျကြောင်းနှင့် အခြားသောမြို့နယ်ဆေးရုံများတွင်လည်း ထားရှိနိုင်ရေးအတွက် ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကြီး**

# မာယာများသူနှင့် ဆင်ခြင်တုံတရား

မောင်သောင်းဝင်း(တမန်ဟောင်း)

၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်းက တရုတ်နိုင်ငံ ဝူဟန်မြို့၌ စတင်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် လေးလကျော် ငါးလတာကာလအတွင်း စာရေးသူနှင့် နီးစပ်ရာနေရာကို မမျှော်လင့်ဘဲ တံခါးလာခေါက်တော့သည်။ တိတိကျကျဆိုရလျှင် မေလ ၄ ရက်နေ့တွင် ကိုဗစ်-၁၉ အတည်ပြုလူနာတစ်ဦး တွေ့ရှိရသဖြင့် ၎င်းနှင့် ဆက်စပ်ထိတွေ့မှုရှိခဲ့သူများတွင် ပါဝင်သည့် စာရေးသူလည်း ဓာတ်ခွဲစစ်ဆေးဖို့ရန် နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်များယူခံရပြီး သွားလာမှုကန့်သတ်ခံခဲ့ရသည်။ မိမိကျန်းမာရေးအတွက် အလွန်အမင်းပူပန်ခြင်း မရှိသော်လည်း မိသားစုအတွက်တော့ စိုးရိမ်ပူပန်မိခဲ့သည်။ သို့သော် မေလ ၅ ရက်နေ့တွင် Negative ဖြစ်ကြောင်း ဓာတ်ခွဲအတည်ပြုချက် ထွက်လာသည်။ ကာယကံရှင်များနှင့် တာဝန်ရှိသူများအားလုံး စိတ်အေးသက်သာမှု ဖြစ်ရသည်။

**မိတ်ကောင်း ဆွေကောင်းများ**

ထိုသို့ မိမိနှင့်နီးစပ်ရာနေရာတွင် ရောဂါဖြစ်ပွားမှုအခြေအနေကို မေလ ၆ ရက်နေ့အထိ အညာဒေသမှ မိဘများကိုပင် အသိမပေးခဲ့ပေ။ သို့သော် တယ်လီဖုန်းကွန်ရက်နှင့် လူမှုကွန်ရက်ကို တွင်ကျယ်စွာအသုံးပြုနေသော ခေတ်ကြီးတွင် ထိုသတင်း တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသည်မှာ အံ့ဩစရာတော့ မဟုတ်ပေ။ တချို့သော မိတ်ဆွေများက စိုးရိမ်ပူပန်စွာဖြင့်သတင်းမေးမြန်းခဲ့သည်။ အထူးသဖြင့် အိမ်တွင်ရှိသည့်ဇနီးဖြစ်သူထံသို့ မိတ်ဆွေများကဖုန်းဆက်၍ သတင်းမေးမြန်းပြီးလိုအပ်သည်များပြောရန်နှင့် အားမနာရန် ပြောဆိုလာကြသည်။ လောလောဆယ်လိုအပ်ချက်မရှိကြောင်း၊ အခြေခံစားကုန် သုံးလစာလောက် ဝယ်ထားကြောင်း၊ ကျေးဇူးတင်ရှိပါကြောင်း ပြောဆိုခဲ့ရသည်။ ထို့အပြင် တာဝန်ရှိသူများကလည်း လိုအပ်သည့် ပစ္စည်းများဝယ်လိုလျှင် ဖုန်းဆက်ရန်ပြောဆိုခဲ့သည်။ ဘာပဲဖြစ်ဖြစ် နှုတ်ဖြင့် အားပေးစကား ပြောပေးခြင်းသည်ပင်လျှင် ခွန်အားဖြစ်စေပါသည်။

**ခရီးသွားရာဇဝင်မရှိသော်လည်း**

ဆိုရလျှင် လက်ရှိရောဂါပိုးတွေ့ရှိသူသည် လွန်ခဲ့သောတစ်လအတွင်း ခရီးသွားရာဇဝင်မရှိခဲ့ပေ။ အလားတူ ခရီးသွားရာဇဝင်မရှိသည့်အခြားသူများမှာလည်း ကိုဗစ်-၁၉ ရောဂါတွေ့ရှိကြောင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတိပေးသတင်းထုတ်ပြန်ထားရှိပြီးဖြစ်သည်။ ရောဂါပိုးသည် ငွေစက္ကူများနှင့် စာရွက်စာတမ်းများတွင်လည်း တွယ်ကပ်၍ရှိနေနိုင်ပေသည်။ သာဓကအနေဖြင့် အစားအသောက်ထည့်သည့် ကြွပ်ကြွပ်အိတ်များ၊ ဘုရားပန်းမညှိုးအောင်ပတ်သည့် သတင်းစာစက္ကူများတွင်လည်း ရောဂါပိုးကပ်နေနိုင်ပါသည်။ စင်စစ်အားဖြင့် လူတစ်ဦးတွင် ကိုယ်ခံအားစနစ်သာ ကောင်းနေမည်ဆိုလျှင်၊ တစ်ကိုယ်ရေကျန်းမာရေး လိုက်စားမည်ဆိုလျှင်၊ ရတနာသုံးပါးကို ထဲထဲဝင်ဝင် ကြည်ညိုကိုင်းရှိုင်းမည်ဆိုလျှင် မည်သည့်ရောဂါမျှ ဖြစ်ပွားမည်မဟုတ်ချေ။ အကယ်၍ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့်တိုင် ပျောက်ကင်းအောင်ကုသ၍ ရနိုင်ပါသည်။ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိနှင့် ဆင်ခြင်တုံတရားရှိဖို့သာလိုပါသည်။

**အဆိုးထဲမှအကောင်း**

စင်စစ်အားဖြင့် မည်းမှောင်နေသည့်တိမ်တိုက်များ၌ပင်လျှင် ငွေရောင်အနားကွပ်လေးများရှိပါသည်။ ယခုလည်း စာရေးသူတို့နှင့်နီးစပ်ရာနေရာတွင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာတစ်ဦးတွေ့ရှိခဲ့သဖြင့် မိသားစုအတွက် ဦးစွာစိုးရိမ်ပူပန်ခဲ့ရသည်။ သို့သော် ရောဂါပိုးရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်ခွင့်ရရှိခဲ့ပြီး Negative ဖြစ်ကြောင်း ၂၄ နာရီအတွင်း သိရှိရသဖြင့် စိတ်သက်သာရာရခဲ့သည်။ အဆိုးထဲမှ အကောင်းပင်ဖြစ်သည်။ ဆိုရလျှင် မြန်မာနိုင်ငံတွင် ငွေရှိတိုင်း ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်ခွင့်ရရှိနိုင်မည် မဟုတ်ချေ။ စင်စစ်အားဖြင့် စက်ပစ္စည်းနှင့်အရင်းအမြစ် ကန့်သတ်ချက်များကြောင့် ယနေ့အချိန်အထိ အတည်ပြုလူနာနှင့် ဆက်စပ်ထိတွေ့မှုရှိခဲ့သူများ၊ သံသယလူနာများ၊ စောင့်ကြည့်လူနာများအားလုံးကို ဓာတ်ခွဲစမ်းသပ်နိုင်ခြင်း မရှိသေးပေ။ ထို့ကြောင့် ဟိုနား၊ သည်နားကို ခဏတစ်ဖြုတ်လောက် သွားသူများပင်လျှင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရနိုင်ခြေရှိသဖြင့် ပေါ့ပေါ့ဆဆမနေဘဲ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိ ရှိဖို့တော့လိုပါသည်။

**သမိုင်းကြောင်း**

တရုတ်နိုင်ငံ ဝူဟန်မြို့၌ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း စတင်ဖြစ်ပွားခဲ့သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019(COVID-19) ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) က ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပြီး ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကူးစက်မြန်ရောဂါ၊ သို့မဟုတ် တိုင်ကြားရမည့်ကူးစက်ရောဂါဟု သတ်မှတ်ခဲ့သည်။ ထို့နောက် WHO က မတ်လ ၁၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် သတ်မှတ်ကြေညာခဲ့သည်။

ဆိုရလျှင် အချိန်လေးလကျော် ငါးလတာ ကာလအတွင်း ကပ်ရောဂါဆိုးကြီးသည် ကမ္ဘာတစ်ဝန်းသို့ အရှိန်အဟုန်ပြင်းပြင်းဖြင့် ခရီးနှင်ခဲ့ပြီဖြစ်သည်။ မေလ ၁၀ ရက်နေ့အထိစာရင်းအရ ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ၄၁၀၁၉၉၂ နှင့် သေဆုံးသူ ၂၈၀၄၅၄ ဦးအထိ ရှိသွားပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း မေလ ၁၀ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ၁၇၈ ဦးနှင့် သေဆုံးသူ ခြောက်ဦးရှိနေပြီဖြစ်သည်။ တချို့နိုင်ငံများတွင် ရောဂါပိုး ထိန်းချုပ်နိုင်ခဲ့သော်လည်း ဒုတိယလှိုင်းနှင့် တတိယလှိုင်းများထပ်မံဖြစ်ပွားလာနိုင်သဖြင့် စီးပွားရေးလုပ်ငန်းများကို သတိတရားဖြင့် လုပ်ကိုင်နေကြရသည်။

**တိကျစွာလိုက်နာလျက်ရှိ**

အမှန်တော့ စာရေးသူတို့နေထိုင်သည့်နေရာသည် အိမ်နီးချင်းနိုင်ငံတွင် ရောဂါစတင်ဖြစ်ပွားစဉ်ကတည်းကပင် အသွားအလာကန့်သတ်မှုထိန်းချုပ်ခြင်း အပါအဝင် ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရေးအတွက် အစီအမံများကို ဘက်ပေါင်းစုံမှ ကြိုတင်ပြင်ဆင်ထားခဲ့သည့်အပြင် တစ်ဦးတစ်ယောက်ချင်းစီကလည်း ကျန်းမာရေးသတိပေးချက်များကို တိကျစွာလိုက်ပါလုပ်ဆောင်လျက်ရှိသည်။ သာဓကအနေဖြင့် ပုံမှန်အဖျားတိုင်းခြင်း၊ အင်အား၏ ၅၀ ရာခိုင်နှုန်းသာရုံးတက်ခြင်း၊ လုပ်ငန်းခွင်တွင်လည်း ပါးစပ်နှင့်နှာခေါင်းစည်းများတပ်ဆင်ထားခြင်း၊ လက်မှန်မှန်ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းစသည့် ရောဂါကြိုတင်ကာကွယ်ရေးအစီအမံများကို တိကျစွာလိုက်နာလုပ်ဆောင်လျက်ရှိသည်။ သို့သော် လွန်ခဲ့သောတစ်လအတွင်း ခရီးသွားရာဇဝင်မရှိသည့် ဝန်ထမ်းတစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့သဖြင့် တာဝန်ရှိသူအားလုံးနှင့် လုပ်ဖော်ကိုင်ဖက်များအံ့ဩခဲ့ရသည်။

**မာယာများသူနှင့်ဆင်ခြင်တုံတရား**

ဆိုရလျှင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားသူနှင့် ထိတွေ့မှုမရှိသူများ၊ ခရီးသွားရာဇဝင်မရှိသူများ၌ပင်လျှင် ကပ်ရောဂါကူးစက်ခံရမှုများ ရှိနေပြီဖြစ်သည်။ ကာယကံရှင်နှင့် တာဝန်ရှိသူများ ခေါင်းခြောက်ရလျက်ရှိသည်။ ထို့ကြောင့် ပြည်သူတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် လက်မှန်မှန်ဆေးကြောခြင်း၊ အပြင်ထွက်လျှင် ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်ခြင်း၊ နေအိမ်ထဲ၌သာနေခြင်း၊ လူစုလူဝေးရှိသည့်နေရာများကို ရှောင်ကြဉ်ခြင်းတို့ကို မပျက်မကွက်လုပ်ဆောင်ခြင်း၊ ပြည်ပမှပြန်လာသူများအနေဖြင့်လည်း သက်ဆိုင်ရာသို့သတင်းပို့ပြီး Facility Quarantine နှင့် Home Quarantine တို့ကို တိကျစွာလိုက်နာဆောင်ရွက်သွားသင့်ပါသည်။ မည်သို့ပင်ဆိုစေ မာယာများသော ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးသည် လူတိုင်းကိုကူးစက်ပျံ့နှံ့နိုင်သဖြင့် အသက်ကိုဉာဏ်စောင့်၊ ဥစ္စာကိုကံစောင့်ဆိုသလို နိုင်ငံသားတစ်ဦး တစ်ယောက်ချင်းစီအနေဖြင့် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိပြီး ဆင်ခြင်တုံတရားရှိစွာဖြင့် နေထိုင်သွားနိုင်ကြပါစေ။ ။

> **လူတစ်ဦးတွင် ကိုယ်ခံအားစနစ်သာကောင်းနေမည်ဆိုလျှင်၊ တစ်ကိုယ်ရေကျန်းမာရေး လိုက်စားမည်ဆိုလျှင်၊ ရတနာသုံးပါးကို ထဲထဲဝင်ဝင် ကြည်ညိုကိုင်းရှိုင်းမည်ဆိုလျှင် မည်သည့်ရောဂါမျှ ဖြစ်ပွားမည်မဟုတ်ချေ။ အကယ်၍ ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသည့်တိုင် ပျောက်ကင်းအောင်ကုသ၍ ရနိုင်ပါသည်။ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိနှင့် ဆင်ခြင်တုံ တရားရှိဖို့သာ လိုပါသည်....**

# ကနီမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လက်ဆေးဘေစင်များ တပ်ဆင်

**ကနီ မေ ၁၀**

ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကျေးလက်နေပြည်သူများ ကျန်းမာရေး အထောက်အကူပြုစေရန်အတွက် လက်ဆေးဘေစင်နှင့် ဆက်စပ်ပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်းရှိ ကျေးရွာ ၂၆ ရွာနှင့် လူစည်ကားသည့်နေရာများ၌ တပ်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လက်ဆေးဘေစင်များနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်းကို ကနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယူနီဆက်နှင့် ပူးပေါင်းပြီး ကျေးရွာ ၂၆ ရွာနှင့် လူစည်ကားသည့် နေရာလေးနေရာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အတွင်း လူစည်ကားသည့် နေရာများဖြစ်သည့် ကျေးလက်ဈေးများ၊ ချင်းတွင်းမြစ်တစ်ဖက်ကမ်း ကနီမြို့ အများပြည်သူအသုံးပြုသည့် ကားဂိတ်နေရာများ၊ စာသင်ကျောင်းများ၊ ကန့်သတ်စောင့်ကြည့်ရေး နေရာများ၊ ကျန်းမာရေးဌာနများ၌ အလွယ်တကူ လက်ဆေးနိုင်ရန် အများသုံး လက်ဆေးဘေစင်နှင့် လက်ဆေးဆပ်ပြာများ၊ အသိပညာပေး ဗီနိုင်းဆိုင်းဘုတ်များကို ကွင်းဆင်းဖြန့်ဝေထားရှိခဲ့ကြောင်း သိရသည်။



မင်းမြင့်မိုရ်

# မင်းပြားမြို့၌ ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ငွေကျပ်သိန်း ၁၅၀ ကျော် တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်း

**မြောက်ဦး မေ ၁၀**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုများ မဖြစ်ပေါ်စေရန်အတွက် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မြို့နယ် ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုအရပ်ဘက်အဖွဲ့မှ မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ဆေးရုံသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်းခြင်းကို မေ ၈ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းငြိမ်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ကိုဗစ်-၁၉ အထောက်အကူပြု အရပ်ဘက်အဖွဲ့လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးသခင်ချိုက ဆေးရုံသုံးပစ္စည်းများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မင်းပြားမြို့ပေါ်ရှိစေတနာအလှူရှင်များက ကိုဗစ်-၁၉ ရောဂါ ကြိုတင် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း မိမိတို့စေတနာအလျောက်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၆၀၅၀၀၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများဖြစ်သည့် Patient Monitor နှစ်လုံး၊ Oxygen Machine ငါးလုံး၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၁၀၀၊ လက်သန့်ဆေးရည် ငါးမီလီမီတာပါ ၅၀၀၀ လုံး၊ နှာခေါင်းစည်းအခု ၅၃၀၀ နှင့် ကျန်းမာရေးအသိပညာပေး ဗီနိုင်းပိုစတာတို့အား ထောက်ပံ့ပေးအပ်လှူဒါန်းရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလှအောင်ညွန့်၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေဝင်းထွန်းတို့က လက်ခံရယူပြီး တာဝန်ရှိသူများက အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ထွန်းဦး(ပြန်/ဆက်)

# မြန်မာသံရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(ယူအေအီး)တို့မှ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စုစုပေါင်း ၁၁၁၃ ဦးအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်

❍ ကျောဖုံးမှ

ထိုသို့ နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(ယူအေအီး) တို့မှ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စုစုပေါင်း ၁၁၁၃ ဦးအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မေ ၁၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ နှစ်ဦး တွေ့ရှိသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၈၀ ရှိလာ

**နေပြည်တော် မေ ၁၀**

မေ ၁၀ ရက်တွင် ကိုဗစ်–၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၈၀ အထိ ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ ည ၇ နာရီ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးရှိသူ နှစ်ဦးမှာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှတစ်ဦးနှင့် မရမ်းကုန်းမြို့နယ်မှ တစ်ဦးတို့ဖြစ်ပြီး အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ဖြစ်ကာ အသက် ၂၁ နှစ်အရွယ်ရှိသူများဖြစ်ကြသည်။

ပိုးတွေ့လူနာ ၁၈၀ အနက် သေဆုံးသူ ခြောက်ဦး၊ ရောဂါမှ ပျောက်ကင်းသက်သာလာသူ ၇၂ ဦးရှိပြီး ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၅၅ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

သတင်းစဉ်

## ဒလ-ပန်းဆိုးတန်း ပြေးဆွဲနေသည့် ချယ်ရီရေယာဉ်များ ကိုယ်ထည်ကြံ့ခိုင်ရေး ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မေ ၁၀**

ဒလ–ပန်းဆိုးတန်းပြေးဆွဲနေသည့်ခရီးသည်တင် ချယ်ရီရေယာဉ် သုံးစင်းကို ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပဲခူးမြစ်ကမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒဂုံသင်္ဘောကျင်း၌ ရေယာဉ်ကိုယ်ထည် ကြံ့ခိုင်ရေးအတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချယ်ရီရေယာဉ်များသည် ဒဂုံသင်္ဘောကျင်းသို့သွားရန် သန်လျင်တံတားနှင့် မလွတ်ကင်းသည့် ရေယာဉ်အပေါ်ဆုံးထပ် ရေယာဉ်မှူးအခန်း၏ အမိုးပေါ်ရှိ အချက်ပြမီးနှင့် အလံတိုင်ကို ဖြုတ်ပြီးမှ ခုတ်မောင်းဖြတ်သန်းရသဖြင့် ချယ်ရီ (၃) ရေယာဉ်သည် မေ ၈ ရက်က အဆိုပါအလံတိုင်အားဖြုတ်ပြီး ယမန်နေ့တွင် ဒဂုံသင်္ဘောကျင်းသို့ ရောက်ရှိပြီဖြစ်ကြောင်း သိရသည်။

အလားတူ ချယ်ရီ(၂) ရေယာဉ်ကို ဧပြီ ၂၃ ရက်မှ မေ ၇ ရက်အတွင်း ကိုယ်ထည် ထိန်းသိမ်းပြုပြင်ဆောင်ရွက်ခဲ့ပြီး မေ ၈ ရက်မှစတင်၍ ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်းနှင့် ချယ်ရီ (၁) ရေယာဉ်ကိုလည်း မတ်လ ကုန်ခါနီးမှ ဧပြီ ၂၀ ရက်အတွင်း ပြုပြင်ဆောင်ရွက်ထားခဲ့ကြောင်း ရေယာဉ်မှူးများထံမှ သိရသည်။

ရေယာဉ်များသည် နှစ်စဉ် လိုင်စင်သက်တမ်းတိုးရသဖြင့် ခရီးသွားများ အန္တရာယ်ကင်းရှင်းစေရန် ရေယာဉ်ကိုယ်ထည် ခိုင်ခံ့မှုရှိရမည့်အပြင် လိုင်စင်စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ထားရှိကြောင်း သိရသည်။

၂၀၁၄ ခုနှစ်က ဂျပန်– မြန်မာချစ်ကြည်ရေးအဖြစ် ဂျပန်နိုင်ငံက ဒလဆိပ်ကမ်းနှင့် ချယ်ရီ (၁)၊ (၂)၊ (၃) စသည့် ရေယာဉ် သုံးစင်းကို အသစ်တည်ဆောက်၍ လှူဒါန်းထားခဲ့ခြင်းဖြစ်ကာ ယခုအခါ အဆိုပါ ရေယာဉ်များဖြင့် ခရီးသွားများစိတ်အေးချမ်းမြေ့သာယာစွာ သွားလာလျက်ရှိသည်။

သန်းဌေး(ဒလ)

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၁၅၀၆ | ၁၈၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၇၂ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၃၈၃၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၅၅ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၅ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | စုစုပေါင်း | ၁၈၀ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၀–၅–၂၀၂၀ ရက်၊ ည (၁၁)နာရီ

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၃၄၉၅၃၈ | ၂၃၈၀၈၁ | ၈၀၀၉၈ |
| စပိန် | ၂၆၄၆၆၃ | ၁၇၆၄၃၉ | ၂၆၆၂၁ |
| အီတလီ | ၂၁၈၂၆၈ | ၁၀၃၀၃၁ | ၃၀၃၉၅ |
| ဗြိတိန် | ၂၁၅၂၆၀ | စိစစ်ဆဲ | ၃၁၅၈၇ |
| ရုရှား | ၂၀၉၆၈၈ | ၃၄၃၀၆ | ၁၉၁၅ |
| ပြင်သစ် | ၁၇၆၆၅၈ | ၅၆၀၃၈ | ၂၆၃၁၀ |
| ဂျာမနီ | ၁၇၁၃၂၄ | ၁၄၄၄၀၀ | ၇၅၄၉ |
| ဘရာဇီး | ၁၅၆၀၆၁ | ၆၁၆၈၅ | ၁၀၆၅၆ |
| တူရကီ | ၁၃၇၁၁၅ | ၈၉၄၈၀ | ၃၇၃၉ |
| အီရန် | ၁၀၇၆၀၃ | ၈၆၁၄၃ | ၆၆၄၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၂၃၃၃၆ | ၂၂၉၆ | ၂၀ |
| အင်ဒိုနီးရှား | ၁၄၀၃၂ | ၂၆၉၈ | ၉၇၃ |
| ဖိလစ်ပိုင် | ၁၀၇၉၄ | ၁၉၂၄ | ၇၁၉ |
| မလေးရှား | ၆၆၅၆ | ၅၀၂၅ | ၁၀၈ |
| ထိုင်း | ၃၀၀၉ | ၂၇၉၄ | ၅၆ |
| ဗီယက်နမ် | ၂၈၈ | ၂၄၁ | ၀ |
| မြန်မာ | ၁၈၀ | ၇၂ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၀ | ၀ |
| လာအို | ၁၉ | ၁၃ | ၀ |

# မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ မြို့နယ်အချို့၌ လေပြင်းတိုက်ခတ်မှုများဖြစ်ပွား၍ ထောက်ပံ့ကူညီနိုင်ရေး ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မေ ၁၀**

ယခုအချိန်ကာလသည် မြန်မာနိုင်ငံတစ်ဝန်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်တတ်သည့် ရာသီကာလဖြစ်ပြီး ယခုနှစ်တွင်လည်း ဧပြီလဆန်းခန့်မှစ၍ လေပြင်းတိုက်ခတ်မှုများ စတင်ဖြစ်ပွားလျက်ရှိသည်။

**အိမ်ခြေ ၁၀၀ ကျော်ခန့် ပျက်စီး**

ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ရမည်းသင်းမြို့နယ်၌ အိမ်ခြေ ၁၀၀ ကျော်ခန့်၊ ပျော်ဘွယ်မြို့နယ်၌ အိမ်ခြေ ၅၀ ကျော်ခန့် အမိုးအကာလန်ပျက်စီးခဲ့ပြီး သစ်ပင်၊ သစ်ကိုင်းများ ကျိုးကျခြင်း၊ ဓာတ်တိုင်များ လဲပြိုခြင်းတို့ရှိခဲ့ကြောင်း၊ အလားတူ ရှမ်းပြည်နယ်အတွင်း နမ့်စန်၊ လင်းခေး၊ ဆီဆိုင်၊ မိုင်းဆတ်မြို့နယ်တို့၌ စုစုပေါင်း အိမ်ခြေ ၁၀၀ ကျော်ခန့် ပျက်စီးခဲ့ကြောင်း သိရသည်။

သို့ပါ၍ သက်ဆိုင်ရာဒေသရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးများအနေဖြင့် ထောက်ပံ့မှုများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး ဒေသရှိ ဌာနဆိုင်ရာများနှင့်



ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတစ်ဝန်း၌ ဧပြီ ၉ ရက်မှ မေ ၉ ရက်အထိ လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ် ၄၀၇ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၁၄ လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၆၆၂၅ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၁၃၅ လုံး အမိုးအကာလန်ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ပြီး လူနှစ်ဦး သေဆုံးခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းဖိုးများနှင့် သေဆုံးသူထောက်ပံ့ခြင်းများအတွက် စုစုပေါင်း ငွေကျပ် ၃၃၅ ဒသမ ၇ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

**ဆက်သွယ်အကူအညီတောင်းခံနိုင်**

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ်မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းတုန်းနှင့် ဆိပ်ဖြူမြို့နယ်တို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့် စာသင်ကျောင်းများ အမိုးလန်ပျက်စီး

**မင်းတုန်း**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်တွင် မေ ၁၀ ရက် ညနေ ၄ နာရီခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ချင်းနစ်ကျေးရွာအုပ်စု ကန်တွင်းကျေးရွာတွင် နေအိမ်ခြောက်လုံး အမိုးလန်ပျက်စီးခဲ့ပြီး အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**ချင်းကလေး(NRDC)**

**ဆိပ်ဖြူ**

အလားတူ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မေ ၁၀ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ကျားဘေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ သရဖီကျောင်းဆောင် အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ကျားဘေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ သရဖီကျောင်းဆောင်တစ်ဆောင်မှ အမိုး ပေ ၆၀ ခန့် သွပ်ပြားများလန်ခြင်း၊ မြားတန်း အချောင်း ၃၀ ပျက်စီးခဲ့ကြောင်း၊ လူနှင့် တိရစ္ဆာန် ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**ကိုမျိုး(ယောရော)**



# ဆီဆိုင်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၂ လုံး အမိုးလန်ပျက်စီး



**ဆီဆိုင် မေ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စုနှင့် ပါလောပါကယ်ကျေးရွာအုပ်စုအတွင်းတွင် ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဂိုဒေါင်တစ်လုံးနှင့် နေအိမ် ၁၂ လုံး အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပင်စုံကျေးရွာအုပ်စုအတွင်းရှိ ပင်စုံ(တောင်)ကျေးရွာတွင် နေအိမ် နှစ်လုံးနှင့် ထီလျော့ကျေးရွာတွင် နေအိမ် သုံးလုံး၊ ပါလောပါကယ်ကျေးရွာအုပ်စုအတွင်းရှိ ပင်စုံ(မြောက်) ကျေးရွာတွင် နေအိမ် ခုနစ်လုံးနှင့် ကန့်တန်ကျေးရွာတွင် ဂိုဒေါင်တစ်လုံးတို့ အမိုးလန် ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်းနှင့် အမိုးလန်ပျက်စီးခဲ့သည့် နေအိမ်များအား ကျေးရွာနေပြည်သူများက ဝိုင်းဝန်းပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# ရမည်းသင်းမြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်တိုင်များ ပြိုလဲ

**ရမည်းသင်း မေ ၁၀**

ရမည်းသင်းမြို့ ရန်ကုန်-မန္တလေးလမ်း သစ္စာလမ်းထောင့်တွင် ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က လေပြင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်တိုင် ၁၂ တိုင် ပြိုလဲမှုဖြစ်ပွားရာ အဆိုပါနေရာသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအုန်းသန်း၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဦးဇော်မင်းဟန်၊ မြို့နယ်လျှပ်စစ် မန်နေဂျာ ဦးမျိုးမြင့်နှင့် မြို့မိမြို့ဖများက လျှပ်စစ်မီးအမြန်ရရှိရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်းနှင့် အဆောက်အအုံများ ပျက်စီးခြင်းမရှိကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လေ့ကျင့်ရေး(၃) တပ်ဖွဲ့ဝင်များ၊ ပျော်ဘွယ် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများ၊ ရမည်းသင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများစုပေါင်း၍ လျှပ်စစ်မီး ခန့်မှန်း ၂၄ နာရီအတွင်း အမြန်ရရှိရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

**နေပြည်တော် မေ ၁၀**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

facebook
ကိုယ်ရေးကိုယ်တာအချက်အလက်များကို လေးစားပါ




Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

## လှိုင်းဘွဲ့မြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၂၀၀၀၀ ပျိုးထောင်ထားရှိ

**လှိုင်းဘွဲ့ မေ ၁၀**

၂၀၂၀ပြည့်နှစ် မိုးရာသီကာလအတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဒေသခံပြည်သူများအနေဖြင့် ပျိုးပင်များအား အခမဲ့စိုက်ပျိုးနိုင်ရန် ရည်ရွယ်ပြီး လှိုင်းဘွဲ့မြို့နယ် သစ်တောဦးစီးဌာနရှိ ပျိုးဥယျာဉ်အတွင်း ပျိုးပင်ပေါင်း ၂၀၀၀၀ စိုက်ပျိုးထားရှိကြောင်း သိရသည်။



ပျိုးပင်များအား လာမည့် ဇွန်၊ ဇူလိုင်လ မိုးရာသီမှာ ပြည်သူများထံသို့ အခမဲ့ဖြန့်ဝေ ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် အပင်များကို ပျိုးပင်အဖြစ် စိုက်ပျိုးပေးထားကြောင်း၊ ဒေသခံပြည်သူများအပြင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက အများဆုံး လာရောက်ထုတ်ယူစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးမှူး ဦးတင်မြတ်ထံမှ သိရသည်။

အဆိုပါ ပျိုးဥယျာဉ်အတွင်း၌ ကျွန်း ၇၀၀၀၊ မန်ကျည်းရှား ၇၀၀၀၊ မဟော်ဂနီ ၂၀၀၀၊ ငုရွှေဝါ ၁၀၀၀၊ စိန်ပန်း ၁၀၀၀၊ မဲဇလီ ၁၀၀၀ နှင့် မြန်မာကုက္ကို ၁၀၀၀ စုစုပေါင်း ပျိုးပင်၂၀၀၀၀ စိုက်ပျိုးထားရှိကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## သာယာဝတီမြို့တွင် ထိုင်ဝမ်ကန်စွန်းတစ်နိုင်တစ်ပိုင် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိ

**သာယာဝတီ မေ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ စီနှစ်ခွကျေးရွာအုပ်စု စီနှစ်ခွကျေးရွာတွင် ထိုင်ဝမ်ကန်စွန်းများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။



လယ်မြေ သုည ဒသမ ၃၀ ဧကရှိ တောင်သူ ဦးဖိုးဆိတ်၏လယ်မြေကွက်တွင် နှစ်ပေ အကျယ်၊ ပေ ၁၀၀အရှည်ရှိ ဘောင်၃၄ ဘောင်စိုက်ပျိုး၍ရကြောင်း၊ ဘောင် ၃၄ ဘောင်တွင်စိုက်ပျိုးရန် ထိုင်ဝမ် ကန်စွန်းစေ့ အထုပ် ၁၁ ထုပ် လိုကြောင်း၊ တစ်ကျင်းလျှင်အစေ့ သုံးစေ့နှုန်းပျိုးရပြီး ၁၀ရက်ကြာလျှင် အပင်ထွက်ကြောင်း၊ အပင်ထွက်လျှင် မြေဆီကြွေးရပြီး တစ်လကြာလျှင် အစည်းရေ တစ်သောင်းခွဲခန့် ထွက်ရှိကြောင်း၊ တစ်စည်းလျှင် ငွေကျပ် ၂၀၀ မှ ၃၀၀အထိ ရရှိပြီး ငွေကျပ် တစ်သိန်းခွဲခန့်ရင်းလျှင် တစ်လလျှင် လေးသိန်းခန့်ရရှိကြောင်း၊ ထွက်ရှိသော ထိုင်ဝမ်ကန်စွန်းစည်းများကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ ခူးပြီးချိန်မှစ၍ ရက်ပေါင်း၂၀ ကြာလျှင် ထပ်မံခူးရပြီး တစ်နှစ်ပတ်လုံး တစ်နိုင်တစ်ပိုင် လုပ်ကိုင်နိုင်သောကြောင့် ထိုင်ဝမ် ကန်စွန်းစိုက်ပျိုးသူများ စီးပွားရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

## မြေအောက်ရေဖြင့် နွေစပါးအစားထိုး နွေနှမ်းများစိုက်ပျိုး

**ဒီပဲယင်း မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် သဖန်းဆိပ်ဆည်ရေနည်းပါးမှုကြောင့် နွေစပါးစိုက်ပျိုးရေ ပေးဝေမှုမရှိသဖြင့် နွေစပါးအစားနွေနှမ်းများကို မြေအောက်ရေဖြင့် စိုက်ပျိုးထားကြောင်း သိရသည်။

တောင်သူများအနေဖြင့် နွေနှမ်းစိုက်ပျိုးခြင်းသည် နွေစပါးတစ်ဧကစိုက်ပျိုးကုန်ကျမှုထက် နွေနှမ်းစိုက်ပျိုးကုန်ကျစရိတ်သည် တစ်ဝက်သက်သာပြီး ရာသီဥတုနှင့် အဆင်ပြေကိုက်ညီမှုရှိပါက တစ်ဧကလျှင် အထွက်နှုန်း ၁၀ တင်းနှင့် ၁၂ တင်းကြား ထွက်ရှိမည်ဖြစ်ကြောင်း၊ နှမ်းနက် တစ်တင်း လျှင် ငွေကျပ် ခုနစ်သောင်းဝန်းကျင်ရှိသောကြောင့် စီးပွားရေးတွက်ခြေကိုက်ကြောင်း ခွန်တောင်းကျေးရွာမှ နှမ်းစိုက်တောင်သူ ဦးသာဌေးထံမှ သိရသည်။

ဒီပဲယင်းမြို့နယ်သည် ၂၀၁၉ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စပါးပင်များ အနှံထွက်ချိန် ဖြုတ်ညိုပိုးများ ကျရောက်ခဲ့၍ စပါးအထွက်နှုန်း သိသိသာသာလျော့ကျကာ တောင်သူများအရှုံးပေါ်ခဲ့သည်။ သို့သော် တောင်သူများအနေဖြင့် ယခုနှစ်နွေနှမ်းစိုက်ပျိုးခြင်းဖြင့် စီပွားရေး အဆင်ပြေမှုများ ရှိလာနိုင်ကြောင်း သိရသည်။

**သိန်းထွန်း(ဒီပဲယင်း)**





## ပုသိမ်မြို့တွင် စပါးနှင့် ဆန်အရောင်းအဝယ် အနည်းငယ်လျော့နည်း

**ပုသိမ် မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အဓိက ဆန်အိုးကြီးတစ်ခုဟု တင်စားခေါ်ဝေါ်ကြပြီး ဆန်စပါးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ကြသူလည်း များပြားသည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်မှစ၍ စပါးနှင့်ဆန်စက်လုပ်ငန်း လုပ်ကိုင်နေသူများအနေဖြင့် စပါးနှင့် ဆန်ရောင်းဝယ်မှုမှာ သင်္ကြန်မတိုင်မီကာလတွင် ရောင်းဝယ်မှုအားကောင်းပြီး သင်္ကြန်ပြီးကာလမှစ၍ အရောင်းအဝယ်အားနည်းကာ ဈေးနှုန်းများလည်း ကျဆင်းကြောင်း သိရသည်။

ပုသိမ်မြို့ အမှတ်(၁) ရပ်ကွက် ကမ်းနားလမ်းရှိ စိန်သရဖူ ဆန်စက်ပိုင်ရှင် ဦးစံအောင်က "သင်္ကြန်မတိုင်မီက စပါးနဲ့ဆန် အရောင်းအဝယ်ကောင်းပြီး သင်္ကြန်ပြီးကာလမှာ အရောင်းအဝယ် အတော်အေးသလို ဈေးနှုန်းတွေလည်း ကျဆင်းသွားတယ်။ သင်္ကြန်မတိုင်မီကာလမှာ ကိုဗစ်-၁၉ ရောဂါကြောင့် စိုးရိမ်တကြီးဖြစ်ပြီး ဝယ်ယူစုဆောင်းတာတွေကြောင့်လို့ ထင်ပါတယ်"ဟု ပြောသည်။

ပုသိမ်မြို့ အမှတ်(၁) ရပ်ကွက် ကမ်းနားလမ်းရှိ ဦးချိုဆန်စက်ပိုင်ရှင် ဦးမျိုးဝေက "သင်္ကြန်ပြီးကာလ အရောင်းအဝယ်အေးတာက အစိုးရအဖွဲ့တွေနဲ့ အလှူရှင်တွေက အခြေခံလူတန်းစားတွေကို ဆန်နဲ့ စားသောက်ကုန်တွေ လှူဒါန်းတာလည်း တစ်ခုပါဝင်ပါတယ်။ ဧပြီ ၃၀ ရက်က မြို့နယ်က စက်ရုံစစ်ဆေးရေးအဖွဲ့တွေ စစ်ဆေးခဲ့ပြီးနောက် ဖွင့်လှစ်ခွင့်ရလို့ အလုပ်သမား ၇၀ ခန့်နဲ့ လည်ပတ်လျက်ရှိပါတယ်"ဟု ပြောသည်။

ဆန်စက်လုပ်ငန်းရှင်များ အနေဖြင့် ရန်ကုန်၊ မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်များသို့ဆန်အများဆုံး တင်ပို့လျက်ရှိပြီး ယခုလက်ရှိ ဆန်တစ်အိတ်လျှင် ပုသိမ်ဧရာဝတီ ပေါ်ဆန်းမွှေး ကျပ်၄၀၀၀၀၊ ပုသိမ်ပေါ်ဆန်းရင်ကျပ် ၃၆၀၀၀၊ သီးထပ်ရင်ကျပ် ၂၃၀၀၀၊ မနောသုခ ကျပ်၂၈၀၀၀၊ ရက် ၉၀ ဆန် ကျပ် ၂၄၅၀၀၀ ဖြစ်ကြောင်း သိရသည်။

**ကိုတွတ် (ပြန်/ဆက်)**

## ဖာပွန်ဖြို့နယ် ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံတွင် ကော်ဖီနှင့် အခြားပျိုးပင်ပေါင်း ခြောက်သောင်းကျော် ပျိုးထောင်ထားရှိ

**ဖဖဲ မေ ၁၀**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ ရာသီသီးနှံဌာနခွဲ ကော်ဖီနည်းပညာ ဖွံ့ဖြိုးရေးခြံသည် တောင်ပေါ်ဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးရေးတို့အတွက် ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် သစ်ပင်များစိုက်ပျိုးရန်အတွက် ကော်ဖီခြံ ပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်း ခြောက်သောင်းကျော် ပျိုးထောင်ထားရှိကြောင်း သိရသည်။

အဆိုပါပျိုးဥယျာဉ်တွင် ကော်ဖီပင် ၃၀၀၀၀၊ မျောက်ငိုပင် ၃၀၀၀၀၊ ထောပတ်ပင်၅၀၀၀ နှင့် အရိပ်ရခါတော်မီပင် ၂၀၀၀ စုစုပေါင်း ၆၇၀၀၀ ကို ပျိုးထောင်ထားရှိပြီး တောင်ပေါ်ဒေသ တောင်သူများ မိုးအမီစိုက်ပျိုးနိုင်ရေး ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း ကော်ဖီခြံတာဝန်ခံထံမှ သိရသည်။

**မယု(ငဖဲ)**



## မူဒုံမြို့နယ်တွင် ကြက်မောက်သီးများအထွက်ကောင်းသော်လည်း ဝယ်လိုအားကျဆင်း

**မုဒုံ မေ ၁၀**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ရာသီပေါ်သီးနှံ ကြက်မောက်သီးများ အထွက်ကောင်းသော်လည်း ကမ္ဘာ့ကူးစက်မြန်ကပ်ရောဂါ ကိုဗစ်-၁၉ကြောင့် အများပြည်သူများ ခရီးသွားလာမှုနည်းပါးခြင်း၊ နွေရာသီဘုရားဖူးသွားလာမှုမရှိခြင်း တို့ကြောင့် ဝယ်လိုအားကျဆင်းလျက်ရှိသည်။

မုဒုံမြို့နယ်တွင် စိုက်ပျိုးရေခြံများနှင့် ကျေးရွာအချို့တွင် ကြက်မောက်သီးများကို စီးပွားဖြစ်စိုက်ပျိုးကြရာ မြေဩဇာကောင်းသဖြင့် သဘာဝအတိုင်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသော နှစ်ရှည်သီးနှံပင်ဖြစ်ကြောင်း သိရသည်။

အဆိုပါကြက်မောက်သီးများကို လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ ကျေးရွာချင်းဆက်လမ်းများရှိလာခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများသီးနှံထုတ်ကုန်များကို အဆက်မပြတ်တင်ပို့ရောင်းချရာ စီးပွားဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

သို့သော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ရောဂါကြောင့် ခရီးသွားပြည်သူများ နည်းပါးခြင်း၊ ဘုရားဖူးယာဉ်များ သွားလာမှုမရှိခြင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့်အခြားမြို့နယ်များမှ တစ်ဆင့်ခံလာရောက်ဝယ်ယူသူများမရှိခြင်း တို့ကြောင့် ဒေသခံသီးနှံကုန်သည်များ အခက်အခဲကြုံတွေ့လျက်ရှိသည်။

ထိုသို့ ကြက်မောက်သီးများဝယ်လိုအားကျဆင်းနေသော်လည်းဈေးနှုန်းမှာအမျိုးအစားအလိုက် တစ်လုံးကို ကျပ်ငါးဆယ်မှ ကျပ်တစ်ရာ့ငါးဆယ်အထိရှိပြီး အလုံးတစ်ရာကို ကျပ်တစ်သောင်းငါးထောင်ဖြင့် ယခင်နှစ်များကကဲ့သို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

**အောင်မျိုးသူ(မုဒုံ)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် မီးဘေးသင့် အိမ်ထောင်စုများအား ဆန်နှင့် အလှူငွေများ ထောက်ပံ့



**ရွှေဘို မေ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဘုန်းဘွဲ့ကျေးရွာရှိ မီးဘေးသင့် အိမ်ထောင်စုများအား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ယနေ့ နံနက် ၁၁ နာရီက ဆန်နှင့် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့မှုနှင့်ပတ်သက်၍ မေ ၉ ရက်က ဘုန်းဘွဲ့ကျေးရွာရှိ ဦးအောင်မြင့်ကျော်၏ နေအိမ် မီးဖိုမီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းခဲ့ရာ နေအိမ်နှစ်လုံး မီးလောင်ခဲ့ပြီး အိမ်ထောင်စုသုံးစု မီးဘေးသင့်ကာ ဦးအောင်မြင့်ကျော်မှာ မီးလောင်သေဆုံးခဲ့သည်။

အဆိုပါ မီးဘေးသင့် အိမ်ထောင်စု သုံးခုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကသွားရောက်အားပေးစကားပြောကြားခဲ့ပြီး မီးဘေးသင့် အိမ်ထောင်စု တစ်စုကို ဆန်တစ်အိတ်နှင့် အလှူငွေကျပ် တစ်သိန်းစီ ထောက်ပံ့ခဲ့ပြီး မီးလောင်သေဆုံးခဲ့သည့် ဦးအောင်မြင့်ကျော် နာရေးအတွက် အလှူငွေကျပ်နှစ်သိန်းတို့ကို ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ထွန်းမြင့်အောင်(ရွှေဘို)**

# အခြေခံစားသောက်ကုန်များအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**နေပြည်တော် မေ ၁၀**
ကိုဗစ် -၁၉ ကူးစက်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပြည်သူများ အလွယ်တကူ ဝယ်ယူစားသုံးနိုင်ရန် ပျဉ်းမနားမြို့နယ် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့တွင် သမဝါယမ အသင်းဆိုင် ခုနစ်ဆိုင်ဖွင့်လှစ်၍ အခြေခံစားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ ထပ်မံ၍ တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ၊ တောင်ပို့သာနှင့်ကျားသေအိုင်ကျေးရွာတို့ရှိ သမဝါယမအသင်း ဆိုင်များတွင် ပြည်သူများအလွယ်တကူဝယ်ယူရရှိနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နှင့် ကြက်ဥများ၊ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးသုံး ပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း၊ လက်ဆေးဆပ်ပြာရည်၊ လက်ဆေးရည်များကို အသင်းအမှုဆောင်များက စီစဉ်ရောင်းချပေးလျက်ရှိသည်။ ထိုသို့ ရောင်းချနေမှုကို နေပြည်တော် သမဝါယမဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး၊ မြို့နယ်ဦးစီးအရာရှိနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က သွားရောက်ကြည့်ရှုခဲ့ကြပြီး ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး ရောင်းသူနှင့် ဝယ်သူတို့အကြား ရောဂါကူးစက်မှု မရှိစေရေး ကြီးကြပ်ခဲ့သည်။



ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းမှာ ကုန်ဈေးနှုန်း ကြီးမြင့်မှုမရှိစေရေးအတွက် ညှိနှိုင်းထိန်းသိမ်းရန် ရည်ရွယ်၍ သမဝါယမအသင်းများကလည်း ရောင်းချပေးနေခြင်းဖြစ်သည်။ ယနေ့အထိ နေပြည်တော်ကောင်စီနယ်မြေအတွင်း သမဝါယမအသင်းဆိုင် ၁၀ ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ကျန်မြို့နယ်များတွင်လည်း ရောင်းချပေးနိုင်ရေးစီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**

# ကသာမြို့နယ် စာရေးဆရာအသင်းအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ပွဲအတွက် ကြိုတင်ညှိနှိုင်းစည်းဝေး

**ကသာ မေ ၁၀**
ကသာမြို့နယ် စာရေးဆရာအသင်းအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ပွဲအတွက် ကြိုတင် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ကသာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ နာယကဆရာ ဦးချစ်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဦးမောင်လေးက တတိယသက်တမ်း အကြိုညှိနှိုင်းခြင်းနှင့် စာပေညီလာခံကိုယ်စားလှယ်ရွေးချယ်တင်မြှောက်ခြင်းအတွက် ဆွေးနွေးကာ အတွင်းရေးမှူး ဦးစမ်းဦးက အသင်းဝင်များ၏ လှုပ်ရှားမှုနှင့် ရန်ပုံငွေကိစ္စများ ဆွေးနွေးတင်ပြသည်။

အခမ်းအနားသို့ ကသာမြို့နယ်စာရေးဆရာအသင်းဝင် ၁၅ ဦး တက်ရောက်ကြပြီး အသင်းဝင်ရွေးချယ်တင်မြှောက်ပွဲကို ဇွန် ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးမြသက်ထား**



# နေရပ်ပြန် ပြည်သူများအား ပြင်ဦးလွင်ဘူတာရုံတွင် စားသောက်ဖွယ်ရာများ လှူဒါန်း

**ပြင်ဦးလွင် မေ ၁၀**
ရှမ်းပြည်(မြောက်ပိုင်း)နှင့် တရုတ်နိုင်ငံဒေသအသီးသီးသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြပြီး နေရပ်အသီးသီးသို့ပြန်ကြမည့် နေရပ်ပြန်ပြည်သူများသည် လားရှိုး - မန္တလေး အထူးရထားဖြင့် လိုက်ပါလာကြပြီး ပြင်ဦးလွင်ဘူတာတွင် ခေတ္တရပ်နားရာ ယနေ့တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက သွားရောက်တွေ့ဆုံ၍အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာ၊ ရေနှင့်ကြက်ဥပြုတ်တို့အား လှူဒါန်းခဲ့ကြောင်း သိရသည်။

ယနေ့ မီးရထားဖြင့်လိုက်ပါလာသည့် နေရပ်ပြန်ပြည်သူ ၃၉၇ ဦး ဖြစ်ပြီး အမျိုးသား ၃၂၄ ဦးနှင့် အမျိုးသမီး ၇၃ ဦးတို့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းဒေသကြီး ခြောက်ခုနှင့် ရခိုင်ပြည်နယ် စသည်တို့သို့ပြန်ကြမည့်သူများ ဖြစ်ကြောင်း သိရသည်။

ယခု ဖြစ်ပေါ်နေသော ကိုဗစ် -၁၉ ကူးစက်မြန်ရောဂါကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် တရုတ်နိုင်ငံဒေသအသီးသီးသို့သွားရောက်အလုပ်လုပ်ကိုင်နေသူများအား ဧပြီ ၂၆ ရက်မှစ၍ မိမိနေရပ်များသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်စေလွှတ်ခဲ့ပြီး မေ ၆ ရက်မှစ၍ မီးရထားဖြင့် လားရှိုးမှ မန္တလေးသို့ ပို့ဆောင်ပေးခဲ့ရာ ယနေ့အထိ စုစုပေါင်း ၉၁၃၈ ဦးရှိပြီဖြစ်ကြောင်းသိရသည်။

**မြတ်ဆုမွန်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၁၀**
ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားလာပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်ပါက အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။

(၂) ပူပြင်းသည့် နေရောင်အောက်တွင် ပင်ပန်းစွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့် နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ။

(၄) အလင်းပြန်သော အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။

(၅) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

(၈) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၉) အပူဒဏ်အန္တရာယ်ခံစားရသော လူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင် ထားရှိခြင်း၊ ရေနှင့် ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**
**(၂၂.၄.၂၀၂၀)**

# တောင်ကိုရီးယားနိုင်ငံကို ဒစ်ဂျစ်တယ်အင်အားကြီးနိုင်ငံအဖြစ် ပြောင်းလဲမည်ဟု သမ္မတ မွန်ဂျေအင်း ကတိပြု

**ဆိုးလ် မေ ၁၀**

တောင်ကိုရီးယားနိုင်ငံက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်ဖြစ်ပွားသည့် စီးပွားရေးအကျပ်အတည်းအား ကျော်လွှားကာ ဒစ်ဂျစ်တယ်အင်အားကြီးနိုင်ငံတစ်ခုအဖြစ် ပြောင်းလဲမည်ဟု သမ္မတမွန်ဂျေအင်းက ကတိပြုလိုက်သည်။

**လုပ်ငန်းသစ်သုံးမျိုး**

ယနေ့ကျင်းပသည့် အစိုးရအဖွဲ့ တတိယနှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား၌ ပြည်သူများသို့ ပြောကြားသည့် အထူးမိန့်ခွန်းတစ်ခုအတွင်း မွန်ဂျေအင်းက တောင်ကိုရီးယားနိုင်ငံကို ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ရှေ့ဆောင်စီးပွားရေးနိုင်ငံတစ်ခုအဖြစ် တည်ဆောက်ရန် ကတိပြုခဲ့သည်။ ကျန်ရှိသော အစိုးရသက်တမ်းအတွက် အကျပ်အတည်းကို အခွင့်အလမ်းတစ်ခုအဖြစ်ပြောင်းလဲရန် အစွမ်းကုန်ကြိုးပမ်းမည်ဖြစ်ကြောင်း၊ တစ်ပိုင်းလျှပ်ကူး၊ ဇီဝနည်းပညာနှင့် အနာဂတ်ကားများ ထုတ်လုပ်ရေးဆိုသော လုပ်ငန်းသစ်သုံးမျိုးကို တက်တက်ကြွကြွအားပေးမည်ဟု မွန်ဂျေအင်းက ပြောသည်။

တောင်ကိုရီးယားနိုင်ငံက ကမ္ဘာ့ပေါ်တွင် အဆင့်မြင့်နည်းပညာလုပ်ငန်းများရှိရာ နိုင်ငံတစ်ခုဖြစ်လာစေမည့် ပြည်ပမှ အဆင့်မြင့်နည်းပညာလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန်နှင့် ပြည်ပမှပြန်လာသည့် ပြည်တွင်းကုမ္ပဏီများကို ကူညီရန် မဟာဗျူဟာများ ချမှတ်မည်ဟု ၎င်းက ဆိုသည်။

ထို့အပြင် သမ္မတ မွန်ဂျေအင်းက ကိုရီးယားပုံစံ သဘောတူညီချက်သစ်နှင့်ပတ်သက်သော ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့ပြီး အဆိုပါအမျိုးသားစီမံချက်အရ အစိုးရက ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံများတည်ထောင်ခြင်း၊ စက်မှုလုပ်ငန်းများကို အားပေးခြင်းဖြင့် အလုပ်အကိုင်နေရာများ ဖန်တီးရမည်ဖြစ်သည်။

**ကိုးကား-ကေဘီအက်စ်**

**ဘာသာပြန်-ကျော်ထိုက်စိုး**



တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်း



DR. HAHN

အစားအစာနှင့် ဆေးဝါးကွပ်ကဲမှု ဌာနအကြီးအကဲ စတီဗင်ဟန်း





အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန ညွှန်ကြားရေးမှူး ရောဘတ်ရက်စ်ဖီး

# ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ရေးတာဝန်ရှိသူများ ရောဂါကန့်သတ်စောင့်ကြည့်ခြင်းခံယူ

**ဝါရှင်တန် မေ ၁၀**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့် အိမ်ဖြူတော်ဝန်ထမ်းတစ်ဦးနှင့် ထိတွေ့အလုပ်လုပ်ကိုင်ခဲ့ပြီးနောက် ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ရေးကို တာဝန်ယူဆောင်ရွက်နေသော လုပ်ငန်းအဖွဲ့အကြီးအကဲများသည် မိမိတို့ကိုယ်တိုင် ရောဂါကန့်သတ်စောင့်ကြည့်ခြင်းခံယူနေသည်။

**သီတင်းနှစ်ပတ်ကြာစောင့်ကြည့်မည်**

အမေရိကန်မီဒီယာများ၏ ပြောကြားချက်အရ အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနမှ ညွှန်ကြားရေးမှူး ရောဘတ်ရက်စ်ဖီး၊ အစားအစာနှင့် ဆေးဝါးကွပ်ကဲမှုဌာနအကြီးအကဲ စတီဗင်ဟန်းတို့အနေဖြင့် မိမိတို့တွင်ရောဂါ ရှိ၊ မရှိ သီတင်းနှစ်ပတ်ကြာ ရောဂါကန့်သတ်စောင့်ကြည့်ခြင်းကို ခံယူမည်ဖြစ်သည်။ ထို့အပြင် အမေရိကန်ကူးစက်ရောဂါတက္ကသိုလ်မှ အကြီးအကဲ အန်တိုနီဖော်စီသည် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးအတွက် သူ၏နေအိမ်မှနေ၍ လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဟု သိရသည်။ အစိုးရအနေဖြင့် ပြည်သူများအား နှာခေါင်းစည်းများကို ဝတ်ဆင်ထားကြရန်နှင့် လူ ၁၀ ဦးထက်ပိုမိုသော လူစုလူဝေးပြုလုပ်ခြင်းများကို ရှောင်ကြဉ်ရန် ညွှန်ကြားခဲ့သည်။ သို့သော် တာဝန်ရှိသူများအနေဖြင့် နှာခေါင်းစည်း မဝတ်ဆင်ဘဲ အစည်းအဝေးများကျင်းပနေသည်ကို တွေ့ရသည်။ ဒုတိယသမ္မတ မိုက်ပန့်စ်၏ သတင်းပြန်ကြားရေးတာဝန်ရှိသူတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**

# အီရန်နိုင်ငံက ကိုဗစ်-၁၉ လူနာများအတွက် ပြည်တွင်းဖြစ် အသက်ရှူအထောက်အကူပြုကိရိယာများ ထုတ်လုပ်

**တီဟီရန် မေ ၁၀**

ကိုရိုနာဗိုင်းရပ်စ် လူနာများအတွက် အသုံးပြုရန် ပထမဆုံးသော ပြည်တွင်းဖြစ် အသက်ရှူအထောက်အကူပြုကိရိယာများကို အီရန်နိုင်ငံက ထုတ်ဖော်ပြလိုက်ပြီဟု သိရသည်။

အီရန်ကုမ္ပဏီတစ်ခုဖြစ်သည့် Pooyandegan-e Raahe Saadat က ကျန်းမာရေးဆိုင်ရာကိရိယာများ တင်သွင်းမှုအတွက် အီရန်နိုင်ငံအပေါ် အမေရိကန်နိုင်ငံ၏ ကန့်သတ်ချက်များပြုလုပ်ထားစဉ် အသက်ရှူအထောက်အကူပြုကိရိယာများ ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများအရ သိရသည်။ အီရန်နိုင်ငံရှိ ဆေးရုံများက ကိုဗစ်-၁၉ ရောဂါ ကုသပေးရန် ယခင်က ပြည်ပမှတင်သွင်းလာသည့် အသက်ရှူအထောက်အကူပြုကိရိယာများကို မှီခိုခဲ့ရသည်။ သို့သော်လည်း စက်တင်ဘာလအတွင်း ကိုရိုနာဗိုင်းရပ်စ် အဆိုးရွားဆုံးဖြစ်ပွားလျှင် အီရန်နိုင်ငံတွင် အသက်ရှူအထောက်အကူပြုကိရိယာများ ပြတ်လပ်သွားဖွယ်ရှိသည်ဟု သိရသည်။

အသက်ရှူအထောက်အကူပြုကိရိယာ ပြတ်လပ်မှုကို ဖြေရှင်းရန် အစွမ်းကုန်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းဖြစ် အသက်ရှူအထောက်အကူပြုကိရိယာများက ပြည်ပကုမ္ပဏီများထုတ်လုပ်သည့် အသက်ရှူအထောက်အကူပြုကိရိယာများကဲ့သို့ အရည်အသွေးကောင်းမွန်ကြောင်း Pooyandegan-e Raahe Saadat ကုမ္ပဏီက ပြောသည်။ အတည်ပြုကူးစက်လူနာ ၁၀၀၀၀၀ ကျော်နှင့် သေဆုံးသူ ၆၅၀၀ ကျော်ကြောင့် အီရန်နိုင်ငံမှာ အရှေ့အလယ်ပိုင်းဒေသတွင် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဒဏ် အဆိုးရွားဆုံးခံရသည့် တိုင်းပြည်တစ်ခုဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ကျော်ထိုက်စိုး**



# မော်လ်ဒိုက်နိုင်ငံတွင် ပိတ်မိနေသည့် အိန္ဒိယနိုင်ငံသားများကို ပြန်ခေါ်လာသည့် စစ်သင်္ဘော အိန္ဒိယသို့ ရောက်ရှိ

**ကိုချီ မေ ၁၀**

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှု ထိန်းချုပ်ရန် ချမှတ်ထားသည့် အသွားအလာတားမြစ်ကန့်သတ်မှုများကြောင့် အခြားနိုင်ငံများတွင် သောင်တင်နေသည့် အိန္ဒိယနိုင်ငံသား အမြောက်အမြားကို နိုင်ငံအတွင်းသို့ ပြန်လည်ခေါ်ယူသည့် ကြီးမားသောအားထုတ်မှု တစ်စိတ်တစ်ဒေသအဖြစ် မော်လ်ဒိုက်နိုင်ငံတွင် ပိတ်မိနေသည့် အိန္ဒိယနိုင်ငံသားများအား သယ်ဆောင်လာသည့် စစ်သင်္ဘောသည် အိန္ဒိယသို့ ယနေ့ရောက်ရှိလာသည်။

**အိမ်မပြန်နိုင်ဖြစ်ခဲ့**

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် အိန္ဒိယနိုင်ငံက နိုင်ငံအတွင်းသို့ဝင်လာမည့် နိုင်ငံတကာလေယာဉ်ခရီးစဉ်များအားလုံးကို မတ်လနှောင်းပိုင်းက တားမြစ်ခဲ့ပြီးနောက် အလုပ်သမားများနှင့် ကျောင်းသားများသည် အိမ်မပြန်နိုင် ဖြစ်ခဲ့သည်။

မော်လ်ဒိုက်နိုင်ငံ၏မြို့တော် မေးလ်မြို့မှ ထွက်ခွာလာသည့် အိန္ဒိယနိုင်ငံသား ၆၉၈ ဦးကို တင်ဆောင်လာသည့် အိုင်အန်အက်စ်ဂျာလာရှဝါ စစ်သင်္ဘောသည် အိန္ဒိယနိုင်ငံ အနောက်တောင်ဘက်ကမ်းခြေရှိ ကိုချင်ဆိပ်ကမ်းသို့ ယနေ့နံနက်က ဆိုက်ရောက်လာသည်။ လန်ဒန်မြို့တွင် ပိတ်မိနေသည့် အိန္ဒိယနိုင်ငံသား ၃၂၆ ဦး မွမ်ဘိုင်းမြို့ရှိ နိုင်ငံတကာလေဆိပ်သို့ ယနေ့စောစောပိုင်းက ရောက်ရှိလာပြီးနောက် ၎င်းစစ်သင်္ဘောရောက်ရှိလာခြင်းဖြစ်သည်။

အခြားစစ်သင်္ဘောတစ်စင်းဖြစ်သည့် အိုင်အန်အက်စ်မာဂါသည်လည်း ကျန်ရှိနေသည့် အိန္ဒိယနိုင်ငံသားများကို ပြန်လည်ခေါ်ယူရန်အတွက် မော်လ်ဒိုက်နိုင်ငံ မေးလ်မြို့သို့ ယနေ့ဆိုက်ရောက်မည်ဟု မျှော်လင့်ရသည်။ မော်လ်ဒိုက်နိုင်ငံတွင် နေထိုင်သည့် အိန္ဒိယနိုင်ငံသား ၂၇၀၀၀ အနက် ၄၀၀၀ သည် အိန္ဒိယနိုင်ငံသို့ ပြန်ရန် စာရင်းပေးထားကြသည်။ အိန္ဒိယရေတပ်၏ ကြိုးစားအားထုတ်မှုသည် နိုင်ငံ ၁၂ နိုင်ငံတွင် သောင်တင်နေသည့် အိန္ဒိယနိုင်ငံသား ၁၅၀၀၀ နီးပါးကို ပြန်လည်ခေါ်ယူရေး ကနဦးလုပ်ငန်း၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

ဥရောပနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် သောင်တင်နေသည့် အိန္ဒိယနိုင်ငံသားများကို ပြန်လည်ခေါ်ယူရန်အတွက် ပြန်လည်ခေါ်ယူရေးလုပ်ငန်းစဉ်ကို လာမည့်ရက်သတ္တပတ်အတွင်း တိုးချဲ့ဆောင်ရွက်မည်ဟု မျှော်လင့်ရကြောင်း ဒေသန္တရမီဒီယာများက ဖော်ပြသည်။

**ပြန်လည်ခေါ်ဆောင်**

ကြာသပတေးနေ့က အာရပ်စော်ဘွားများ ပြည်ထောင်စုရှိ ဒူဘိုင်းနှင့် အဘူဒါဘီမှ အိန္ဒိယနိုင်ငံသား ၃၅၄ ဦးကို လေယာဉ်နှစ်စင်းဖြင့် အိန္ဒိယနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်လာခဲ့သည်။ ထို့နောက် ၎င်းတို့ကို အသွားအလာကန့်သတ်စောင့်ကြည့်ရာ နေရာများသို့ အာဏာပိုင်များက ပို့ဆောင်ခဲ့သည်။ ပြည်ပမှ ပြန်လာသူနှစ်ဦးတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည်ကို စမ်းသပ်တွေ့ရှိခဲ့ကြောင်း ကီရာလာ ပြည်နယ်ဝန်ကြီးချုပ် ပီနာရာယီဗီဂျာယန်က စနေနေ့နှောင်းပိုင်းတွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၆၂၉၃၉ ဦးရှိပြီး သေဆုံးသူပေါင်း ၂၁၀၉ ဦးရှိကြောင်း၊ ပြီးခဲ့သည့်ရက်များအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် မြင့်တက်ခဲ့ကြောင်း အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-အောင်ဇော်လင်း**

# အသွားအလာကန့်သတ်မှု ထိန်းချုပ်ရေးအမိန့်ကို နောက်ထပ်တစ်လ သက်တမ်းတိုးမည်ဟု မလေးရှားဝန်ကြီးချုပ် မူယက်ဒင်ယာဆင် ပြော

**ကွာလာလမ်ပူ မေ ၁၀**

မလေးရှားနိုင်ငံ၏ အသွားအလာကန့်သတ်မှုထိန်းချုပ်ရေးအမိန့်(MCO)ကိုဇွန်၉ရက်အထိနောက်ထပ်တစ်လသက်တမ်းတိုးမည်ဖြစ်ရာ မတ် ၁၈ ရက်တွင် အဆိုပါ အမိန့်ပြဋ္ဌာန်းပြီးနောက်ပိုင်း စတုတ္ထအကြိမ် သက်တမ်းတိုးမှုဖြစ်လာမည်ဟု ဝန်ကြီးချုပ် မူယက်ဒင်ယာဆင်က ပြောကြားသည်။

**အပြည့်အဝ မအောင်မြင်**

မလေးရှားနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးတွင် အပြုသဘောဆောင်သော တိုးတက်မှုများ ရရှိခဲ့သော်လည်း ကြိုးပမ်းမှုများ အပြည့်အဝ မအောင်မြင်ခဲ့ကြောင်း ယနေ့အထူးမိန့်ခွန်းတစ်ခုအတွင်း ဝန်ကြီးချုပ်မူယက်ဒင်ယာဆင်က ပြောကြားသည်။ အသွားအလာကန့်သတ်မှုထိန်းချုပ်ရေးအမိန့် (MCO) မှာ မေ ၁၂ ရက်တွင် သက်တမ်းကုန်မည်ဖြစ်သည်။

"ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရာမှာ လိုအပ်တဲ့ လုပ်ငန်းတွေ အစိုးရက ဆက်လက်ဆောင်ရွက်တာကို ပြည်သူတွေ အလိုရှိတယ်ဆိုတာ ကျွန်တော်သဘောပေါက်ပါတယ်"ဟု ၎င်းက ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် အမျိုးသားလုံခြုံရေးကောင်စီ၏ အကြံပြုချက်အရ အသွားအလာကန့်သတ်မှုထိန်းချုပ်ရေး အမိန့်(MCO)ကို ဇွန် ၉ ရက်အထိ သက်တမ်းတိုးသည်ဟု ကြေညာချင်ပါကြောင်း ယာဆင်က ဆိုသည်။ အဆိုပါအမိန့်အရ မရှိမဖြစ် စီးပွားရေးလုပ်ငန်းများနှင့် စာသင်ကျောင်းများကို ပိတ်ထားခဲ့ပြီး ပြည်တွင်း၊ ပြည်ပခရီးသွားလာမှုကို တားမြစ်ထားသည်။ ထိုကန့်သတ်ချက်များကြောင့် မလေးရှားနိုင်ငံတွင် ဧပြီလ လယ်မှစ၍ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအရေအတွက် လျော့နည်းလာခဲ့သည်။ ယမန် နေ့အထိ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၅၈၉ ဦးနှင့် သေဆုံးသူ ၁၀၈ ဦးရှိကာ လူနာများ၏ ၇၅ ရာခိုင်နှုန်းမှာ ပြန်လည်သက်သာလာခဲ့သည်။

စီးပွားရေး အကျိုးသက်ရောက်မှုလျော့နည်းစေရန် မလေးရှားအစိုးရက အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ တန်ကြေးရှိ စီးပွားရေးကယ်ဆယ်မှုအစီအစဉ်သုံးခု ဆောင်ရွက်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် စုစုပေါင်းဆုံးရှုံးနစ်နာမှုမှာ ခန့်မှန်းခြေရင်းဂစ် ၆၃ ဘီလီယံခန့် ရှိခဲ့ကြောင်း ဝန်ကြီးချုပ် မူယက်ဒင်ယာဆင်က အလုပ်သမားနေ့ မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**



မလေးရှားဝန်ကြီးချုပ်
မူယက်ဒင်ယာဆင်

# ကယ်လီဖိုးနီးယားပြည်နယ်၌ ဆန္ဒမဲများကို မေးလ်မှတစ်ဆင့် ပေးနိုင်မည်ဖြစ်

**ဝါရှင်တန် မေ ၁၀**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ နိုဝင်ဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ဆန္ဒမဲများကို မေးလ်မှတစ်ဆင့်ပေးရန် အာဏာပိုင်များက ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ကယ်လီဖိုးနီးယား ပြည်နယ်အတွင်း ကိုရိုနာဗိုင်းရပ်စ် ကာကွယ်တားဆီးရန်အတွက် ပြည်သူများအနေဖြင့် ဆန္ဒမဲများကို နေအိမ်များမှတစ်ဆင့် အန္တရာယ်ကင်းစွာ မေးလ်ဖြင့် ပေးနိုင်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂါဗင်နျူဆန်က မေ ၉ ရက်တွင် တရားဝင်အမိန့်စာတစ်ရပ် ထုတ်ပြန်ခဲ့သည်။

ပြည်နယ်အတွင်းရှိ သန်း၂၀ ခန့်ရှိသော မဲဆန္ဒရှင်ပြည်သူများသည် မဲရုံများသို့ လာရောက်ပြီး သို့မဟုတ် မိမိနေအိမ်များမှနေ၍ မေးလ်မှတစ်ဆင့် ဆန္ဒမဲများပေးနိုင်မည်ဖြစ်သည်။



ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂါဗင်နျူဆန်

ရွေးကောက်ပွဲများကျင်းပခြင်းနှင့် မဲပေးသည့် အခွင့်အရေးရရှိခြင်းတို့သည် ကျွန်တော်တို့ ဒီမိုကရေစီနိုင်ငံ၏ အခြေခံအုတ်မြစ်များပင်ဖြစ်သည်ဟု အုပ်ချုပ်ရေးမှူး နျူဆန်က ဆိုသည်။

ထို့ပြင် ပြည်သူများအနေဖြင့် ဆန္ဒမဲပေးခြင်းကြောင့် ကျန်းမာရေးထိခိုက်သွားနိုင်သည့် အခြေအနေမျိုးကိုလည်း မဖြစ်စေလိုကြောင်း နျူဆန်က ဆက်လက်ပြောကြားခဲ့သည်။

ရွေးကောက်ပွဲတွင် မေးလ်မှတစ်ဆင့် ဆန္ဒမဲ ပေးနိုင်သည့် အမိန့်စာတစ်ရပ် ထွက်ပေါ်လာခဲ့ပြီးနောက် မဲထည့်ဝင်သည့်ပြည်သူများ၏ မေးလ်လိပ်စာများသည် အစစ်အမှန်ဖြစ်သလားဆိုသည်နှင့် မဲပေးသူများ၏ ဘာသာစကား လိုအပ်ချက်များကို မည်သို့ စွမ်းဆောင်ပေးမလဲဆိုသည့် မေးခွန်းများ မြင့်တက်လာခဲ့သည်။

ကယ်လီဖိုးနီးယား ပြည်နယ်အပြင် အခြားသောပြည်နယ်များတွင်လည်း ယင်းကဲ့သို့မေးလ်မှတစ်ဆင့် ဆန္ဒမဲများပေးပို့နိုင်သည့် နည်းလမ်းကို ကျင့်သုံးနိုင်ဖွယ်ရှိသည်။ သို့သော် လာမည့် သမ္မတရွေးကောက်ပွဲတွင် ထပ်မံအနိုင်ရရှိရန် ကြိုးပမ်းလျက်ရှိသည့် သမ္မတထရမ့်က ဆန္ဒမဲများကို မေးလ်မှတစ်ဆင့် ပေးခြင်းသည် မဲလိမ်လည်မှုများ ဖြစ်ပေါ်စေနိုင်သည်ဟု မှတ်ချက်ပြုပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ကိုရိုနာဗိုင်းရပ်စ် ဒုတိယလှိုင်းဂယက် ဖြစ်ပေါ်လာနိုင်သည်ကို စိုးရိမ်၍ တောင်ကိုရီးယားနိုင်ငံက အရက်ဆိုင်များနှင့် ကလပ်များကို ပိတ်ရန် အမိန့်ထုတ်

**ဆိုးလ် မေ ၁၀**

ကိုရိုနာဗိုင်းရပ်စ် ဒုတိယလှိုင်းဂယက် ဖြစ်ပေါ်လာနိုင်သည်ဟု စိုးရိမ်ပူပန်မှုဖြစ်ပေါ်စေသည့် အစုလိုက် အပြုံလိုက် ဗိုင်းရပ်စ်ကူးစက်ခံရသည့် လူနာများ ရုတ်တရက် ပေါ်ထွက်လာပြီးနောက် တောင်ကိုရီးယားနိုင်ငံ၏ မြို့တော်ဆိုးလ်မြို့ရှိ ကလပ်များနှင့် အရက်ဆိုင်များအားလုံးကို ပိတ်ရန် မြို့တော်ဝန်က အမိန့်ထုတ်ပြန်ခဲ့သည်။ တောင်ကိုရီးယား သမ္မတ မွန်ဂျေအင်းကလည်း ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်၍ သတိဖြင့် ဆက်လက်နေထိုင်ကြရန် ပြည်သူများကို တိုက်တွန်းခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ရာတွင် တောင်ကိုရီးယားနိုင်ငံကို ကမ္ဘာ့စံပြအဖြစ် နိုင်ငံအများအပြားက သဘောထားခဲ့ကြသည်။ သို့သော်လည်း ဆိုးလ်မြို့၏ အစည်ကားဆုံး ညပွဲလမ်းသဘင်များရှိရာ ခရိုင်များအနက်တစ်ခုဖြစ်သည့် အေတေဝမ်ခရိုင်တွင် လူအုပ်စုလိုက် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှု တွေ့ရှိခဲ့ပြီးနောက် ဆိုးလ်မြို့တော်ဝန်က အရက်ဆိုင်များနှင့် ကလပ်များအားလုံးကို ပိတ်ရန် စနေနေ့က အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရုံးပိတ်ရက်က အေတေဝမ်ခရိုင်ရှိ ကလပ်နှင့် အရက်ဆိုင် ငါးဆိုင်တွင် အချိန်ဖြုန်းခဲ့ပြီးနောက် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရကြောင်း စမ်းသပ်တွေ့ရှိခဲ့သည့် အသက် ၂၉ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် ဆက်နွယ်သည့် ဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေ ယခုအချိန်အထိ ၅၀ ကျော်ရှိသည်။

နမော်နမဲ့နေခြင်းသည် ဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေ တစ်ဟုန်ထိုးတိုးပွားမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း ဆိုးလ်မြို့တော်ဝန် ပါ့ခ် ဝမ်-ဆုန်က ပြောကြားသည်။ အရက်ဆိုင်များ၊ ကလပ်များကို ပိတ်သည့်အမိန့်သည် ကာလအကန့်အသတ်မရှိ အာဏာသက်ရောက်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လူဦးရေ ၁၂ သန်းဝန်းကျင်ရှိသည့် ဆိုးလ်မြို့နှင့် ထိစပ်နေသည့် ဂျန်းဂျီပြည်နယ်ကလည်း ဖျော်ဖြေရေးလုပ်ငန်း ၅၇၀၀ ကျော်ကို ယနေ့မှစ၍ နှစ်ပတ်ကြာ လုပ်ငန်းများ ဆိုင်းငံ့ထားရန် အမိန့်ထုတ်သည်။

အေတေဝမ်ခရိုင်ရှိ ကလပ်နှင့် အရက်ဆိုင် ငါးဆိုင်သို့ သွားရောက်ခဲ့သူဦးရေ ၇၂၀၀ ဝန်းကျင်ရှိနိုင်သဖြင့် ကျန်းမာရေး အာဏာပိုင်များက ဗိုင်းရပ်စ်ကူးစက်မှုများ ထပ်မံ၍ တစ်ရှိန်ထိုးမြင့်တက်နိုင်ကြောင်း သတိပေးသည်။ ယင်းအပြင် ထိုဆိုင်ငါးဆိုင်အနက် တစ်ဆိုင်ဆိုင်သို့ သွားရောက်ခဲ့သူများကိုလည်း ဗိုင်းရပ်စ်စမ်းသပ်စစ်ဆေးမှုခံယူရန် ကျန်းမာရေးအာဏာပိုင်များက မေတ္တာရပ်ခံထားသည်။

တနင်္ဂနွေနေ့က တွေ့ရှိသည့် ဗိုင်းရပ်စ် ကူးစက်ခံရသူ လူနာသစ် ၃၄ ဦးအနက် ၂၄ ဦးသည် အေတေဝမ်ခရိုင်မှ ဗိုင်းရပ်စ်ကူးစက်ခံရသူလူနာ အုပ်စုနှင့် ဆက်နွယ်နေကြောင်း တောင်ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနက ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**




# လစ်ဗျားနိုင်ငံ ထရီပိုလီမြို့ရှိ နိုင်ငံတကာလေဆိပ်တစ်ခု၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

**ထရီပိုလီ မေ ၁၀**

လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီရှိ နိုင်ငံတကာလေယာဉ်ကွင်းတစ်ခု၌ ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ခရီးသည်တင်လေယာဉ်များနှင့် ဂျက်လေယာဉ်လောင်စာဆီကန်များ ပျက်စီးဆုံးရှုံးခဲ့သည့်အပြင် အရပ်သားအများအပြား သေဆုံးခဲ့သည်။

**ရှုတ်ချဝေဖန်**

ယမန်နေ့က ဖြစ်ပွားခဲ့သော အဆိုပါအကြမ်းဖက်မှုနှင့်ပတ်သက်ပြီး ကုလသမဂ္ဂအဖွဲ့က ရှုတ်ချဝေဖန်ခဲ့သည်။

ကဒါဖီအား ရာထူးမှ ဖြုတ်ချခဲ့သည့် ၂၀၁၁ ခုနှစ်မှစ၍လစ်ဗျားနိုင်ငံအတွင်း၌ ပြည်တွင်းစစ်မီးများ တောက်လောင်လျက်ရှိသည်။ အိမ်စောင့်အစိုးရအဖွဲ့အား သစ္စာခံသည့် တပ်ဖွဲ့များနှင့် ဗိုလ်ချုပ်ကြီး ခါလီဖာဟက်ဖ်တာဦးဆောင်သော နိုင်ငံအရှေ့ပိုင်းရှိ တပ်ဖွဲ့တို့အကြား အပြန်အလှန် ပစ်ခတ်မှုများ အဆက်မပြတ်ဖြစ်ပွားလျက်ရှိသည်။

မေ ၇ ရက်တွင် အီတလီသံအမတ်ကြီး၏ ဌာနေကိုယ်စားလှယ်ရုံးနှင့် တူရကီသံရုံးအနီးဝန်းကျင်များတွင် သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ အဆိုပါပစ်ခတ်မှုကို ဟက်ဖ်တာအဖွဲ့က ကျူးလွန်ခဲ့သည်ဟု ယုံကြည်ပါကြောင်းနှင့် ယင်းသို့မဆင်မခြင်ပစ်ခတ်မှုကို ရှုတ်ချပါကြောင်း ကုလသမဂ္ဂအဖွဲ့က ဆိုသည်။

**အရပ်သား ၁၅ ဦးအနည်းဆုံးသေဆုံး**

ယခုလအစောပိုင်းမှစ၍ အကြမ်းဖက်ပစ်ခတ်မှုများကြောင့် အရပ်သား ၁၅ ဦးအနည်းဆုံးသေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု ကုလသမဂ္ဂအဖွဲ့က ပြောကြားခဲ့သည်။

အစိုးရသစ္စာခံအဖွဲ့နှင့် ဟက်ဖ်တာအဖွဲ့တို့သည် မတ်လအတွင်းက ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို ကာကွယ်တားဆီးရန် စစ်ရေးသဘောတူညီမှုကို ရရှိခဲ့သည်။ သို့သော် ၎င်းတို့၏ သဘောတူညီမှုသည် အချိန်ကြာရှည်မှုမရှိဘဲ ပစ်ခတ်မှုများဆီသို့ ပြန်လည်ဦးတည်သွားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**



# ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားသူ ၇၀ ထပ်မံတွေ့ရှိ

**တိုကျို မေ ၁၀**

ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူ ၇၀ ကို ထပ်မံတွေ့ရှိရပြီး လူကိုးဦး သေဆုံးကြောင်း ဂျပန်ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

ယိုကိုဟားမားဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော Diamond Princess သင်္ဘောပေါ်မှ ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိသူ ၇၁၂ ဦးအပါအဝင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်သူပေါင်း ၁၆၅၅၉ ဦးရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူပေါင်းမှာ ၆၄၆ ဦးရှိပြီး ၎င်းတို့အထဲတွင် Diamond Princess သင်္ဘောပေါ်မှသေဆုံးသူ ၁၃ ဦးပါဝင်သည်။ မြို့အလိုက် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူဦးရေမှာ တိုကျိုတွင် ၄၈၆၈ဦး၊ အိုဆာကာတွင် ၁၇၄၃ ဦး၊ ကာနာဂါဝါတွင် ၁၁၆၉ ဦး၊ ဆိုင်းတမတွင် ၉၆၄ဦး၊ ဟော့ကိုင်းဒိုးတွင် ၉၅၄ ဦး၊ ချီဘားတွင် ၈၇၄ဦး၊ ဟိုကျိုတွင် ၆၉၃ဦး၊ ဖူကူအိုကာတွင် ၆၅၄ ဦးနှင့် အေချီတွင် ၅၀၁ ဦးရှိကြောင်း သိရသည်။ ထို့အပြင် လေဆိပ်ရှိ ကိုရိုနာဗိုင်းရပ်စ် သီးခြားစောင့်ကြည့်ရေးစခန်းများနှင့် နာဂါဆာကီဆိပ်ကမ်းတွင် ရပ်နားထားသော သင်္ဘောပေါ်မှသင်္ဘောသားများအပါအဝင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူပေါင်း ၃၂၁ ဦးရှိသည်။ တရုတ်နိုင်ငံမှ လေယာဉ်ဖြင့်ပြန်လည်ရောက်ရှိလာသူ ၁၄ ဦးတွင် ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့သည်ဟု သိရသည်။ Diamond Princess သင်္ဘောပေါ်မှ ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိသူ လေးဦးအပါအဝင် ရောဂါပြင်းထန်သူ ၂၇၀ ရှိကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။ လူပေါင်း ၈၇၇၈ ဦးမှာ ရောဂါသက်သာပြီး ဆေးရုံမှပြန်ဆင်းသွားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# အမေရိကန်နှင့် အကျဉ်းသား လဲလှယ်ရန် အသင့်ရှိသည်ဟု အီရန်ပြောကြား

**တီဟီရန် မေ ၁၀**

အီရန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် အကျဉ်းသား လဲလှယ်ရန် ကြိုတင်သတ်မှတ်ချက်မရှိဘဲ အသင့်ရှိကြောင်း အီရန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ အာလီရာဘီးက ယနေ့ ကြေညာသည်။


အီရန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ အာလီရာဘီး

အီရန်အစိုးရသည် ဖမ်းဆီးထိန်းသိမ်းခြင်းခံရသော အီရန်အကျဉ်းသားနှင့် အမေရိကန်အကျဉ်းသားများကို လဲလှယ်ရန် အသင့်ရှိသလို အကျဉ်းသားများအရေးနှင့်ပတ်သက်၍ အမေရိကန်တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးရန် အသင့်ရှိကြောင်း အီရန်သတင်းအေဂျင်စီက ပြောရေးဆိုခွင့်ရှိသူ အာလီရာဘီး၏ ပြောကြားချက်ကို ကိုးကားဖော်ပြထားသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ် အမေရိကန် အကျဉ်းထောင်များ၌ ထိန်းသိမ်းခြင်းခံရသော အီရန်နိုင်ငံသားများ၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုရှိသည့်အတွက် အကျဉ်းသားများ လဲလှယ်ရန် အီရန်အစိုးရ၏ မေတ္တာရပ်ခံချက်ကို အမေရိကန်အစိုးရအနေဖြင့် အဖြေပေးရန် အီရန်အစိုးရ ပြောရေးဆိုခွင့်ရှိသူက အမေရိကန်ပြည်ထောင်စုကို တိုက်တွန်းခဲ့ခြင်း ဖြစ်သည်။

အီရန်အစိုးရ ပြောရေးဆိုခွင့်ရှိသူသည် ယမန်နှစ် ဒီဇင်ဘာလက အီရန်နှင့် အမေရိကန်အစိုးရအကြား အကျဉ်းသားများ လဲလှယ်မှုတစ်ခု ပြုလုပ်ခဲ့ပြီးနောက် အကျဉ်းသားနောက်ထပ်လဲလှယ်ရန် ယခုကဲ့သို့ အမေရိကန်ပြည်ထောင်စုကို တိုက်တွန်းခဲ့ခြင်း ဖြစ်သည်။

အီရန်နှင့် အမေရိကန်ပြည်ထောင်စုသည် သူလျှိုမှုဖြင့် အဖမ်းခံခဲ့သည့် အမေရိကန်နိုင်ငံသား ရှီယူဝမ်နှင့် အီရန်အစိုးရအပေါ် အရေးယူပိတ်ဆို့မှုချိုးဖောက်မှုဖြင့် အဖမ်းခံရသည့် အီရန်သုတေသနပညာရှင် မာဆောက်ဆိုလေမာနီတို့ကို ဆွစ်ဇာလန်နိုင်ငံ မြောက်ဘက် ယူရစ်မြို့တွင် လဲလှယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



# ဗီယက်နမ်၌ သုံးရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ထပ်မံတွေ့ရှိခြင်းမရှိ

**ဟန်နွိုင်း မေ ၁၀**

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ သုံးရက်ဆက်တိုက် စမ်းသပ်တွေ့ရှိခြင်းမရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ထပ်မံစမ်းသပ်တွေ့ရှိခြင်းမရှိကြောင်း၊ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၈ ဦးရှိပြီး သေဆုံးသူမရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ရောဂါကူးစက်ခံရသူ ၂၈၈ ဦးရှိသည့်အနက် ၂၄၁ ဦးသည် ရောဂါကင်းစင်ပြီး ပြန်လည်ကျန်းမာသွားကြောင်း၊ ထို့အပြင် နိုင်ငံအတွင်း သံသယလူနာ ၁၃၁ ဦးနှင့် စောင့်ကြည့်လူနာ ၁၁၁၀၀ ရှိပြီး သီးခြားစောင့်ကြည့်ရေးစခန်းများနှင့် နေအိမ်များတွင် ရောဂါ ရှိ၊ မရှိ သီးခြားစောင့်ကြည့်ခံရလျက်ရှိကြကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထပ်မံပြောကြားသည်။

ဗီယက်နမ်နိုင်ငံတွင် သုံးရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ထပ်မံစမ်းသပ်တွေ့ရှိခြင်းမရှိကြောင်း၊ မေ ၇ ရက်က စမ်းသပ်တွေ့ရှိခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇ ဦးတို့သည် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့မှ ပြန်လာသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# အာဖဂန်နစ္စတန်နိုင်ငံတွင် လုံခြုံရေးအဖွဲ့များနှင့် ဆန္ဒထုတ်ဖော်သူများအကြား အဓိကရုဏ်းဖြစ်ပွား

**ကဘူး မေ ၁၀**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း၌ အာဏာပိုင်များက ပြည်သူများအား စားနပ်ရိက္ခာမျှဝေပေးစဉ် လုံခြုံရေးအရာရှိများနှင့် ဆန္ဒထုတ်ဖော်သူများအကြား အဓိကရုဏ်းဖြစ်ပွားခဲ့ရာ ခြောက်ဦးအနည်းဆုံး သေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယမန်နေ့သတင်းများအရ သိရသည်။



ကိုရိုနာဗိုင်းရပ်စ် ကာကွယ်တားဆီးရေးနှင့်ပတ်သက်ပြီး အစိုးရ၏ တုံ့ပြန်ဆောင်ရွက်ချက်များအပေါ် ကျေနပ်မှုမရှိသည့်အတွက် ဂွါစီရင်စုရှိ ဖီရိုဇ်ကော့ခ်မြို့၌ ပြည်သူများက ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဆန္ဒထုတ်ဖော်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား အဓိကရုဏ်းဖြစ်ပွားရာတွင် ရဲအရာရှိနှစ်ဦးနှင့် အရပ်သားလေးဦးသေဆုံးခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခဲ့သည်။ ထို့ပြင် ရဲအရာရှိ ၁၀ ဦးနှင့် အရပ်သားကိုးဦးတို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

သေဆုံးခဲ့သည့် အရပ်သားလေးဦးတွင် ရေဒီယိုသတင်းတင်ဆက်သူ အာမက်ခန်နာဝတ်လည်း ပါဝင်ခဲ့ကြောင်း အာဖဂန်နစ္စတန်သတင်းထောက်များစင်တာက ပြောကြားခဲ့သည်။

လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့တစ်ခုဖြစ်သည့် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က အဆိုပါ အဓိကရုဏ်းတွင် အရပ်သားများ သေဆုံးခဲ့ခြင်းနှင့်ပတ်သက်ပြီး တရားမျှတသော စုံစမ်းစစ်ဆေးမှုတစ်ရပ် လုပ်ဆောင်ပေးရန် အာဖဂန်နစ္စတန်အစိုးရအား တောင်းဆိုထားကြောင်း သိရသည်။

**ကိုးကား-ဘီဘီစီ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ပါကစ္စတန်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခွင့်ပြု

**အစ္စလာမ္မာဘတ် မေ ၁၀**

ပါကစ္စတန်အစိုးရက နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးသည့်အနေဖြင့် စီးပွားရေးလုပ်ငန်းများကို မေ ၉ ရက်မှစပြီး ပြန်လည်ဖွင့်လှစ်ခွင့်ပေးခဲ့သည်။

နိုင်ငံအတွင်းရှိ ဈေးဆိုင်ငယ်များအပါအဝင် ကုမ္ပဏီများကို မေ ၉ ရက်မှစပြီး လုပ်ငန်းလည်ပတ်ခွင့်ပြုခဲ့သည်။ ဗိုင်းရပ်စ်ပိုးကူးစက်ပျံ့နှံ့မှုကြောင့် နိုင်ငံအတွင်းရှိ စတိုးဆိုင်များ၊ စက်ရုံများအပါအဝင် လုပ်ငန်းအားလုံး လည်ပတ်မှုရပ်ဆိုင်းထားခြင်းကြောင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည်။

ပြန်လည်ဖြေလျှော့မှုများ ခွင့်ပြုခဲ့သော်လည်း လုပ်ငန်းပိုင်ရှင်များအား ဗိုင်းရပ်စ်ကာကွယ်တားဆီးရေး စည်းမျဉ်းများကို ဆက်လက်လိုက်နာရန် အစိုးရက သတိပေးဆော်ဩထားသည်။

စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ခွင့်ပေးသည့်အတွက် အလွန်ပျော်ရွှင်မိပါကြောင်းနှင့် ဗိုင်းရပ်စ်ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သေချာစွာလိုက်နာမည်ဖြစ်ကြောင်း ဈေးဆိုင်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ပါကစ္စတန်နိုင်ငံတွင် လက်ရှိအချိန်အထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၇၀၀၀ ကျော်ရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိသော်လည်း အလုပ်လက်မဲ့ဦးရေပိုမိုများပြားလာမည်ကို ဖြေရှင်းသည့်အနေဖြင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခွင့်ပေးခဲ့ခြင်းဖြစ်သည်ဟု အစိုးရအဖွဲ့က ပြောသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# မံစီ၊ ဇန်းမောက်၊ ကျိုင်းတုံ၊ မူဆယ်နှင့် လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၉ ရက် နံနက် ၆ နာရီခွဲက မံစီမြို့နယ် နန့်အူကြီးကျေးရွာနေ ဆန်းမင်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၈ ပြား၊ ဘိန်းဖြူ သုည ဒသမ ၀၀၀၂ ကီလို တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၄ နာရီခွဲက ဇန်းမောက်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်းမောက်မြို့နယ် လယ်ပဒုံးကျေးရွာနေ ဝင်းဗိုလ်၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၄၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၂၃ ပြား၊ ဘိန်းစိမ်း ၁၀ ဒသမ ၅၈ ကီလိုတို့ကို လည်းကောင်း။



ဝင်းဗိုလ်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ယင်းနေ့ နံနက် ၈ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် နောင်ကန်ကျေးရွာအနီး ကျိုင်းတုံ-လွိုင်မွေ ကားလမ်းတွင် မနာထီး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ စွမ်စော်ရပ်ကွက် ခိုဝိန်းနယ်မြေနေ လော်ဝင်ခိုင်း(ခ)လော်ခိုင်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၉၀၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ဒေါင့်တလောင်လမ်းခွဲအနီး လားရှိုး-နမ္မတူ ကားလမ်းတွင် ရွှေထွန်း(ခ)ပီအိုက် မောင်းနှင်ပြီး အိုက်ကျန်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# မင်းလှနှင့် စဉ့်ကူးမြို့နယ်တို့၌ မီးလောင်မှုဖြစ်

**အထက်မင်းလှ**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မြို့သစ်ကျေးရွာအုပ်စု ဈေးကြီးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းဝင်းအတွင်း ဆရာ ဆရာမများ နေအိမ်လိုင်းခန်း၌ မေ ၉ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က မီးကွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဈေးကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ ဆရာ ဆရာမများအသုံးပြုရန်အတွက် အိမ်သာဆောက်လုပ်ရန်နေထိုင်သော ပန်းရန်အလုပ်သမားများ အဖွဲ့မှ ထမင်းဟင်းချက်ပြုတ်သုံးစွဲသည့် မီးကွင်းမီးကျန်မှုတစ်ဆင့် မီးလောင်ခဲ့ရာ နေအိမ် လိုင်းခန်း ၁၀ လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာအသုံးပြုသူ ဇင်မင်းထက်အား လက်ပံတံခါး နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇာဇာ(အထက်မင်းလှ)

**စဉ့်ကူး**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ပင်လယ်ကြီးကျေးရွာတွင် မေ ၉ ရက် ညနေ ၅ နာရီ ၁၀ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒေါ်မိုးမိုးထွန်း၏ မီးဖိုမီးကွင်းမီးကျန်မှုတစ်ဆင့် အနီးရှိထရံသို့ မီးကူးစက်ရာမှ နေအိမ်သုံးလုံး မီးကူးစက်လောင်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆသူ ဒေါ်မိုးမိုးထွန်းအား လက်ပန်လှ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မင်းဇော်ဦး(ပြန်/ဆက်)

# ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၁၀**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်၊ မြင်းမူမြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီနှင့် မြင်းခြံမြို့၊ ညောင်ဦးမြို့၊ အောင်လံမြို့၊ ပခုက္ကူမြို့၊ တောင်တွင်းကြီးမြို့၊ ပေါက်မြို့နှင့် တောင်ငူမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ပွင့်ဖြူ-စလင်းသွား ကားလမ်းတွင် ကားနှင့် ဆိုင်ကယ် တိုက်မိပြီး ဆိုင်ကယ်မောင်းသူ သေဆုံး

**ပွင့်ဖြူ မေ ၁၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပွင့်ဖြူ-စလင်းသွားကားလမ်းတွင် မေ ၉ ရက် ညနေ ၅ နာရီ မိနစ် ၅၀ ခန့်တွင် ကားနှင့် ဆိုင်ကယ်တိုက်မိခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၉ ရက် ညနေ ၅ နာရီ မိနစ် ၅၀ ခန့်တွင် ပွင့်ဖြူမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ကုန်းဇောင်းနယ်မြေရဲစခန်းမှ ဒုရဲအုပ်ဆွေဆွေမြင့် သွားရောက်စုံစမ်းစစ်ဆေးရာ ပွင့်ဖြူ-စလင်းသွားကားလမ်း မိုင်တိုင်အမှတ် (၂၈/၃)နှင့် (၂၈/၄)အကြားတွင် ပွင့်ဖြူမှ စလင်းသို့ ဦးဝင်းမြင့် မောင်းနှင်လာသောယာဉ်နှင့် အောင်ဇော်ဌေး မောင်းနှင်လာသောဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိပြီး ဆိုင်ကယ်မောင်းနှင်သူ အောင်ဇော်ဌေးမှာ အခင်းဖြစ် နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဦးဝင်းမြင့်နှင့် အောင်ဇော်ဌေးတို့အား ပွင့်ဖြူမြို့နယ် ကုန်းဇောင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# မန္တလေးမြို့ပေါ်၌ ဆိုင်ကယ်ဖြင့် ဆွဲကြိုးဖြတ်လုယက်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၀**

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့သည် မန္တလေးမြို့ပေါ်တွင် ခိုး/ဆိုး/နှိုက် လုယက်မှုများ လျော့နည်းကျဆင်းရေးနှင့် ဖြစ်ပွားခဲ့သောမှုခင်းများ ဖော်ထုတ်နိုင်ရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိရာ မေ ၆ ရက် နံနက် ၁၀ နာရီခန့်တွင် မယဉ်ယဉ်အေးသည် ဆိုင်ကယ်ဖြင့် မြနန္ဒာဈေးမှ ဈေးဝယ်ပြန်လာစဉ် ၁၀၉(A)လမ်း၊ ၆၄/၆၅ လမ်းကြားအရောက်တွင် အမျိုးသားနှစ်ဦးက ဆိုင်ကယ်ဖြင့် လိုက်လာပြီး မယဉ်ယဉ်အေး၏ လည်ပင်းတွင် ဆွဲထားသော ဆွဲကြိုးအား လုယူမောင်းနှင်ထွက်ပြေးသွား၍ ပြစ်မှုကျူးလွန်သူနှစ်ဦးအား ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) နယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူပေးရန် သတင်းပေးတိုင်တန်းခဲ့သည်။



(ဝဲမှ ယာ) ချစ်သဲမောင်၊ ကောင်းထက်ကျော်(ခ)တောဂေါ်လီ(ခ)ဖက်တီး၊ ဝင်းမင်းခန့်(ခ)ကိုခန့်(ခ) အကြီးကောင်(ခ)ကုလားလေးနှင့် ဇင်မင်းခန့်(ခ)အငယ်လေးတို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

အမှုအား မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ချမ်းမြသာစည်မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူများဖြစ်ကြသော ဝင်းမင်းခန့်(ခ)ကိုခန့်(ခ)အကြီးကောင်(ခ)ကုလားလေးနှင့် ဇင်မင်းခန့်(ခ)အငယ်လေးတို့အား ဆွဲကြိုးနှင့် ငွေကျပ် ၅၅၀၀၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူနှစ်ဦးအား ဆက်လက်စစ်ဆေးခဲ့ရာ ၎င်းတို့မှာ အခြားအမှုများကိုလည်း ချစ်သဲမောင်၊ ကောင်းထက်ကျော်(ခ)တောဂေါ်လီ(ခ)ဖက်တီး၊ သက်တန့်(ခ) အောင်သန်းဦး တို့နှင့်အတူ အခြားလုယက်မှု ၁၁ မှုကိုလည်း ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့ပြီး ချစ်သဲမောင်၊ ကောင်းထက်ကျော်(ခ) တောဂေါ်လီ(ခ)ဖက်တီးတို့ နှစ်ဦးကို ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ငါးဦး ပြစ်မှုကျူးလွန်၍ ရရှိခဲ့သော သက်သေခံပစ္စည်းများကိုပါ သိမ်းဆည်းရမိခဲ့သည်။

ထွက်ပြေးတိမ်းရှောင်လျက်ရှိသော သက်တန့်(ခ) အောင်သန်းဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပြစ်မှုကျူးလွန်သူများအား သက်ဆိုင်ရာရဲစခန်းအသီးသီးမှ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် ခိုး/ဆိုး/နှိုက် လုယက်မှုများကိုလည်း ဆက်လက်ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဇန်နဝါရီလမှ ဧပြီလအထိ မီးလောင်မှု ၁၁၃၂ ကြိမ်ဖြစ်ပွား ပျက်စီးဆုံးရှုံးမှု တန်ဖိုးငွေကျပ် သိန်း ၂၇၀၀၀ ကျော်ရှိ

**ရန်ကုန် မေ ၁၀**

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဧပြီလအထိ လေးလတာကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်း မီးလောင်မှု ၁၁၃၂ ကြိမ်ဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးသည့်အိမ်ခြေမှာ ၂၀၃၃ လုံးရှိပြီး ခန့်မှန်းဆုံးရှုံးမှုမှာ ငွေကျပ်သိန်း ၂၇၀၀၀ ကျော်ရှိကြောင်း မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဇန်နဝါရီလမှ ဧပြီလအတွင်း မီးလောင်မှုဖြစ်ပွားရာတွင် မီးဖိုမီးကြောင့် ၂၁၇ ကြိမ်၊ ပေါ့ဆမီးကြောင့် ၃၆၅ ကြိမ်၊ အလိုအလျောက်မီးကြောင့်၂၁ ကြိမ်၊ လျှပ်စစ်မီးကြောင့် ၂၄၁ ကြိမ်၊ မသမာသူရှို့မီးကြောင့် ၁၃၉ ကြိမ်၊ တောမီးကြောင့် ၁၄၄ ကြိမ် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုအကြိမ်အများဆုံး ၃၆၁ ကြိမ်ဖြစ်ပွားခဲ့သည့် မတ်လတွင် အိမ်ခြေအဆောက်အအုံ ၈၂၂ ခု၊ စက်ရုံအလုပ်ရုံ လေးခု၊ သေဆုံးသူ ရှစ်ဦး၊ ဒဏ်ရာရသူ ၃၃ ဦးနှင့် မီးဘေးဒုက္ခသည် ၉၇၇ ဦးရှိကြောင်း သိရသည်။

အောင်သူရ

# လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်းအားမမျှ မသုံးရ

# မိတ္ထီလာ-သာစည်သွားကားလမ်း၌ ယာဉ်တိုက်မှုဖြစ်ပွား၊ နှစ်ဦး သေဆုံး

**မိတ္ထီလာ မေ ၁၀**

မိတ္ထီလာမြို့နယ်၌ မိတ္ထီလာ-သာစည်သွားကားလမ်း ရေချိုကျေးရွာအနီးတွင် မေ ၁၀ ရက် နံနက် ၇ နာရီ မိနစ် ၅၀ က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောမကျေးရွာအုပ်စု ရေချိုကျေးရွာအနီး မိတ္ထီလာ-သာစည် သွားကားလမ်း မိုင်တိုင်(၄/၀)နှင့် (၄/၁)ကြားတွင် သာစည်မြို့မှ မိတ္ထီလာမြို့သို့ ဦးထိန်လင်း မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်သည် ရေချိုကျေးရွာ အဝင်လမ်းအနီးတွင် ယာဉ်အား လမ်းမဘေးသို့ချ၍ ရပ်ထားစဉ် သာစည်မှ မိတ္ထီလာသို့ ဦးတင်လှိုင် မောင်းနှင်ပြီး နောက်တွင် ဒေါ်သန်းမြ စီးနင်းလိုက်ပါလာသည့် ဆိုင်ကယ်က ယာဉ်၏ ဝဲဘက်နောက်ဘန်ကာအား ဝင်တိုက်မိသဖြင့် ဦးတင်လှိုင်မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ဒေါ်သန်းမြတွင် ဒဏ်ရာများ ရရှိသဖြင့် မိတ္ထီလာ ပြည်သူ့ဆေးရုံသို့ ဆေးကုသရန် ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အမှတ်(၂)နယ်မြေရဲစခန်းက ဦးတင်လှိုင်အား အမှုဖွင့်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၀-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၀-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ်စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၉၀) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၁၅) ခု၊ စုစုပေါင်း (၂၀၅)ခု တွင် –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂)ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ (၁၀-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၈၀) ဦးရှိပြီဖြစ်ပါသည်။

၃။ (၁၀-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူအသစ် (၄) ဦး (Case- 98,141,142,144) ရှိခဲ့သဖြင့် စုစုပေါင်း (၇၂) ဦးရှိပြီး ၎င်းတို့အနက် (၅၅) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၉-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၀-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၇၈) ဦး ရှိပါသည်။

### (COVID-19) ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၀ – ၅ – ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၀-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၀) ခု |
| (၁၀-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁၅) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂) ဦး |

### (COVID-19) ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
( ၁၀ – ၅ – ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၁၈၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၄) ဦး | (၇၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

### ( ၁၀- ၅ - ၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၁၀ – ၅ – ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

ဇယား – ၁

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားလာခဲ့မှု ရှိ/မရှိ | ယခု ဆေးကုသမှု ခံယူနေသည့် / ခံယူခဲ့သည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 179 | ၂၀ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case -177) | မရှိပါ | ဝေဘာဂီအထူးကု ဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 180 | ၂၀ နှစ် | မ | [illegible]မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case -[illegible]) | မရှိပါ | ဝေဘာဂီအထူးကု ဆေးရုံ | တွေ့ရှိ | |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း(၄၃) ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထား ကြောင်း သိရသည်။

သတင်းစဉ်

## ချီဖွေမြို့နယ်အတွင်း ချည်သားပိတ်စဖြင့် ချုပ်ထားသည့် နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေ

**ချီဖွေ မေ ၁၀**

မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွက် ချည်သားပိတ်စဖြင့် ချုပ်လုပ်ထားသည့် နှာခေါင်းစည်း အခု ၁၀၀ ကို ချီဖွေမြို့ပေါ် ရပ်ကွက်အတွင်း စည်ပင်သာယာဈေးဆိုင်များ၊ အထည်ဆိုင်၊ လမ်းဘေးဈေးဆိုင်၊ လမ်းသွား လမ်းလာ ဒေသခံမိဘပြည်သူများအား ယမန်နေ့ နံနက်ပိုင်းမှစ၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

အဆိုပါ နှာခေါင်းစည်းများကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လမ်းညွှန်မှုဖြင့် ကျွန်မတို့ ချီဖွေမြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကျန်းမာရေးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ချည်သားပိတ်စများဖြင့် စနစ်တကျ ချုပ်လုပ်ထားသည့် နှာခေါင်းစည်း အခု ၁၀၀ကို ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ဒေသခံမိဘပြည်သူများအား အထောက်အကူပြုစေရန် အခမဲ့ချုပ်လုပ်ပေးဝေခြင်းဖြစ်ကြောင်း မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင့်ဝါအောင်ထံမှ သိရသည်။

ဆက်လက်၍ လက်လုပ်အဝတ်နှာခေါင်းစည်းများကို မြို့တွင်း လိုက်လံပေးဝေခြင်းအပြင် မြို့အဝင်ကျန်းမာရေးစစ်ဆေးရေးဂိတ်ရှိ တာဝန်ကျကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာများအား နှာခေါင်းစည်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇင်မာဝင်း (ပြန်/ဆက်)





## ကျောက်တံတားမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

ရန်ကုန် မေ ၁၀

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်အတွင်းရှိ အဖွဲ့အစည်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အများပြည်သူသွားလာရာ လမ်းမများ၊ ဈေးများ၊ ဘတ်စ်ကားမှတ်တိုင်များ၊ ဘဏ်များ၊ စာကြည့်တိုက်များ၊ အစိုးရဌာနဆိုင်ရာရုံးများသို့ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဆေးဖျန်းခြင်းလုပ်ငန်းကို ယမန်နေ့ နံနက်ပိုင်းတွင်လည်း ကျောက်တံတားမြို့နယ် (၇) ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း (အထက်ဘလောက်၊ အလယ်ဘလောက်၊ အောက်ဘလောက်)နှင့် (၃၉)လမ်းများတွင် ကျောက်တံတားမြို့နယ်အတွင်းရှိ



မြို့မိမြို့ဖများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ရပ်ကွက်ပရဟိတလူငယ်များနှင့် ပုဇွန်တောင်မြို့နယ် ကလျာဏလူငယ်များ ပရဟိတအသင်းဝင်များ ပူးပေါင်းကာ ကလိုရင်းဆေးများ ဖျန်းပေးခဲ့ကြောင်း သိရသည်။ **ရွှေနန်းမေ(ပြန်/ဆက်)**

## ကျိုင်းတုံမြို့၌ ကိုဗစ်-၁၉ ကာလအတွင်း မဖြစ်မနေ နေအိမ်အပြင်ထွက်သွားလာရသူများအား နှာခေါင်းစည်းများတပ်ဆင်ရန် အသိပညာပေး

ကျိုင်းတုံ မေ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ကိုဗစ်-၁၉ ကာလအတွင်း မဖြစ်မနေ နေအိမ်အပြင်ထွက်သွားလာရသူများအား နှာခေါင်းစည်းများ တပ်ဆင်ရန် အသိပညာပေးခြင်းကို ယမန်နေ့ ညနေ ၃ နာရီက လူစည်ကားသောနေရာများတွင် ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်း၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်တို့ ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ စည်ပင်သာယာရေးဌာန ဝန်ထမ်းများက ကိုဗစ်-၁၉ ကာလအတွင်း မဖြစ်မနေ အပြင်ထွက်သွားလာရသည့် ပြည်သူများအား နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ရန်နှင့် နှာခေါင်းစည်းများ အခမဲ့ဝေငှပေးကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ အသိပေးပြောကြားခြင်းကို လူစည်ကားရာ မြို့လယ်ကျောက်တိုင်၊ အာခါဈေး၊ နောင်နွန်းဂိတ်တို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ဈေးနှင့် လူစည်ကားရာနေရာများ၌ နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ်ပစ္စည်းများ လှူဒါန်း

ရန်ကုန် မေ ၁၀

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ကာကွယ်နိုင်ရန် နှာခေါင်းစည်း အခုရေ ၄၀၀ နှင့် မျက်နှာအကာအကွယ် အခုရေ ၄၀၀ တို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက်ရှိ ပဒေသာဈေးနှင့် လူစည်ကားရာနေရာများသို့ လောကဥဒ္ဒေ့သည် သွေးကူညီမှုအသင်း(ရန်ကုန်)က သွားရောက်လှူဒါန်းခဲ့ကြောင်း အဆိုပါအသင်းမှ သိရသည်။

ယခုလှူဒါန်းမှုသည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်လှူဒါန်းမှုကို မေ ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃင်္န်းကျွန်းမြို့နယ်ရှိ စံပြငမိုးရိပ်ဈေး၊ ပျံကျဈေးနှင့် ကားမှတ်တိုင်အပါအဝင် လူစည်ကားရာနေရာများ၌ နှာခေါင်းစည်း အခု ၄၀၀ နှင့် မျက်နှာအကာအကွယ် အခု ၄၀၀ တို့ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

“ဈေးတွေနဲ့ လူစည်ကားရာနေရာတွေကို အဓိကလှူဒါန်းဖြစ်တာက တော့ လူစုလူဝေးရှိတဲ့နေရာဖြစ်တဲ့အတွက်ကြောင့် ဒီလိုနေရာတွေမှာ ကြိုတင်ကာကွယ်တဲ့အနေနဲ့ အကာအကွယ်ပစ္စည်းတွေ လှူဒါန်းလိုက်ရင် ရောဂါကူးစက်မှုကို ထိန်းချုပ်ကာကွယ်နိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လှူဒါန်းဖြစ်တာပါ”ဟု လောကဥဒ္ဒေ့သည် သွေးကူညီမှုအသင်း(ရန်ကုန်)မှ ပြန်ကြားရေးတာဝန်ခံ ကိုနိုင်မင်းလွင်က ပြောသည်။

ဆက်လက်လှူဒါန်းမှုအနေဖြင့် မေ ၁၄ ရက်တွင်လည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မဟာမြိုင်အိမ်ရာအနီးရှိ ကားမှတ်တိုင်များ၊ ဈေးများနှင့် လူစည်ကားရာနေရာများသို့ နှာခေါင်းစည်း အခု ၄၀၀ နှင့် မျက်နှာအကာအကွယ် အခု ၄၀၀ တို့ကို လှူဒါန်းသွားမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။

ထိုသို့ လှူဒါန်းရာတွင် တွေ့ကြုံရမှုနှင့်ပတ်သက်၍ ကိုနိုင်မင်းလွင်က “ကျွန်တော်တို့ လှူဒါန်းတဲ့အခါ ဘာတွေ့ရလဲဆိုတော့ ပြည်သူတွေက ညွှန်ကြားချက်တွေ၊ ကြိုတင်ကာကွယ်မှုတွေကို လိုက်နာမှုအားနည်းတာ တွေ့ရတယ်။ တခြားနိုင်ငံတွေလို ရောဂါပိုးတွေ့ရှိတဲ့သူ၊ သေဆုံးတဲ့သူ အရေအတွက်နည်းပါးတဲ့အတွက်ကြောင့် သိပ်မကြောက်ကြဘူး။ နှာခေါင်းစည်း၊ မျက်နှာကာကွယ်တဲ့ဟာတွေ တပ်ဖို့အတွက် သူတို့စိတ်ထဲမှာ ရှက်သလိုလို ခံစားနေရတာ တွေ့ရတယ်။ သွားလှူတဲ့အခါမှာလည်း ကျွန်တော်တို့တပ်ပေးမှ တပ်တာကို တွေ့ရတယ်။ မတပ်တဲ့သူကများတယ်။ အဲဒီအတွက် အားလုံးတပ်ဖို့အတွက်ကို အသိပညာပေးပြီး တိုက်တွန်းရတယ်။ နှာခေါင်းစည်းတပ်တာက ရှက်စရာ မဟုတ်တဲ့အကြောင်း ပြောပြရတယ်။ ဒီလိုနေရာမျိုးတွေက လူစုလူဝေးအများဆုံးရှိတဲ့နေရာတွေဖြစ်တဲ့အတွက် ဒီလိုနေရာမျိုးမှာသာ ရောဂါပိုးကူးစက်မှု ပေါ်ပေါက်ခဲ့မယ်ဆိုရင် နောက်ဆက်တွဲပြဿနာတွေက မတွေးရဲစရာဖြစ်တဲ့အတွက်ကြောင့် မိမိကစပြီး ကာကွယ်တဲ့အနေနဲ့ နှာခေါင်းစည်းတပ်ပေးကြဖို့ တိုက်တွန်းနှိုးဆော်ပေးပါတယ်”ဟု ၎င်းက ပြောသည်။

လောကဥဒ္ဒေ့သည် သွေးကူညီမှုအသင်း(ရန်ကုန်)သည် ၂၀၀၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အဓိကသွေးလှူဒါန်းမှုများအပြင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါကလည်း လှူဒါန်းမှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းအပြင် ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်တွင်လည်း အသင်းအနေဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီလှူဒါန်းမှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ယင်းလှူဒါန်းမှုများတွင် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဖုန်း-၀၉-၂၅၂၆၆၈၁၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **အေးမင်းသူ**

## COVID-19 ကူးစက်ရောဂါဖြစ်ပေါ်နေချိန် မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ သတိပြုလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးပန်ကြားခြင်း

- မြန်မာနိုင်ငံတွင် မုန်တိုင်းအဖြစ်များသောကာလမှာ မိုးဦးကာလနှင့် မိုးနှောင်းကာလတို့ဖြစ်ရာ ယခု COVID-19 ကူးစက်ရောဂါ ဖြစ်ပွားနေချိန်တွင် ရာသီကာလအလိုက်ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများကို ပိုမိုသတိပြုဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် COVID-19 ကူးစက်ရောဂါဖြစ်ပွားစဉ်ကာလတွင် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ စီမံခန့်ခွဲဆောင်ရွက်ရာ၌ COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကိုလည်း ပေါင်းစပ်ထည့်သွင်းပြီး ကြိုတင်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
- ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့မုန်တိုင်းဖြစ်ပေါ်နိုင်သည့်ရာသီကာလတွင် မိသားစုအလိုက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရာ၌ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကိုလည်း မမေ့မလျော့ထည့်သွင်းဆောင်ရွက်နိုင်ပါရန်နှင့် အောက်ပါအတိုင်း သတိပြုနေထိုင်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်-
  - မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပါ။ မိမိ၏ အိမ်နီးချင်းများကိုလည်း အသိပေးနှိုးဆော်ပါ။
  - အိမ်ပေါ်သို့ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။
  - COVID-19 ကူးစက်ရောဂါဖြစ်ပွားနေချိန်ဖြစ်သဖြင့် တတ်နိုင်ပါက မိမိအိမ်၌သာ ခိုလှုံနေထိုင်နိုင်ရေးအတွက် နေအိမ်အဆောက်အဦများအား လေဒဏ်၊ မိုးဒဏ်ခံနိုင်စေရန် ကြိုတင်ပြင်ဆင်ပါ။
  - မိမိနေအိမ်သည် လုံခြုံမှုမရှိနိုင်ဟုယူဆပါက မိသားစုများ အရေးပေါ်ပြောင်းရွှေ့ရန် ဘေးလွတ်ကင်းသည့်နေရာ ကြိုတင်ရွေးချယ်ထားပါ။ အဆိုပါနေရာတွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၃)ပေ အကွာ နေနိုင်ရေးဆောင်ရွက်ပါ။ ဆပ်ပြာ၊ လက်သန့်ဆေးရည်၊ မျက်နှာနှင့် နှာခေါင်းစည်းများ ကြိုတင်စုဆောင်းယူဆောင်သွားပါ။ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါ။
  - မိမိအစီအစဉ်ဖြင့် ပြောင်းရွှေ့မည့်နေရာ မရရှိနိုင်ပါက ဒေသရှိ တာဝန်ရှိဌာန၊ အဖွဲ့အစည်းများ၏ စီမံဆောင်ရွက်မှုကို လိုက်နာဆောင်ရွက်ပါ။
  - ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းနှင့်အတူ မုန်တိုင်းဒီရေတက်ရောက်နိုင်ကြောင်း၊ ကုန်းတွင်းပိုင်းဒေသများသည် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းရာမှ လျှပ်တစ်ပြက်ရေကြီးမှုများ ဖြစ်ပေါ်နိုင်ကြောင်း အထူးသတိပြုနေထိုင်ပါ။
  - လှေများ၊ အသက်ကယ်ဖောကွင်းများ၊ Life Jacket များနှင့် ရေလုံသော ပလတ်စတစ်ပုံးများ ကြိုတင်စုဆောင်းပါ။
  - မိသားစုအလိုက် (၁)ပတ်စာခန့် အရေးပေါ်အသင့်စားအစားအစာများ၊ ဆေးဝါး၊ သောက်ရေများ ကြိုတင်စုဆောင်းထားပါ။
  - မိသားစုများ တကွဲတပြားစီဖြစ်သွားပါက ပြန်လည်ဆုံတွေ့နိုင်မည့်နေရာကို ကြိုတင်သတ်မှတ်ထား၍ မိသားစုဝင်အားလုံးသိရှိပါစေ။
  - လေပြင်းတိုက်ခတ်မှုများ၊ မိုးရွာသွန်းမှုများ၊ လျှပ်စီးလက်ခြင်းနှင့် မိုးခြိမ်းခြင်းများဖြစ်ပွားနေချိန်တွင် ဖုန်းများကိုအသုံးမပြုပါနှင့်။
- ပြည်သူလူထုအနေဖြင့် COVID-19 ကူးစက်ရောဂါဖြစ်ပွားနေချိန် ယခုကာလတွင် မုန်တိုင်းဘေး၊ ရေဘေးအန္တရာယ်များ ဖြစ်ပွားနိုင်သည်ကိုလည်း ကြိုတင်သတိပြုနိုင်ပါရန်၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များကို အလေးထားဂရုပြုနားထောင်ရန်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့လည်း ဆက်သွယ်သတင်းယူခြင်း၊ အကူအညီတောင်းခံနိုင်ခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ IDP စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဒူကထောင်နယ်မြေ (၄)၊ (၅)၊ (၁၄)၊ တပ်ကုန်းဂါလိလဲ၊ တပ်ကုန်းမောန္နေလ IDP စခန်းနှင့် မိုးညှင်းမြို့ရှိ နမ္မဖြစ် COC ဘုရားကျောင်း၊ နမ္မဖြစ်ကက်သလစ်၊ နမ္မဖြစ်နှစ်ခြင်းကျောင်း၊ ဆိပ်မူယူမာနှစ်ခြင်းကျောင်း၊ ဆိပ်မူရဝမ်နှစ်ခြင်းကျောင်း၊ ဆိပ်မူလီဆူနှစ်ခြင်းကျောင်း၊ ဆိပ်မူဆိုင်းတောင်နှစ်ခြင်းကျောင်း၊ ဆိပ်မူရပ်ကွက်-၄ နှစ်ခြင်းကျောင်းနှင့် ပူတာအိုမြို့နယ်ရှိ လုံးစွတ်နှင့် ဒုတ္ထန် IDP စခန်း စုစုပေါင်း ၁၅ ခုသို့သွားရောက်၍ လက်သန့်ဆေးရည် ၄၉၄ ဘူး၊ ထုံးအိတ် ၅၀၊ ဆပ်ပြာ ၅၃၆ ခဲ၊ လက်ဆေးဘေစင် ၁၁ ခု၊ တစ်ခါသုံးနှာခေါင်းစည်း ၁၅၂ ခု၊ အဝတ်နှာခေါင်းစည်း အခု ၃၁၈၀၊ အပူချိန်တိုင်းကိရိယာ ၁၀ ခု၊ Hand Speaker ၁၀ ခု၊ ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick ၁၀ ခု၊ ဗီနိုင်း ၁၀ ချပ်တို့အား ထောက်ပံ့ခဲ့သည်။

အလားတူ ရှမ်းပြည်နယ် နမ္မတူမြို့နယ်ရှိ လီဆူ၊ ကချင်၊ ကြူဆော့၊ နမ့်ခမ်းမြို့နယ်ရှိ ဂျော်(၁)၊ စိန့်သောမတ်စ်၊ နေဝန်းနီ၊ မိုင်းယု(ကုန်စုံ)၊ မိုင်းယုလေး၊ နမ့်ဖက်ကာနှစ်ခြင်း အသင်းတော်၊ နမ့်ဖက်ကာနယ်မြေ(၄) စုစုပေါင်း IDP စခန်း ၁၀ ခုသို့သွားရောက်၍ ထုံးအိတ် ၃၀၊ ဆပ်ပြာ ၅၄၀၈ ခဲ၊ အပူချိန်တိုင်းကိရိယာ ၁၀ ခုတို့ကို ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတို့တွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## နှာခေါင်းစည်းတပ်ဆင်ရေး Mask Campaign ပြုလုပ်

**သရက်ချောင်း မေ ၁၀**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ ယနေ့ နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်စေရန်ရည်ရွယ်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်၊ မြို့မရဲစခန်းမှ စခန်းမှူး ဦးကျော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အပြင်ထွက်သည့်အခါတိုင်း နှာခေါင်းစည်းတပ်ဆင်ရေး Mask Campaign စုပေါင်းပြုလုပ်ခဲ့ကြသည်။

**အသိပညာပေးဆောင်ရွက်**

ထိုသို့ Mask Campaign ဆောင်ရွက်ရာတွင် အပြင်ထွက်သည့်အခါတိုင်း နှာခေါင်းစည်းများ တပ်ဆင်ရေး အသိပညာပေးဆောင်ရွက်ခဲ့ပြီး တပ်ဆင်ခြင်းမရှိပါက အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သရက်ချောင်းမြို့ပေါ်ရပ်ကွက်များရှိ လူစည်ကားသည့်နေရာများတွင် အသိပညာပေးဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**မျိုးချစ်ဦး(ပြန်/ဆက်)**



## မြောက်ဥက္ကလာပဂိတ်များမှ အငှားယာဉ်များအား ဇမ္ဗူဒီပါလူမှုကူညီရေးအသင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများဖျန်း

**ရန်ကုန် မေ ၁၀**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားဆဲကာလတို့၌ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်မှ ခရီးသည်တင်အငှားယာဉ်များဖြင့် ခရီးသွားလာနေကြသော မိဘပြည်သူများ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု မဖြစ်ပေါ်စေရေးအတွက် ဇမ္ဗူဒီပါလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးဇော်ဇော်ဝင်းလှိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်၊ အတွင်းရေးမှူး ဦးအောင်ကျော်ကျော်တို့ဦးဆောင်သော အသင်းဝင်များသည် ယနေ့နံနက် ၈ နာရီက မြောက်ဥက္ကလာပ ဝေဘာဂီ၊ (ဇ)ရပ်ကွက်နှင့် ဥက္ကလာလမ်းတို့ရှိ ဂိတ်များမှ ခရီးသည်တင်ပြေးဆွဲကြသော DMG (Driving Myanmar Group -DMG)/NIOKA မှ ရန်ကုန်တစ်မြို့လုံး ခရီးသည်တင်ပြေးဆွဲနေသော အငှားယာဉ် ၃၅ စီးတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဖျန်းပေးခဲ့ကြသည်။

ဇမ္ဗူဒီပါ လူမှုကူညီရေးအသင်းသည် မိဘပြည်သူများ လူနာတင်ယာဉ်လိုအပ်ပါက ဆေးရုံသို့ အခမဲ့ပို့ဆောင်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ဖျန်းပေးခြင်းတို့ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ လူမှုရေး၊ ကျန်းမာရေး၊ ကပ်ရောဂါဘေးများအတွက် အကူအညီများလိုအပ်ပါက ဖုန်း - ၀၉-၇၈၀၀၀၉၄၉၄၊ ၀၉-၇၇၅၈၁၃၈၁၂ နှင့် ၀၉-၇၉၆၇၆၇၁၈၈ တို့သို့ဆက်သွယ်၍ အကူအညီများတောင်းခံနိုင်ကြောင်း သိရသည်။

**တင်ကြည်(သဃ်န်းကျွန်း)**



## IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်း နေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့် စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင် နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- ❖ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့် ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- ❖ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- ❖ စခန်းများတွင် နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- ❖ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- ❖ အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့် နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံး၀ (လုံး၀) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို နေ့စဉ် သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- ❖ စခန်းတွင်းသို့ပြင်ပမှဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ်(SMS)ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါလက္ခဏာများတွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်းလုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- ❖ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတလူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီ

## ကိုဗစ်-၁၉ ကာလအတွင်း လားရှိုး မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်နှင့် အလှူရှင်များက ကာလဒါနအဖြစ် လှူဒါန်းကူညီ



**လားရှိုး မေ ၁၀**

ကိုဗစ်–၁၉ ရောဂါကာလအတွင်း၌ လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တပုညနန္ဒ၏ ကာလဒါနအဖြစ် လှူဒါန်းထောက်ပံ့ပေးမှုအစီအစဉ်တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တပ်မတော်မိသားစုများ၊ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးရုံး(လားရှိုး)နှင့် ဌာနဆိုင်ရာများ၊ ရပ်နီးရပ်ဝေးမှ အလှူရှင်များက ပူးပေါင်းလှူဒါန်းခဲ့ကြသည်။

အဆိုပါ ကာလဒါနအစီအစဉ်အရ မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်၏ဩဝါဒခံယူ၍ မတ် ၃၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ မေ ၁၀ ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် လွိုင်ကော်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်စာသင်တိုက်များ၊ လက်လုပ်လက်စားများနှင့်ဒေသခံပြည်သူအချို့ကို ဆန်အိတ် ၃၀၀၊ ဆီနှင့် စားသောက်ကုန်များအပြင် ခက်ခဲသည့်နေရာဒေသများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ ခန့်တို့ကိုပါ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

သီပေါကိုလတ်

## တာမိုးညဲမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးကာလအတွင်း အခက်အခဲကြုံတွေ့နေသော ပြည်သူများကို စားသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**တာမိုးညဲ မေ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် တာမိုးညဲမြို့တွင် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများနှင့် အခက်အခဲကြုံတွေ့နေသည့် ပြည်သူလူထုများအတွက် ရွှေဖီအောင်ရင်ကုမ္ပဏီနှင့် “မုန်းဝန်းမျိုးနွယ်” မိသားစုတို့က တန်ဖိုးငွေကျပ်စုစုပေါင်းသိန်း ၂၀၀ ဖိုးရှိ စားသုံးကုန်ပစ္စည်းများကို ယနေ့နံနက် ၁၀ နာရီတွင် တာမိုးညဲမြို့ ရွှေဖီအောင်ရင်ကုမ္ပဏီရုံး၌ ထောက်ပံ့ပေးအပ်လှူဒါန်းသည်။



“ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေတဲ့အချိန်မှာ ပုံမှန်ဝင်ငွေမရှိတဲ့ အိမ်ထောင်စုများနဲ့ အခက်အခဲကြုံတွေ့နေကြတဲ့ ပြည်သူလူထုတွေ စားဝတ်နေရေး အဆင်ပြေစေဖို့အတွက် ယခုလို စားသုံးကုန်ပစ္စည်းတွေကို လာရောက်လှူဒါန်းခြင်းဖြစ်ပါတယ်။ ခုလို လှူဒါန်းပေးခြင်းအားဖြင့် သူတို့ရဲ့ စားဝတ်နေရေး အခက်အခဲများကို တစ်ဖက်တစ်လမ်းက ဖြေရှင်းပြီး အထောက်အကူပြုစေမယ်လို့ ထင်ပါတယ်” ဟု အလှူရှင် ဦးအောင်၏ဇနီးဒေါ်မြဝင်းက လှူဒါန်းပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါစားသုံးကုန် ပစ္စည်းများကို အိမ်ထောင်စုတစ်စုလျှင် ဆန်အိတ်တစ်အိတ်၊ ဆီတစ်ပိဿာနှင့် ဆားတစ်ပိဿာတို့ကို တာမိုးညဲမြို့ အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်တာဝန်ရှိသူတို့က အသီးသီး ပေးအပ်သည်။

### ထောက်ပံ့ပေးအပ်

ရွှေဖီအောင်ရင်ကုမ္ပဏီနှင့် “မုန်းဝန်းမျိုးနွယ်”မိသားစုတို့က တန်ဖိုးငွေကျပ်စုစုပေါင်းသိန်း ၂၀၀ ဖိုးရှိ ဆန်အိတ် ၆၄၇ အိတ်၊ ဆီ ၆၄၇ ပိဿာ၊ ဆား ပိဿာ ၆၀၀ နှင့် နှာခေါင်းစည်း စုစုပေါင်း ၂၀၀၀ တို့ကို ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများနှင့် အခက်အခဲကြုံတွေ့နေသည့် ပြည်သူလူထုများအတွက် ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)

## အမေများအဖွဲ့နှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာအတွက် စားသောက်ကုန်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၁၀**

အမေများနေ့အထိမ်းအမှတ်အဖြစ် နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ ဘိုးဘွားများအတွက် Grand Wynn Group of Companies က ယနေ့တွင် စားသောက်ကုန်ပစ္စည်းများ သွားရောက်လှူဒါန်းသည်။ ထို့အပြင် ကိုဗစ်–၁၉ ကူးစက်မြန်ရောဂါ ပြန့်ပွားလျက်ရှိသည့် ကာလအတွင်း အမေများအဖွဲ့ နေ့စဉ်စားစရိတ် တစ်ရက်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် တစ်လစာအတွက် ကုန်ကျစရိတ်ငွေကျပ် ၆၀၀၀၀၀ နှင့် အခြားလိုအပ်သည့် ပစ္စည်းများကို Grand Food Mart စတိုးဆိုင်များတွင် ဈေးဝယ်ယူနိုင်စေရန်အတွက် အမေတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀၊ ဆန် (၅)ပြည်တစ်အိတ်၊ Mom's Choice ဘာလချောင်ကြော်တစ်ဘူး ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကြေးမုံ



## အင်းစိန်မြို့နယ်၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် ငွေကျပ် ၁၀ သိန်းနှင့် ရေသန့်ဘူးများ လှူဒါန်း



**ရန်ကုန် မေ ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရန် လိုအပ်သည်များ အသုံးပြုနိုင်စေရန်ရည်ရွယ်၍ အလှူရှင်များက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ငွေကျပ် ၁၀ သိန်းနှင့် ရေသန့်ဘူးများ လာရောက်လှူဒါန်းခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အင်းစိန်(GTI) ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် လာရောက်လှူဒါန်းခဲ့သည်။

လှူဒါန်းရာတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များတွင် လိုအပ်သည့်နေရာများ သုံးစွဲနိုင်ရန်အတွက် ပယင်းနှင့်ကျောက်စိမ်း၊ နီလာ၊ ပတ္တမြား၊ ရတနာများ (အရိုင်း/အယဉ်) ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ငွေကျပ် ၁၀ သိန်းနှင့် သာခုကန်စက်မှုဇုန်၊ KTM သောက်ရေသန့်ကုမ္ပဏီမှ ၁၂ ဘူးပါ သောက်ရေသန့်ကတ် ၁၀၀ တို့ကို အလှူရှင်များက လာရောက် လှူဒါန်းရာ အင်းစိန်မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီမှ တိုင်းဒေသကြီး(၂)လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

အင်းစိန်မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီမှ ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

# စစ်ကြီးအပြီး မန္တလေးမြို့ မိမြို့ဖအဖွဲ့

ဆူးငှက်

၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် သူတို့အားအကိုးဆုံး စင်ကာပူခံတပ်ကြီး ကျသွားသည်နှင့် ရန်ကုန်မှ အင်္ဂလိပ်တို့လည်း အထက်သို့ ရုတ်ချည်းဆုတ်ခွာကြ၏။ မတ် ၈ ရက်တွင် ရန်ကုန်သည် သိသာထင်ရှားစွာ တုန်လှုပ်ချောက်ချားလေပြီ။ မန္တလေးသို့ ထွက်ခွာမည့် မီးရထားတိုင်း၌ စစ်ပြေးများဖြင့် ပြည့်ကျပ်နေ၏။ မန္တလေးဘူတာကြီးသို့ ဆိုက်ကပ်လာသော မီးရထားတိုင်း၌လည်း ရရာပစ္စည်းဆွဲယူလာကာ မျက်စိပျက် မျက်နှာပျက်ဖြစ်နေသော စစ်ပြေးများက ရထားပေါ်မှ အလုအယက်ဆင်းကြတော့ ဘယ်ဆီဘယ်ဝယ်သွားရမည်မသိ၊ ယောင်လည်လည် ဖြစ်နေကြသည်။

**မနက်မိုးအလင်း ကောလာဟလသတင်း**

အများစု စစ်ပြေးများက ဘူတာကြီး အနောက်ခြမ်း၊ တရုတ်တန်းနှင့် ဈေးချို အကြား လမ်းကြိုလမ်းကြားမကျန် ပျားပန်းခတ်နေတော့သည်။ ရန်ကုန်မြို့ရှိ အစိုးရရုံးချုပ်ကြီးများက လတ်တလောအနေဖြင့် မန္တလေးရုံးများနှင့် ပူးပေါင်းဖွင့်လှစ်ထားသည်။ သို့သော် ရုံးလုပ်ငန်းယန္တရားများကား ပျက်စီးသွားချေပြီ။ ရန်ကုန်မြို့ရှိ မီးသတ်စက်ကြီးသည်ပင်လျှင် မန္တလေးသို့ ရောက်ရှိလာ၏။ မကြုံစဖူး မန္တလေးမှာ ထူးကဲစွာ စည်ကားနေသည်။ မနက်မိုးလင်းသည်နှင့် ကောလာဟလသတင်းများဖြင့် စီစီညံနေတော့သည်။ ရန်ကုန်မြို့တွင်လည်း ဂျပန်က ပဲခူးမြို့မြောက်ဘက် ၁၀ မိုင်အကွာ၌ တည်ရှိသော ဘုရားကြီးရွာနှင့် ၁၈ မိုင်အကွာ၌ တည်ရှိသော ပျဉ်ပုံကြီးရွာများ၌ ရောက်ရှိသိမ်းပိုက်ပြီးလေပြီ။ ဤသို့ဖြင့် ရန်ကုန်-မန္တလေး မီးရထားလမ်းကို ဂျပန်က ဖြတ်တောက်နိုင်လိုက်၏။ မန္တလေးမှာ ထိုသတင်းက ရုတ်ချည်းရောက်လာကာ တစ်မြို့လုံး တုန်လှုပ်ချောက်ချားကြလေပြီ။

**မန္တလေးမြို့၏ အခြေအနေမှာ ကောင်းမွန်ငြိမ်းချမ်းလျက်ရှိ**

သို့သော် မန္တလေးသူရိယသတင်းစာက ၁၃၀၃ ခုနှစ် တပေါင်းလဆုတ် ၁၀ ရက် အင်္ဂါနေ့ (၁၀-၃-၁၉၄၂) နေ့ထုတ်တွင် 'ယခုအခါ မဟုတ်မမှန်သောကောလာဟလသတင်းများ အနှံ့အပြား ထွက်ပေးနေသော်လည်း မန္တလေးမြို့၏အခြေအနေမှာ ကောင်းမွန်ငြိမ်းချမ်းလျက်ရှိနေကြောင်း၊ ရှေ့အဖို့ တစ်စုံတစ်ရာဖြစ်မည့် နိမိတ်လက္ခဏာလည်း ယခုအချိန်အခါအထိ အရိပ်အမြွက်မျှ စဉ်းစားတွေးတော၍ မရနိုင်အောင်ရှိနေကြောင်း ရေးသားဖော်ပြပါရှိခဲ့သည်။ သို့သော် ၁၃၀၃ ခုနှစ် တပေါင်းလဆန်း ၅ ရက် (၁၈-၂-၁၉၄၂) ဗုဒ္ဓဟူးနေ့ကတည်းက ဂျပန်လေယာဉ်ပျံတစ်စင်းသည် သတင်းအရ မန္တလေးသို့ဝင်လာပြီး နန်းတော်အတွင်းက အထက်ဗမာ(မြန်မာ)ပြည် အသင်းတိုက်ကို ဗုံးကြဲဖျက်ဆီးသွားပြီးဖြစ်သည်။ အိန္ဒိယမှပြန်လာသော ချန်ကေရှိတ် မန္တလေးသို့ ခေတ္တဝင်လာသည်ဟူသော သတင်းကြောင့် ဤသို့ဗုံးကြဲခြင်းဟု ဆိုကြ၏။ သို့သော် မန္တလေးသားများက အိမ်ထဲမှ ထွက်ကာ လမ်းပေါ် စုပြုံရပ်ကြည့်ပြီး စစ်ဘက်အဆောက်အအုံများရှိရာ နန်းတွင်းသို့ ဗုံးကြဲသည့် လေယာဉ်အား ဩဘာလက်ခုပ်များ ပေးခဲ့ကြသည်။

**မန္တလေးသားများကားကြောက်ဟန်ပင်မပြ**

စစ်ပြေးများဖြင့် ပြည့်နေသော မန္တလေးတွင် ရုံးများသာမက ဘဏ်များ၊ ကုန်တိုက်ကြီးများ၊ တိုက်ဆိုင်ကြီးများပါ ပြောင်းရွှေ့လာသဖြင့် ရသမျှ သယ်လာသော ပစ္စည်းများကို ငွေဖြစ်အောင် အလျင်အမြန်ရောင်းချကြသဖြင့် တရုတ်တန်းနှင့် ဈေးချိုမှာ မကြုံစဖူး စည်ကားနေမှုအပေါ် ကျေနပ်ပျော်ရွှင်နေသဖြင့် အတွေ့အကြုံရှိသော အောက်သူအောက်သားများက ''ဒီလို စည်ကားနေတာ မကောင်းဘူး။ တစ်နေ့နေ့ ဘေးတွေ့လိမ့်မယ်။ ရန်ကုန်မှာလည်း ဒီလိုစည်ကားပြီး ဘာမှမကြာလိုက်ဘူး ဗုံးကြဲခံလိုက်ရတာပဲ'' ဟု သတိပေးကြသည်။ သို့သော် မန္တလေးသားများကား ကြောက်ဟန်ပင်မပြကြသေး။ ရောင်းကောင်းဝယ်ကောင်း ကြဆဲပင်ဖြစ်သည်။


မကြာလိုက် ဧပြီ ၃ ရက် သောကြာနေ့ နံနက် ၁၁ နာရီခန့်တွင် အရှေ့ဘက်၊ တောင်ဘက်နှင့် အနောက်ဘက်တို့မှ ဂျပန်လေယာဉ်ပျံကြီး ပျားအုပ်ကြီးများပျံလာသကဲ့သို့ ဝင်ရောက်လာကြသည်။ မန္တလေးသားများက ဗုံးကြဲရန်လာသည်ဟု သိသော်ငြား မပုန်းအောင်းကြ၊ မရှောင်တိမ်းကြ။ ဂျပန်လေယာဉ်အုပ်ကြီးက မြို့လယ်လူနေရပ်ကွက်များကို မီးလောင်ဗုံးများနှင့် ပေါက်ကွဲသေကျေပျက်စီးစေသောဗုံးများ ကြဲချသည်။ နိမ့်နိမ့်ပျံဆင်းပြီး မြင်မြင်သမျှ အရပ်သားများကို စက်သေနတ်နှင့် ပစ်ခတ်သည်။ ဂျပန်လေယာဉ် ၈၀ လောက်က မြို့ကို ပိုက်စိတ်တိုက် ဗုံးကြဲပစ်ခတ်၍ တစ်မြို့လုံးနီးပါး မီးလောင်ပျက်စီးကုန်၏။ မြို့သူမြို့သား ၂၀၀၀ ကျော် ၃၀၀၀ အတွင်း သေကျေပြီး ၃၀၀၀ ထက်မနည်း ဒဏ်ရာရရှိကြသည်။ မန္တလေးရေစက်ရုံနှင့် ရန်ကုန်မြူနီစပယ်က မီးသတ်စက်ကြီးများလည်း မီးလောင်ပျက်စီးသွားလေပြီ။

**မန္တလေးကို ဂျပန်က လုံးလုံးလျားလျားသိမ်းပိုက်**

ထိုအခါမှ မန္တလေးသားများလည်း ထိတ်လန့်တကြားနှင့် တစ်ဦးနှင့်တစ်ဦး မကယ်နိုင်ကြတော့ဘဲ ကိုယ့်အသက်ကိုယ်လုကာ ပြေးလွှားကြရတော့သည်။ ပြန်လည်ဆုတ်ခွာသည့် အင်္ဂလိပ်ကလည်း မြို့၏ လူနေရပ်ကွက်အချို့ကို မီးရှို့ဖျက်ဆီးသွားသဖြင့် တစ်မြို့လုံး မီးလောင်တိုက်သွင်းကာ သတ်ကွင်းကြီးတစ်ခုအသွင် ရုတ်ချည်းပြောင်းလဲသွားတော့သည်။ ဤသို့ဖြင့် ၁၉၄၂ ခုနှစ် မေလ ၁ ရက်နေ့တွင် မန္တလေးကို ဂျပန်က လုံးလုံးလျားလျား သိမ်းပိုက်နိုင်လိုက်တော့သည်။ မန္တလေးအား ဂျပန်က သိမ်းပိုက်အပြီး မေလ ၁၂ ရက်နေ့တွင် စစ်အတွင်း ကနဦး အစောဆုံးသတင်းစာအဖြစ် 'တိုင်းချစ်သတင်းစာ' ထွက်လာသည်။ 'ဗမာ့လွတ်လပ်ရေးတပ်မတော် ၏ ခွင့်ပြုချက်အရ မန္တလေးမြို့ လက်ဆည်ကန်ရပ် တိုင်းချစ်ပုံနှိပ်တိုက်မှာ ပုံနှိပ်ထုတ်ဝေတယ်'လို့ သတင်းစာရဲ့ ကျောဘက်အောက်ပိုင်းမှာ ရေးသားထားပြီး အယ်ဒီတာ ဦးမောင်မောင်ခင်က ခေါင်းကြီးပိုင်းမှာ 'အရေးတော်ပုံအောင်ပြီ'ဆိုတဲ့ ခေါင်းစဉ်နှင့် ရေးသားခဲ့သည်။ ကနဦးထုတ် တိုင်းချစ်သတင်းစာပါ သတင်းများအရ မန္တလေးမြို့သည် စစ်ဘေးဒဏ်ကြောင့် အိမ်ခြေ လေးသောင်းရှိသည့်အနက် မလောင်ဘဲ ကျန်ရစ်သောအိမ်များမှာလည်း တောကြောင်လူဆိုးများလက်ချက်ဖြင့် ဘာမျှရစရာမရှိအောင် ပျက်စီးဆုံးရှုံးသွားကြောင်း သိရှိကြရသည်။

**သုံးရောင်ခြယ်အလံ**

မန္တလေးမြို့တွင် ယာယီဈေးများအနေနှင့် ရှင်အရဟံ သိမ်ဘုရားအနီး တစ်ဈေး၊ ဘုရားကြီးအနောက်ဘက် ငတက်ပြားဈေး၊ ရတနာမဍ္ဍူဘုရားအရှေ့ဘက်တစ်ဈေး၊ စိန်ပန်းရပ်၌ တစ်ဈေးဖွင့်လှစ်ရောင်းချနေကြောင်း တိုင်းချစ်သတင်းစာက ရေးသားခဲ့သည်။ မန္တလေးမြို့တွင်း၌လည်း နန်းတွင်းရှိ ဘုရင်ခံအိမ်တော်၊ လမ်း ၃၀ ရှိ ရုံးကြီးနှင့် ဈေးချိုတို့တွင် မြန်မာ့လွတ်လပ်ရေးတပ်မတော်၏ သုံးရောင်ခြယ်ဒေါင်းအလံများ လွှင့်ထူထားသည်ဟု ဆို၏။ ဗြိတိသျှနှင့် တရုတ်စစ်သားများ ဆုတ်ခွာသောအခါ ၁၉၄၂ ခုနှစ် ဧပြီ ၃၀ ရက်တွင် အင်းဝတံတားကြီး၏ စစ်ကိုင်းဘက်ခုံးနှစ်ခုံးကို ဖောက်ခွဲဖျက်ဆီးခဲ့လေပြီ။ သို့သော် မန္တလေးသိမ်းအပြီးအထိ မြို့ပတ်ဝန်းကျင်၌ ဗုံးသံ၊ အမြောက်သံများ ကြားနေကြရဆဲဖြစ်၏။ အိန္ဒိယသို့ အလျင်အမြန်ဆုတ်ခွာနေသော ဗြိတိသျှနောက်အား ဂျပန်တပ်က ထပ်ကြပ်မကွာလိုက်ကာ တိုက်ခိုက်နေဆဲဖြစ်သည်။ အင်္ဂလိပ်အစိုးရက မိုးကုတ်ထောင်ထဲ ဖမ်းဆီးအကျဉ်းချထားခဲ့သော ဒေါက်တာဘမော်ကိုလည်း တိတ်တဆိတ်ထောင်ပြင်သို့ရောက်အောင် ထုတ်ယူခဲ့ကာ မန္တလေးမြို့သို့ သားမယားများနှင့်တကွ ကျန်းမာစွာ ရောက်ရှိနေပြီဆို၏။ မန္တလေးသို့ ဂျပန်တပ်မဝင်မီကပင် ဒေါက်တာဘမော်အား လိုလားသူမျိုးချစ် ပုဂ္ဂိုလ်တစ်စု၏ ကြံစည်မှုဖြင့် ထောင်မှ လျှို့ဝှက်စွာ ထုတ်ယူနိုင်ခဲ့ကြခြင်းဖြစ်သည်။


မြို့ရိုးပေါ် အလံထူ။

မန္တလေးခရိုင် ဗမာ့လွတ်လပ်ရေးတပ်မတော်ဌာနချုပ်မှ ဗိုလ်ကျော်ခေါင်က သုံးရောင်ခြယ် ဒေါင်းတံဆိပ်လက်စည်းများမှာ ဗမာ့လွတ်လပ်ရေးတပ်သားများအတွက်သာဖြစ်ပြီး ရိုးရိုးအရပ်သားများ တပ်ဆင်ရန် မလိုတော့ကြောင်း၊ အရပ်သားများအနေနှင့် ထိုလက်စည်းလက်ပတ်များ လက်ဝယ်ရှိနေပါက မိမိတို့စီရင်စုဆိုင်ရာ ဗမာ့လွတ်လပ်ရေးတပ်ရုံးများသို့ အမြန်ဆုံးပြန်လည်ပေးအပ်ကြရမည်။ ထိုလက်စည်းလက်ပတ်များ တံဆိပ်များကို အရပ်သားများက တပ်ဆင်အသုံးပြုပါက စစ်ဥပဒေအရ ပြင်းထန်စွာ အရေးယူလိမ့်မည်ဟု ကြေညာချက်ထုတ်ထား၏။

**မန္တလေးမြို့ ပြုပြင်ရေးအတွက် မြို့မိမြို့ဖအဖွဲ့**

မန္တလေးမြို့ စိန်ပန်းရပ် ကလပ်လမ်းနှင့် ဘီအိုင်အေဈေးအနီးတွင် ၁၉၄၂ ခုနှစ် မေလ ၁၈ ရက်နေ့ညနှင့် ၁၉ ရက်နေ့ညတို့၌ လေဘာတီအငြိမ့်ဖြင့် အောင်ပွဲခံကပြခဲ့သေးသည်။ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်နှင့် ၈၇ လမ်းတို့တွင် ရုံးစိုက်တပ်စွဲခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ဗဟိုစစ်ရုံးကိုလည်း မန္တလေးတစ်မြို့လုံး ပြာကျကာ အစားအစာ၊ သောက်ရေ၊ သုံးရေစသည်ဖြင့် ခက်ခဲရှားပါးနေပြီး နားနေရန် အဆောက်အအုံကအစ လှေ့ကျင့်ရန်ကွင်းအထိ မရှိခြင်းကြောင့် အမရပူရသို့ ပြောင်းရွှေ့ခဲ့ပြန်သည်။ မန္တလေးမြို့ ပြုပြင်ရေးအတွက် မြို့မိမြို့ဖအဖွဲ့လူကြီးများလည်း ခန့်အပ်ခဲ့၏။

၎င်းတို့မှာ (၁) ဦးငြိမ်း (ဥက္ကဋ္ဌ-မေယာ)၊ (၂) ဦးအောင်ပွင့် (ကော်မတီ)၊ ဦးကျော် (လမ်းနှင့် အဆောက်အအုံဆိုင်ရာ ချယ်ရာမင်)၊ ဦးကျော်ရန် (ကျန်းမာရေးချယ်ရာမင်)၊ ဦးတော် (ဈေးဌာနချယ်ရာမင်)၊ ဦးဘစီ (တရားဌာနချယ်ရာမင်)၊ ဦးစံရီ (လမ်းခရီးဆိုင်ရာချယ်ရာမင်)၊ ဦးဘသင် (အခွန်ဝန်)၊ ဦးစံလှဘော် (ဘဏ္ဍာရေးချယ်ရာမင်)၊ ဦးညွန့် (အိုးအိမ်ရာ စီမံရေးချယ်ရာမင်)၊ ဦးကျော် (မီးနှင့်ရေဘက်ချယ်ရာမင်)၊ အေရာဇတ် (သန့်ရှင်းစင်ကြယ်ရေးချယ်ရာမင်) တို့ဖြစ်ကြသည်။ ယာယီဖွင့်လှစ်ထားသော ဈေးများကိုလည်း ဖျက်သိမ်းပြီး ဈေးချို၊ ရဟိုင်းဈေး၊ ဘုရားကြီးဈေး၊ မင်္ဂလာဈေး၊ ညောင်ပင်ဈေး၊ ပုဏ္ဏားဈေး၊ ဂွမ်းရုံဈေးနှင့် နန်းရှေ့ဈေးများ၌သာ တရားဝင် ရောင်းဝယ်ဖောက်ကားကြရန် ညွှန်ကြားခဲ့သည်။

အတိတ်ကာလ ဒုတိယကမ္ဘာစစ်ကြီးကြောင့် ပြိုယွင်းပျက်စီးခဲ့သော မန္တလေးကို မြို့မိမြို့ဖစစ်စစ်ကြီးများက ဦးဆောင်ကာ ပြန်လည်ထူထောင်ခဲ့ကြသည်က အမှတ်ရစရာ။

○

**မန္တလေးမြို့ ပြုပြင်ရေးအတွက် မြို့မိမြို့ဖအဖွဲ့လူကြီးများခန့်အပ်... ဒုတိယကမ္ဘာစစ်ကြီးကြောင့် ပြိုယွင်းပျက်စီးခဲ့သောမန္တလေးကို မြို့မိမြို့ဖစစ်စစ်ကြီးများက ဦးဆောင်ကာ ပြန်လည်ထူထောင်ခဲ့ကြသည်က အမှတ်ရစရာ...**



## မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မုဒုံ မေ ၁၀**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းကျော်လွင်တို့အဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီက မုဒုံမြို့နယ်အတွင်း မိုးရာသီကာလ ရေစီးရေလာကောင်းမွန်စေရန်အတွက် မြို့နယ်အတွင်းရှိ ချောင်း၊ မြောင်းများ တူးဖော်ပြုပြင်ဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်အဖွဲ့နှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးသန့်စင်ညိမ်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့မ(၁)ရက်ကွက် သဘော်ဦးရပ် မြို့မဈေးအနောက်လမ်းတွင် တံတားတည်ဆောက်မှုနှင့် မြို့နယ်အတွင်းရှိ ချောင်းကော၊ မြောင်းကောများ တူးဖော်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ**

**(ပြန်/ဆက်)**

## ကလေးမြို့ စောင့်ကြည့်ရေးစခန်းများအတွက် အလှူငွေ ပေးအပ်

**ကလေး မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံနှင့် ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးလာလ်ထောင်ထန်းတို့သည် ကလေးမြို့နယ်အတွင်း ဖွင့်လှစ်ထားရှိသော စောင့်ကြည့်ရေးစခန်းများသို့ ယနေ့ သွားရောက်စစ်ဆေးသည်။

အောင်မြေမာန်ရပ်ကွက် အထက(၁)၊ စမ်းမြို့ရပ်ကွက် အထက(၈)၊ နတ်ကြီးကုန်း(ပျဉ်း)ကျေးရွာ အလက၊ ပျဉ်းခုံကြီးကျေးရွာ အထက(ခွဲ)၊ ပြည်တော်သာကျေးရွာ အထက(ခွဲ)၊ လက်ပံချောင်းကျေးရွာ အထက၊ ညောင်ကုန်းကျေးရွာ အထက(ခွဲ)၊ သာစည်ကျေးရွာ အထကနှင့် ထောက်ကြန့်ကျေးရွာ အထက စသည့် စောင့်ကြည့်ရေးစခန်းများသို့ သွားရောက်ကာ Volunteer အဖွဲ့များ ၊ စောင့်ကြည့်ရေးစခန်းဝင်နေသူများကို တွေ့ဆုံကာ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်နေထိုင်ကြရန် မှာကြားသည်။

ယနေ့ စစ်ဆေးခဲ့သည့် စောင့်ကြည့်ရေးစခန်းများတွင် လိုအပ်သည့် နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များနှင့် အထွေထွေအသုံးစရိတ်များအဖြစ် သုံးစွဲနိုင်ရန်အတွက် စောင့်ကြည့်ရေးစခန်း တစ်ခုစီအတွက် ငွေကျပ် ၁၀၀၀၀၀ စီကို လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

**သန်းထိုက်အောင်**

**(ပြန်/ဆက်)**



## ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန် စေတနာ့ဝန်ထမ်း လူငယ် ၅၀ အား သင်တန်းပို့ချ



**မုံရွာ မေ ၁၀**

မုံရွာမြို့ ရပ်ကွက်အတွင်း လှည့်လည်၍ ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန် စေတနာ့ဝန်ထမ်း လူငယ် ၅၀ ခန့်အား မုံရွာခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မုံရွာမြို့ လူငယ်စင်တာ၌ ယနေ့ သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**ရှင်းလင်းပို့ချ**

ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးမှူး ဒေါက်တာငြိမ်းငြိမ်းအိကနေအိမ်များသို့ လှည့်လည်စစ်ဆေးရာတွင် ဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပို့ချခဲ့ပြီး ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာမြင့်မြင့်သိန်းက အမှာစကားပြောကြားသည်။

စေတနာ့ဝန်ထမ်းလူငယ်များသည်မေ ၁၁ ရက်မှစတင်၍ မုံရွာမြို့ပေါ် ရပ်ကွက် ၂၃ ရပ်ကွက်တွင် အဖျားတိုင်းတာခြင်း၊ ကာကွယ်ဆေးထိုးမှုအခြေအနေ စိစစ်ခြင်း၊ ရေတွင်း၊ ရေကန်၊ အိမ်သာသန့်ရှင်းမှု ရှိ-မရှိ စစ်ဆေးခြင်း၊ အသိပညာပေးခြင်း စသည်တို့ကို ကျန်းမာရေးမှူးများ၊ ဆရာဝန်များနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**လှူဒါန်း**

စေတနာ့ဝန်ထမ်းများအတွက် နှာခေါင်းစည်း ၁၀၀၀ နှင့် မျက်နှာကာအခု ၂၀ တို့ကို မြန်မာနိုင်ငံဆရာဝန်အသင်း(မုံရွာ) ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်မြင့်သိန်းနှင့် အတွင်းရေးမှူး ဒေါက်တာဝင်းသန့်ဦးတို့က လှူဒါန်းခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး ကိုဝေမိုးနိုင်နှင့် မုံရွာခရိုင် လူငယ်ကိုယ်စားလှယ် ကိုလွှမ်းမိုးတို့က လက်ခံရယူသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## မူဆယ်မြို့၌ စားနပ်ရိက္ခာများလှူဒါန်း

**မူဆယ် မေ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းပြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတွင် ဖွင့်လှစ်ထားသည့် Fever Clinic သို့သွားရောက်၍ ယနေ့ နံနက် ၉ နာရီတွင် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၀ နှင့် စားနပ်ရိက္ခာများကို သွားရောက်လှူဒါန်းခဲ့သည်။

"အမျိုးသမီးတွေအချင်းချင်း လုပ်ငန်းအတူတူလုပ်ကိုင်ကြတဲ့အပေါ်မှာ အမျိုးသမီးတွေဖွံ့ဖြိုးတိုးတက်ရေးကိုမျှော်မှန်းပြီးတော့ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်းပြီး ခုလိုလှူဒါန်းနိုင်တဲ့အပေါ် အတိုင်းမသိဝမ်းမြောက်မိပါတယ်"ဟု မူဆယ်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်က ပြောသည်။

ဆက်လက်၍ မူဆယ်မြို့ ယာယီစောင့်ကြည့်ကြီးကြပ်ဆောင်များဖြစ်သည့် မူဆယ်မြို့ အထက(၃)နှင့် တရုတ်စာသင်ကျောင်းတို့၌ထားရှိသည့် တရုတ်နိုင်ငံမှ ပြန်လာသူ စုစုပေါင်း ၃၀၀ ကျော်ကို စားနပ်ရိက္ခာများ လှူဒါန်းခဲ့ကြောင်း သိရသည်။

မူဆယ်မြို့ Fever Clinic ဆောင်၌ထားရှိသူ စုစုပေါင်း ၁၀၀ ကျော်နှင့် ယာယီစောင့်ကြည့်ဆောင်တို့၌ထားရှိသည့် တရုတ်နိုင်ငံမှ ပြန်လာသူ စုစုပေါင်း ၃၀၀ ကျော်တို့အတွက် မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ ဌာနဆိုင်ရာများ၊ မူဆယ်မြို့ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့က ကြက်ဆီထမင်း၊ အချိုရည်ဘူး၊ ရေသန့်ဘူး၊ နှာခေါင်းစည်းများနှင့် တစ်ရှူးထုပ်များကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

## နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ကာကွယ်နိုင်ရန် နှာခေါင်းစည်းအခု ၄၀၀ နှင့် မျက်နှာအကာအကွယ် အခု ၄၀၀ တို့ကို ယနေ့ နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက်ရှိ ပဒေသာဈေးနှင့် လူစည်ကားရာနေရာများသို့ လောကညွှဲသည်သွေးကူညီမှုအသင်း(ရန်ကုန်)က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဒုတိယအကြိမ်လှူဒါန်း**

ယခုလှူဒါန်းမှုသည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်လှူဒါန်းမှုကို မေ ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ စံပြငမိုးရိပ်ဈေး၊ ပျံကျဈေးနှင့် ကားမှတ်တိုင်အပါအဝင် လူစည်ကားရာနေရာများ၌ နှာခေါင်းစည်းအခု ၄၀၀ နှင့် မျက်နှာအကာအကွယ်အခု ၄၀၀ တို့ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"ဈေးတွေနဲ့ လူစည်ကားရာနေရာတွေကို အဓိက လှူဒါန်းဖြစ်တာကတော့ လူစုလူဝေးရှိတဲ့နေရာဖြစ်တဲ့အတွက်ကြောင့် ဒီလိုနေရာတွေမှာ ကြိုတင်ကာကွယ်တဲ့အနေနဲ့ အကာအကွယ်ပစ္စည်းတွေ လှူဒါန်းလိုက်ရင် ရောဂါကူးစက်မှုကို ထိန်းချုပ်ကာကွယ်နိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လှူဒါန်းဖြစ်တာပါ" ဟု လောကညွှဲသည်သွေးကူညီမှုအသင်း (ရန်ကုန်)မှ ပြန်ကြားရေးတာဝန်ခံ ကိုနိုင်မင်းလွင်က ပြောကြားသည်။

**ထပ်မံလှူဒါန်းမည်**

ဆက်လက်လှူဒါန်းမှုအနေဖြင့် မေ ၁၄ ရက်တွင်လည်း ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ် မဟာမြိုင်အိမ်ရာအနီးရှိ ကားမှတ်တိုင်များ၊ ဈေးများနှင့် လူစည်ကားရာနေများသို့ နှာခေါင်းစည်းအခု ၄၀၀ နှင့် မျက်နှာအကာအကွယ်အခု ၄၀၀ တို့ကို လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမင်းသူ**

## ဒလမြို့နယ်ပြည်သူ့ဆေးရုံ၌ လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာတည်ဆောက်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ပြည်သူ့ဆေးရုံ၌ တည်ဆောက်လျက်ရှိသည့် လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ် တည်ဆောက်မှု ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးလျက်ရှိပြီး ခြောက်ခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ တစ်လုံး အသစ်ထပ်မံတည်ဆောက်ရေးအတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက အဆိုပါဆေးရုံဝင်းအတွင်း ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ အမှတ် (၂) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းဝင်းတို့က မင်္ဂလာပန္နက်တိုင်ကို ရိုက်သွင်းပေးခဲ့ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ထို့နောက် ရွေ့နှင်းပွင့်ကုမ္ပဏီမှ တာဝန်ရှိသူများက ဝန်ထမ်းအိမ်ရာအသစ်တည်ဆောက်မည့် ပုံစံငယ်အား ရှင်းလင်းပြောကြားခဲ့သည်။

လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာတစ်လုံး ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## မြစ်ကြီးနားမြို့၌ ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မြစ်ကြီးနား မေ ၁၀**

ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီမှဦးဆောင်မှုဖြင့် မေ ၈ ရက်တွင်ကျရောက်သည့် ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၈ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ ကျင်းပသည်။

ပြည်နယ်လူမှုရေးဝန်ကြီး ဦးနေဝင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဘုန်းမော်၊ သွေးလှူဘဏ်ဌာနမှတာဝန်ရှိသူများ၊ ပြည်နယ်ကြက်ခြေနီဥက္ကဋ္ဌ ဦးဘရန်ဒီး၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်ချင်း၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဒေါင်ဟောင်းနှင့် တာဝန်ရှိသူများက သွေးလှူရှင်များကို အာဟာရမုန့်နှင့် အချိုရည်ဘူးများကို ပေးဝေခဲ့ကြသည်။

ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းသွေးလှူရှင် ၅၀ က သွေးလှူဒါန်းခဲ့ကြောင်း ပြည်နယ်ကြက်ခြေနီရုံးမှ သိရသည်။

**စိန်ဝင်း(ပြန်/ဆက်)**



## ပဲခူးဆေးရုံကြီးနှင့် အခြားနေရာများတွင်အသုံးပြုနိုင်ရန် အလှူငွေလှူဒါန်း

**ပဲခူး မေ ၁၀**

ပဲခူးမြို့ ဦးစိုးလင်း (စိုးရတနာလင်းကုမ္ပဏီ)မိသားစုက ယမန်နေ့တွင် ပဲခူးမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သည့်နေရာ၌ အသုံးပြုနိုင်ရန် အလှူငွေကျပ်သိန်း ၁၀၀ ကို ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်ထံသို့ လည်းကောင်း၊ မြို့တော်ခန်းမ၌ ဖွင့်လှစ်ထားသည့် Community Fever Clinic Bago ဖျားနာရောဂါကုဆေးခန်းတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေကျပ်သိန်း ၅၀ ကို အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံဆရာဝန်အသင်း (ပဲခူးတိုင်းဒေသကြီး)အတွင်းရေးမှူး ဒေါက်တာနေမျိုးထံသို့ လည်းကောင်း၊ ကလျာဏမိတ္တ လူမှုကူညီရေးအသင်းသို့ လစဉ် စက်သုံးဆီနှင့် လိုအပ်ရာများ ဖြည့်ဆည်းအသုံးပြုနိုင်ရေးအတွက် အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ပဲခူးမြို့ ချို့တဲ့မိသားစုများအား မျှဝေခြင်းအစီအစဉ်တွင် လှူဒါန်းနိုင်ရန်အတွက် အလှူငွေကျပ် ငါးသိန်းကို လည်းကောင်း၊ တွဲလက်များ(JSP) အဖွဲ့မှ ပရဟိတလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် အလှူငွေကျပ်ငါးသိန်းကို လည်းကောင်း စုစုပေါင်းအလှူငွေကျပ်သိန်း ၁၇၀ ကို အလှူရှင်ကိုယ်စား ပဲခူးမြို့ ဝန်းရံပရဟိတအဖွဲ့က တာဝန်ရှိသူများထံ လိုက်လံလှူဒါန်းပေးခဲ့ကြသည်။

ထို့အတူ ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်ကြီးတွင်ဖွင့်လှစ်ထားရှိသည့် တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကြီးကြပ်မှုကော်မတီရုံးခန်းသို့ ပြည်သူမှပြည်သူသို့ အစီအစဉ်အရ Toh Moe Hnyc Investment & Development Co.,Ltd. က နှာခေါင်းစည်းအခု ၂၀၀၀ ကိုလည်းကောင်း၊ Pangkook Myanmar Co.,Ltd. ဝန်ထမ်းမိသားစုများက အလှူငွေကျပ် ၅၆၄၅၅၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများကိုလည်းကောင်း လာရောက်ပေးအပ်လှူဒါန်းကြရာ ပဲခူးတိုင်းဒေသကြီး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကြီးကြပ်မှုကော်မတီရုံး အဖွဲ့ခေါင်းဆောင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## ကော့သောင်းမြို့နယ်၌ အပူချိန်တိုင်းကိရိယာနှင့် နှာခေါင်းစည်းများလှူဒါန်း

**ကော့သောင်း မေ ၁၀**

ကော့သောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အပူချိန်တိုင်းကိရိယာနှင့် နှာခေါင်းစည်းများကို ယမန်နေ့နံနက်ပိုင်းက ကော့သောင်းမြို့နယ် ကိုဗစ်- ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ Southern Costline Group မှ တာဝန်ရှိသူများက လာရောက်လှူဒါန်းခဲ့သည်။

(SCG) Southern Costline Group မှ ဒေသကိုယ်စားလှယ် ဦးအောင်ဇော်မြင့်၊ ဦးအောင်ဇာနည်စိုးနှင့် တာဝန်ရှိသူများက အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများ၌ ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် Infrared Thermometer ၁၃ ခု၊ နှာခေါင်းစည်းအခု ၂၆၀၀ ကို လာရောက်လှူဒါန်းခဲ့ကြရာ ကော့သောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**



## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ၄၀ ရာခိုင်နှုန်းပြီးစီး

**မုံရွာ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ဧရာဝတီ၊ ချင်းတွင်း၊ မူး၊ ရွှေလီ၊ မြစ်သာ၊ ဥရုမြစ်နှင့် ၎င်းမြစ်များအတွင်းသို့ စီးဝင်လျက်ရှိသော ချောင်းများတွင် လုပ်ဆောင်လျက်ရှိသော ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအားလုံး ၄၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးထံမှ သိရသည်။

"နှစ်စဉ်မိုးရာသီအချိန်မှာ မြစ်ရေကြီးပြီး လူနေအိမ်တွေ၊ စိုက်ခင်းမြေတွေ ကျေးရွာပိုင်မြေတွေ၊ မြစ်ကမ်းပါးတွေ ရေတိုက်စားခံရတဲ့နေရာတွေမှာ လုပ်ဆောင်ပေးတာဖြစ်ပါတယ်၊ လုပ်ငန်းတွေကိုတော့ မြစ်ချောင်းတွေရဲ့ ရေနည်းတဲ့အချိန်မှာ အပြီးလုပ်ရတာဖြစ်တဲ့အတွက် လုပ်ငန်းအားလုံးကိုတော့ ဇွန်လအတွင်းမှာ ပြီးစီးအောင် လုပ်ငန်းအကောင်အထည်ဖော်နေတဲ့ ဆောက်လုပ်ရေးကုမ္ပဏီတွေ လုပ်ငန်းလုပ်တဲ့နေရာမှာ စနစ်ကျဖို့၊ ကြာရှည်ခံဖို့၊ ကျေးရွာတွေကို အထောက်အကူဖြစ်စေဖို့ကို ကြီးကြပ်ပြီး လုပ်ဆောင်နေတယ်၊ လုပ်ငန်းစတင်မှုအနေနဲ့က အခုနှစ်ဇန်နဝါရီလမှာ တင်ဒါခေါ်ယူတယ်၊ ဖေဖော်ဝါရီလရဲ့ လဆန်းပိုင်းမှာ တင်ဒါအောင်တဲ့ဆောက်လုပ်ရေးကုမ္ပဏီတွေ လုပ်ငန်းစတင်လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးက ပြောသည်။

ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအဖြစ် ချင်းတွင်းမြစ်အတွင်း ၁၆ ခု၊ ဧရာဝတီမြစ်အတွင်း ကိုးခု၊ မြစ်သာမြစ်အတွင်း တစ်ခု၊ ဥရုမြစ်အတွင်း နှစ်ခု၊ မူးမြစ်အတွင်း ငါးခု၊ ရွှေလီမြစ်အတွင်း တစ်ခုနှင့် ယင်းမြစ်များအတွင်းသို့စီးဝင်လျက်ရှိသော ချောင်းများတွင် ၂၃ ခု စုစုပေါင်းလုပ်ငန်း ၅၇ ခုကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၈၅၂၉ ဒသမ ၂ သန်းဖြင့် ယခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး**
**(ဖေယျာတိုင်း)**

## ကျန်းမာရေးအထောက်အကူပြုပစ္စည်းနှင့် စားနပ်ရိက္ခာများထောက်ပံ့

**တောင်ကြီး မေ ၁၀**

ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီအနေဖြင့် စေတနာရှင် အလှူရှင်များက လာရောက်လှူဒါန်းထားသည့် အလှူငွေ၊ စားနပ်ရိက္ခာနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများ၊ ကျန်းမာရေးစောင့်ကြည့်စခန်းများနှင့် ပရဟိတအဖွဲ့များ၊ ဌာနဆိုင်ရာများထံသို့ ထောက်ပံ့ပေးလျက်ရှိရာ ယမန်နေ့တွင် နောင်တရားလူငယ်ပရဟိတအဖွဲ့သို့ နှာခေါင်းစည်းအခု ၂၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ (Normal) ငါးစုံ၊ လက်သန့်ဆေးရည် ၂၄ ဘူး၊ အရက်ပြန် ၁၂ လုံး၊ ဘွတ်ဖိနပ်ငါးစုံ၊ ဆပ်ပြာတစ်ပုံး၊ ကြက်ဥအလုံး ၃၆၀ တို့ကိုလည်းကောင်း၊ အေးသာယာရပ်ကွက်(၂) သို့ ကြက်သွန်နီတစ်အိတ်ကိုလည်းကောင်း၊ ပြည်နယ်မြေစာရင်းရုံးသို့ နှာခေါင်းစည်း ၂၀၀ နှင့် Hand Gel 180 mL ပုလင်း ၂၀ ကိုလည်းကောင်း၊ ရွှေညောင်အမေ့သားများအဖွဲ့သို့ နှာခေါင်းစည်းအခု ၁၀၀၀၊ Hand Gel 180 mL ပုလင်း ၂၀၊ လက်သန့်ဆေးရည်တစ်ဘူးနှင့်ကြက်သွန်နီလေးအိတ်ကိုလည်းကောင်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ပြည်သူများအား ထောက်ပံ့ပေးနိုင်ရန် စားနပ်ရိက္ခာနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။

**အေးအေးစိုး (ခရိုင်ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ဓနုဖြူ မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ်အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၈ နာရီက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဓနုဖြူမြို့မဈေး၌ ဆောင်ရွက်ခဲ့သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဈေးကော်မတီ၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ မဖြစ်မနေအပြင်ထွက်သွားလာနေရသည့် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် လိုက်နာနေထိုင်ရမည့်နှိုးဆော်ချက်များကို သိရှိနိုင်ရန် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဈေးသို့လာကြသည့် နှာခေါင်းစည်းမပါသောပြည်သူများအား အသိပညာပေး၍ နှာခေါင်းစည်းများဖြန့်ဝေခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ထက်ဝေဖြိုး**



## မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ပိုးသတ်ဆေးပက်ဖျန်း

**ရန်ကုန် မေ ၁၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရပ်ကွက်အတွင်းရှိလမ်းများအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ယမန်နေ့ ညနေ ၅ နာရီက မြို့နယ်တာဝန်ရှိသူများပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ဖို့မြေရပ်ကွက်၊ ကန်တော်ကလေးအရှေ့/အနောက်/တောင်/မြောက်ရပ်ကွက်၊ လွတ်လပ်ရေးရပ်ကွက်၊ သပြေကုန်းရပ်ကွက်၊ သာယာကုန်းရပ်ကွက်နှင့် ရေတွင်းကုန်းရပ်ကွက်တို့ရှိ လမ်းသွယ်များ၊ အထက်ပုဇွန်တောင်လမ်း၊ ဗညားဒလလမ်း၊ သမိန်ဗရမ်းလမ်း၊ သိမ်ဖြူလမ်း၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ဒေါ်သိန်းတင်လမ်း၊ ဂျိုးဖြူလမ်း၊ ဗိုလ်မင်းရောင်လမ်း၊ ကန်ရိပ်သာလမ်းနှင့် စက်ရုံလမ်း အစရှိသည့်လမ်းမကြီးများနှင့် ရန်ကုန်ဘူတာကြီး၊ ယုဇနပလာဇာနှင့် မင်္ဂလာဈေးအရှေ့တို့တွင် ပိုးသတ်ဆေးဖျန်းခြင်းနှင့် အသိပညာပေးခြင်းများကို လှည့်လည်အသိပေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလုပ်ငန်းများအား မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဌေးလင်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီအသင်း (ယာယီ)ဥက္ကဋ္ဌ ဦးမြင့်ဇော်နှင့်တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချစ်စုဝေ (ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်နေသည့် စစ်ဆေးရေးဂိတ်များသို့ ထောက်ပံ့ငွေပေးအပ်

**မယ်စဲ့ မေ ၁၀**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် မြို့နယ်တွင်း ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး စစ်ဆေးရေးဂိတ်များဖွင့်လှစ်၍ နေ့စဉ် အဝင်/အထွက် စစ်ဆေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အစိုးရအဖွဲ့မှ စစ်ဆေးရေးဂိတ်များတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို ယမန်နေ့ မွန်းလွဲပိုင်းက သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ကယားပြည်နယ်အစိုးရအဖွဲ့မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နမ့်မန်းစစ်ဆေးရေးဂိတ်နှင့် မယ်ဆည်နမ်စစ်ဆေးရေးဂိတ်တို့မှ တာဝန်ကျဝန်ထမ်းများအတွက် စစ်ဆေးရေးဂိတ်တစ်ဂိတ်လျှင် ငွေကျပ် ၁၄၇၀၀၀ စီကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် ကော်မတီဝင်များက သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေးဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စစ်ဆေးရေးလုပ်ငန်းများ စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## သန်လျင်အထွေထွေရောဂါကုဆေးရုံ၌ ကျန်းမာရေးအထောက်အကူပြုသင်တန်းဖွင့်

**ရန်ကုန် မေ ၁၀**




ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ မြို့နယ်အတွင်း ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပြင်ပဆေးခန်းများ ပိတ်ထားရချိန်တွင် သာမန်ဖျားနာပြည်သူများအား ဆေးကုသပေးနိုင်ရန်အတွက် Fever Clinic ဆေးခန်းကို သန်လျင်အထွေထွေရောဂါကုဆေးရုံပြင်ပလူနာဌာန ဆေးကုသဆောင်အနီး၌ ဖွင့်လှစ်ကုသပေးလျက်ရှိပြီး ဖျားနာကုသဆေးခန်းတွင် ပါဝင်ကူညီပေးကြမည့် ဆရာဝန်များ၊ သူနာပြုဆရာမများ၊ စေတနာလုပ်အားရှင်များအား ကျန်းမာရေးအထောက်အကူပြုသင်တန်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အဆိုပါဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ဖျားနာကုသဆေးခန်း၌ ပါဝင်ကူညီကြမည့်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်များနှင့်အညီ ကျန်းမာရေးတာဝန်ရှိသူများက ဆေးကုသမှုခံယူကြမည့်သူများနှင့် ထိတွေ့ရာတွင် ရှောင်ရန်၊ ဆောင်ရန်များ၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံအား စနစ်တကျ အဆင့်ဆင့်ဝတ်ဆင်နည်းနှင့် အန္တရာယ်ကင်းစွာ ပြန်လည်ချွတ်နည်းများကို လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆေးခန်းဖွင့်လှစ်ကုသနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ သန်လျင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ပရဟိတအဖွဲ့များ၏ ပံ့ပိုးကူညီမှုဖြင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သန်လျင်မြို့နယ်သည် ဝန်ထမ်းအများစုနေထိုင်ရာမြို့ဖြစ်သည်နှင့်အညီ ပြည်သူများ အလွယ်တကူ ဆေးကုသနိုင်ရေးအတွက် Fever Clinic ဆေးခန်းကို နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ပေးထားပြီး ဖျားနာ၊ ချောင်းဆိုး၊ အာသီးယောင်လူနာများအတွက် မည်သူမဆို လာရောက်ပြသ ဆေးကုသမှုခံယူနိုင်ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**



## ရန်ကုန်မြို့ အင်းစိန်ကြို့ကုန်းရှိ လမ်းငါးလမ်းတွင် ပိုးသတ်ဆေးပက်ဖျန်း

**ရန်ကုန် မေ ၁၀**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မေ ၈ ရက် ညနေ ၄ နာရီတွင် အင်းစိန်ကြို့ကုန်း အနောက်ရပ်ကွက် ခဝဲခြံ (၁) လမ်း၊ (၂) လမ်းနှင့် မြို့သစ် (က+ခ)- က/၄ လမ်း၊ က/၅ လမ်း၊ က/၆ လမ်း စုစုပေါင်းလမ်းငါးလမ်းတို့၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိစစ်သည်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုရေးအဖွဲ့များ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## ပင်လည်ဘူးမြို့၌ ပိုးသတ်ဆေးဖျန်း

**ပင်လည်ဘူး မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့ စည်ပင်သာယာဈေးနှင့် ယာယီပျံကျဈေးတို့တွင် စားသောက်ကုန်များ နေ့စဉ် ဝယ်ယူရောင်းချမှုများရှိရာ အဆိုပါဈေးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆေးဖျန်းဆောင်ရွက်မှုကို ယနေ့ နံနက် ၁၁ နာရီက ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တပ်ဖွဲ့ဝင်များသည် ဈေးအတွင်း နေ့စဉ်ရောင်းချလျက်ရှိသည့် သားငါး၊ ကုန်စိမ်းတန်းဈေးဆိုင်ခုံများ၊ ဈေးဆိုင်ခန်းများ၊ လူသွားလမ်းများ၊ ဈေးရောင်း ဈေးဝယ်သူများ သွားလာအသုံးပြုသည့်နေရာများအား ဆေးဖျန်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်

**မန္တလေး မေ ၁၀**



မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးထက်အောင် ဦးဆောင်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးထွန်းမြင့်ဇော် ခေါင်းဆောင်သော ချမ်းအေးသာစံမြို့နယ် သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ စုစုပေါင်း ၄၀ တို့သည် မေ ၉ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက်နှင့် ငွေးချိုကျောင်းတိုက်၊ ချမ်းအေးသာစံ အလယ်ရပ်ကွက်တို့တွင် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါနေ့ နံနက် ၁၀ နာရီတွင် ချမ်းမြသာစည်မြို့နယ် မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးစိန်နိုင်ဝင်းဦးဆောင်သော သန္နေအဖွဲ့နှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ခံသူများထားရှိသော အားကစားနှင့် ကာယပညာသိပ္ပံနှင့် Royal Mingalar Hotel တို့သို့ သွားရောက်၍ ပိုးသတ်ဆေးများ ပက်ဖျန်းပေးခဲ့ကြသည်။

**မောင်ပြည်သူ(မန္တလေး)**

# မိုင်းရှူးမြို့၌ တည်ဆောက်နေသည့် တံတားသစ်စီမံကိန်း ရာနှုန်းပြည့်ပြီးစီးတော့မည်



**မိုင်းရှူး မေ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းနောင်-မိုင်းရှူးမြို့သို့ သွားသည့်လမ်းပေါ်ရှိ နမ့်ပန်ချောင်းကိုဖြတ်၍ တည်ဆောက်လျက်ရှိသော နမ့်ပန်ချောင်းကူး တံတားသစ်အား ယခင်ကြိုးတံတားအဟောင်းနှင့် နံဘေးချင်းယှဉ်ကာ ဆောက်လုပ်လျက်ရှိသည်။

အဆိုပါတံတားသည် ယခုချိန်တွင် တံတားတည်ဆောက်ခြင်းလုပ်ငန်း၏ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ကျန်ရှိသည့်လုပ်ငန်းများကို စက်တင်ဘာလမတိုင်မီ ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးကြီးကြပ်သူ အင်ဂျင်နီယာ ဦးစန်းမြင့်အောင်ထံမှ သိရသည်။

နမ့်ပန်ချောင်းတံတားသစ်၏ အရှည်မှာ မီတာ ၁၃၀၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ၊ လူသွားလမ်းတစ်ဖက် ၁ ဒသမ ၀ မီတာရှိပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားဖြစ်ကာ ယာဉ်တစ်စီးချင်းခံနိုင်ဝန် တန် ၇၀ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

လက်ရှိအသုံးပြုသည့် နမ့်ပန်ချောင်းတံတား (မိုင်းရှူးကြိုးတံတား) သည် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ သဘာဝရာသီဥတုဒဏ်များကြောင့် ရေရှည်တွင် ကုန်စည်စီးဆင်းမှု နှောင့်နှေးခြင်းများဖြစ်လာနိုင်သော်လည်း ယခုတည်ဆောက်လျက်ရှိသည့်တံတားသစ်တည်ဆောက်ပြီးစီးပါက ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများအတွက် များစွာအထောက်အကူရှိစေမည့်တံတားဖြစ်ကြောင်း သိရသည်။

**စိန်လှိုင်**
**(ပြန်/ဆက်)**

# ကွမ်းခြံကုန်းမြို့နယ်သို့ ရေများ သွားရောက်လှူဒါန်း

**ရန်ကုန် မေ ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မုဒိတာလူမှုကူညီရေးအသင်းတို့ပူးပေါင်း၍ ရေအခက်အခဲဖြစ်ပေါ်နေသော မေတ္တာကျေးရွာသို့ ယမန်နေ့ နံနက် ၉ နာရီက သွားရောက်လှူဒါန်းခဲ့သည်။

မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးမြတ်သူထိုက်ဦးဆောင်၍ သန္နှမီးသတ်တပ်ဖွဲ့ဝင်များ၊ မုဒိတာလူမှုကူညီရေးအသင်းသားများက ရေဂါလန် ၃၄၀၀ ကို သွားရောက်လှူဒါန်းပေးခဲ့သည်။

မေ ၄ ရက်တွင် ပထမအကြိမ် ဂါလန် ၈၀၀ သွားရောက်လှူဒါန်းခဲ့ပြီး ယခု ဒုတိယအကြိမ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းစိုး(ပြန်/ဆက်)**



# ကသာမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ကသာ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်တွင် မေ ၆ ရက် ညနေပိုင်းကဖြစ်ပွားခဲ့သော လေပြင်းတိုက်ခတ်မှုကြောင့် ရပ်ကွက်နှင့် ကျေးရွာများရှိ လူနေအိမ်နှင့် ဘာသာရေးအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရာ အဆိုပါ ပျက်စီးဆုံးရှုံးမှုများအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ကသာခရိုင်ဦးစီးမှူးရုံးက မေ ၈ ရက်ညနေပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်သည်။

တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစဝီလီဖရန့်က အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးအတွက် ထောက်ပံ့ငွေ ကျပ် ၉၃၉၅၀၀၀ ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဒေဝထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ကသာမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် အိမ်အမိုးလန် ၁၉၉ လုံး၊ ပြိုလဲနေအိမ်သုံးလုံးနှင့် ဘာသာရေးအဆောက်အအုံ အမိုးလန်ငါးလုံး ပျက်စီးဆုံးရှုံးခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ငွေများကို ၎င်းတို့၏နေအိမ်သို့ သွားရောက်၍ ဆက်လက်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ရဲအောင်(ကသာ)**

# ညောင်ဦးတွင် သောက်သုံးရေ သွားရောက်လှူဒါန်း

**ညောင်ဦး မေ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံပင်တဲတိုက်ရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေအခက်အခဲကြုံတွေ့နေရကြောင်း သိရသဖြင့် ယမန်နေ့ နံနက် ၉ နာရီက ပုဂံမြို့ ဖြူစင်မေတ္တာပရဟိတရေလှူအသင်းနှင့် သုမင်္ဂလာပရဟိတရေလှူအသင်းတို့မှ သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့သည်။

လက်ပံပင်တဲတိုက်တွင် အိမ်ခြေ ၅၀ ကျော်ခန့်ရှိပြီး လူဦးရေ ၃၀၀ ကျော်ရှိကာ ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာသောက်သုံးနိုင်ရေးအတွက် ဂါလန် ၁၅၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့် စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း ဖြူစင်မေတ္တာပရဟိတရေလှူအသင်းမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဇော်ပွေးထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ရမည်းသင်းမြို့နယ် ဇလုပ်ကြီးကျေးရွာသို့ သောက်သုံးရေများ သွားရောက်ထောက်ပံ့

**ရမည်းသင်း မေ ၁၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇလုပ်ကြီးကျေးရွာသို့ ယမန်နေ့က သောက်သုံးရေဂါလန် ၁၆၀၀ ကို သွားရောက်ထောက်ပံ့ပေးခဲ့သည်။

ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်မိုးဦးဆောင်သော ဝန်ထမ်းများက ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ယာဉ်ဖြင့် သောက်သုံးရေများ ထောက်ပံ့ပေးခြင်းဖြစ်သည်။

**မင်းမြင့်မိုရ်**



# နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် နွေစပါး ထိုင်းနှံကောက်စံကွက်ရိတ်သိမ်း



**နေပြည်တော် မေ ၁၀**

နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနသည် တောင်သူများအား ဖိတ်ခေါ်၍ ထိုင်းနှံကောက် စံကွက်ရိတ်သိမ်းခြင်း၊ မျိုးသန့်မျိုးပွား ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနည်းပညာများအား ကွင်း လက်တွေ့သရုပ်ပြခြင်းကို ယနေ့ နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာရှိ တောင်သူ ဦးအောင်မြင့်ရှိန်၊ ကွင်းအမှတ် ၁၆၀၇ လယ်ကွင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

**အဆင်ပြေ**

ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြေသိန်းက ဘက်စုံအဆင့်မြင့်နည်းပညာသုံး စပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွင်းများကို လိုက်လံရှင်းလင်းပြသပြီး စပါးစိုက်နည်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် နွေစပါးစံပြကွက်တွင် ထိုင်းနှံကောက် မျိုးစပါးအား ရိတ်သိမ်းရာ အစိုထွက်တစ်ကေလျှင် ၉၃ ဒသမ ၇၅ တင်း ထွက်ရှိခဲ့သည်။ " ဒီနှစ် ကျွန်တော်တို့မြို့နယ်တွင်းမှာ ယခုလက်ရှိပွဲစားတွေ ဆင်းဝယ်နေတာကတော့ စက်ချပေါ့ဗျာ ရိတ်ပြီးနေမလှန်းရသေးတာက တင်း ၁၀၀ကို ငွေကျပ် ၆၂၅၀၀၀နဲ့ရောင်းရပြီး သုံးနေလောက် လှန်းထားပြီးရင်တော့ အခြောက်ပေါ့ဗျာ။ အခြောက်ဆိုငွေကျပ် ၆၅၀၀၀၀ နဲ့ရောင်းရတယ်။ ကျွန်တော်တို့လို စပါးစိုက်တောင်သူတွေ ဈေးလေးကောင်းတော့ အဆင်ပြေသလို ပင်ပန်းရကျိုးလည်းနပ်တာပေါ့ " ဟု တောင်သူ ဦးအောင်မြင့်ရှိန်က ပြောသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းထိန်၊ ဇေယျာသီရိမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြေသိန်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအတွင်းရှိတောင်သူများ တက်ရောက်ကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နွေစပါးစနစ်တကျရိတ်သိမ်းခြင်းကို လက်တွေ့သရုပ်ပြ ပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ပြန်/ဆက်)**

# မိုးရာသီတွင် ချည်မျှင်ရှည်ဝါ ကေနှစ်ထောင်နီးပါး စိုက်ပျိုးမည်

**ရေနံချောင်း မေ ၁၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ယာမြေများ၌ မိုးရာသီသီးနှံ ချည်မျှင်ရှည်ဝါကေ ၁၇၈၀ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

နှစ်စဉ် တောင်သူများ ဝင်ငွေရရှိစေရန်အတွက် ဝါစံပြစိုက်ကွက်များဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးခဲ့သောကြောင့် အထွက်ကောင်းခဲ့ကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံချည်မျှင်ရှည်ဝါ ကေ ၁၇၈၀ ကို လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ ယခင်နှစ်တွင် ဝါစိုက်တောင်သူများ ဝါဈေးကောင်းရသောကြောင့် တွက်ခြေကိုက်ခဲ့ပြီး ဝင်ငွေရခဲ့ကြောင်း ဝါစိုက်တောင်သူများထံမှ သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**



## အရာတော်မြို့နယ်တွင် မိုးကြိုပဲတီစိမ်းဧက ၃၀၀၀ ခန့်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း

**အရာတော် မေ ၁၀**

မုံရွာခရိုင် အရာတော်မြို့နယ်တွင် မိုးကြိုပဲတီစိမ်းဧက ၃၀၀၀ ခန့် စိုက်ပျိုးနေရာ အောင်မြင်ဖြစ်ထွန်း၍ ဈေးကွက်သို့ပို့ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

"မိုးကြိုပဲတီစိမ်း ဧက ၃၀၀၀ လောက်ကို စောတဲ့သူက ဖေဖော်ဝါရီလကတည်းက စစိုက်နေကြတာပါ။ များသောအားဖြင့် မတ်လဆန်းမှာ စိုက်ကြတာများတယ်။ အခုမေလပထမပတ်ထဲမှာ စောစိုက်တဲ့ဧက ၁၀၀၀ နီးပါးက ဈေးကွက်ထဲပို့နေကြပါပြီ" ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်တင်တင်စိန်က ပြောကြားသည်။

အရာတော်မြို့နယ် ကောင်းသစ်ကျေးရွာနှင့် ဇရစ်ဘက်စုံစံပြကျေးရွာနှစ်ရွာတွင် ပဲတီစိမ်းကို GAP နည်းဖြင့် ၁၂၅ ဧက စိုက်ပျိုးထားပြီး ကောင်းသစ်ကျေးရွာနှင့် ဒုံဒစ်ကျေးရွာတို့တွင် နှမ်းကို GAP နည်းဖြင့် ဧက ၃၀ စိုက်ပျိုးထားကြောင်း သိရသည်။

"စိုက်ပျိုးရေးဌာနကလမ်းညွှန်တဲ့ ငါးအမိုင်နိုကို ရွက်ဖျန်းဆေးအဖြစ်သုံးပြီး ထုံးနဲ့ကန့်ပြုလုပ်သုံးစွဲထားတာဖြစ်ပါတယ်၊ ငါးကြိမ်လောက်သုံးပြီးပြီ၊ တခြားမြေဩဇာမပါပါဘူး၊ အထွက်နှုန်းက ၂၅ တင်းလောက်ထွက်မယ် မှန်းထားပါတယ်" ဟု ကောင်းသစ်ကျေးရွာတောင်သူ ဦးစိုးက ပြောကြားသည်။

အရာတော်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအနေဖြင့် စိုက်ပျိုးရေကို မြေအောက်ရေတွင်းများတူး၍ စုပ်ယူအသုံးပြုကြခြင်းဖြစ်ပြီး ဇရစ်ကျေးရွာ၊ အုတ်ရှင်းကြီးကျေးရွာ၊ အုတ်ရှစ်ကြီးကျေးရွာနှင့်နေရာခင်းကျေးရွာတို့တွင် မိုးစပါးကို GAP စနစ်ဖြင့် ဧက ၂၀၀ စိုက်ပျိုးရန်လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်တင်တင်စိန်ထံမှ သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## ညောင်လေးပင်၌ မိုးရာသီသစ်ပင်စိုက်ပျိုးရန် သစ်ပင် ၃၀၀၀၀ ပျိုးထောင်ထား

**ညောင်လေးပင် မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် မိုးရာသီသစ်ပင်စိုက်ပွဲတော်အတွက် သစ်ပင် ၃၀၀၀၀ ပျိုးထောင်ထားပြီး သစ်ပင်စိုက်ချိန်တွင် ကိုဗစ်-၁၉ ရောဂါအခြေအနေရှိနေသေးပါက သစ်တောဝန်ထမ်းများဖြင့်သာ သစ်ပင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးမှူးထံမှ သိရသည်။

**ရွေးချယ်ထား**

ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်အား တော်ဝိကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်ရန်ရွေးချယ်ထားပြီးဖြစ်ကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါအခြေအနေအရ စောင့်ကြည့်ရမည်ဖြစ်ပြီး ပုံမှန်အားဖြင့် ဇွန် ၁၉ ရက်တွင် ပြုလုပ်လေ့ရှိကာ ယခုနှစ်တွင် အခြေအနေစောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးမှူး ဦးသူရအောင်က ပြောကြားသည်။

မြို့နယ်သစ်တောဦးစီးဌာနရှိ မြို့မယာယီပျိုးဥယျာဉ်တွင် ကျွန်း၊ ယူကလစ်၊ မန်ကျည်းရှား၊ မဟော်ဂနီ၊ သစ်စိမ့်၊ မယ်ဇလီ၊ ခရေ စသည်ဖြင့် လျာထားချက်ပြည့်မီစေရန် ပျိုးပင်စုစုပေါင်း ၃၀၀၀၀ ပျိုးထောင်ထားရှိပြီး ယခင်နှစ်က သစ်ပင်စိုက်ပျိုးလိုသည့် ပြည်သူများအား တစ်အိမ်ထောင်ကို ကျွန်းသုံးပင်နှင့် ယူကလစ်ပင် ၂၀ ဝေငှပေးခဲ့သော်လည်း ယခုနှစ်တွင် ဒေသခံပြည်သူများ၏ အမှန်တကယ်လိုအပ်သောပမာဏနှင့် အမှန်တကယ်လိုအပ်သော ပျိုးပင်ကိုသာ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ မိုးဦးကျမြေအစိုဓာတ်ကောင်းစွာရရှိချိန်တွင် သစ်ပင်စိုက်ပျိုးလိုသည့် ဒေသခံပြည်သူများအနေဖြင့် မြို့နယ်သစ်တောဦးစီးဌာနတွင် လာရောက်ထုတ်ယူနိုင်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**သက်လွင် (ညောင်လေးပင်)**

■

## မိုးရာသီ၌ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ ဧက ၈၀၀၀၀ ကျော် စိုက်ပျိုးမည်

**ရေနံချောင်း မေ ၁၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် မိုးရာသီ၌ ယာသီးနှံ မြေပဲ၊ နှမ်း၊ နေကြာ စုစုပေါင်း ၈၅၀၉၈ ဧက ကို လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၁၉-၂၀၂၀ ခုနှစ် မိုးသီးနှံများတွင် မြေပဲ ၄၀၁၉၁ ဧက၊ နှမ်း ၄၃၉၇၇ ဧက၊ နေကြာ ဧက ၉၃၀ ဖြစ်ပြီး ဆီထွက်သီးနှံ စုစုပေါင်း ၈၅၀၉၈ ဧကကို ယာမြေများ၌ လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ်မှာ ယာသီးနှံ နှမ်း ၄၃၉၇၇ ဧကအနက်မှ GAP စနစ်နဲ့ ဧက ၄၅၀၀ ကို တောင်သူတွေစိုက်ပျိုးဖို့ လျာထားဆောင်ရွက်နေပါတယ်" ဟု ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ဆန်းညွန့်**
**(ရေနံချောင်း)**



## ဖာပွန်ကျေးရွာ၌ ဂန္ဓမာပန်းများ တစ်နိုင်တစ်ပိုင်စိုက်ပျိုး၍ မိသားစုပုံမှန်ဝင်ငွေရရှိ

**လှိုင်းဘွဲ့ မေ ၁၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ဖာပွန်ကျေးရွာတွင် ဒေသခံပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ဂန္ဓမာပန်းများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသောကြောင့် မိသားစုစားဝတ်နေရေးအတွက် ပုံမှန်ဝင်ငွေများရရှိကြောင်း သိရသည်။

ဂန္ဓမာပန်းများကို မိမိတို့အိမ်ရှိ မြေကွက်လပ်၌ ဇန်နဝါရီလတွင် စတင်စိုက်ပျိုးပြီး ဧပြီလသို့ရောက်ရှိချိန်တွင် ပန်းများကို စတင်ခူးဆွတ်၍ ရောင်းချလျက်ရှိသည်။

အပင်ပေါင်း ၃၀၀၀၀ ခန့် စိုက်ပျိုးထားရှိပြီး တစ်ပင်လျှင် ၂၀၀ ကျပ်နှုန်း ရရှိကာ ပန်းရောင်းသူများက သုံးပင်ကို ၁၀၀၀ ကျပ်နှုန်းဖြင့် ပြန်လည်ရောင်းချလျက်ရှိကြောင်း၊ တစ်နှစ်လျှင် ပန်းရောင်းရငွေ သိန်း ၂၀ ခန့် ရရှိသည့်အတွက် အကျိုးအမြတ်များရရှိပြီး မိသားစုဝင်ငွေများအဆင်ပြေလျက်ရှိကြောင်း ပန်းစိုက်သူဒေါ်မလေးထံမှ သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## ရေပန်းများကို အသုံးပြုကာ ဂေါ်ရခါး တွင်ကျယ်စွာစိုက်ပျိုး



**ပြင်ဦးလွင် မေ ၁၀**

ပြင်ဦးလွင်မြို့နယ်အတွင်းရှိ တောင်သူအများစုသည် ဂေါ်ရခါးစိုက်ပျိုးရာတွင် ရေပန်းများကို တပ်ဆင်အသုံးပြုကာ စိုက်ပျိုးမှုများပြားလာကြောင်း သိရသည်။

ဂေါ်ရခါးစိုက်ပျိုးမှုတွင် အညွန့်စားနှင့် အသီးစားဟူ၍ နှစ်မျိုးနှစ်စား စိုက်ပျိုးနိုင်သည်။ အသီးစားမှာ ဝါးဖြင့်စင်ထိုးရပြီး စရိတ်များစွာကုန်ကျသည်။ အညွန့်စားစိုက်ပျိုးခြင်းမှာ စင်ထိုးရန်မလိုဘဲ တစ်ခါစိုက်ပျိုးပြီးသည်နှင့် သုံးနှစ်မှ လေးနှစ်အထိ အညွန့်လှီးဖြတ်ရောင်းချခြင်းများပြုလုပ်နိုင်သည်။ စိုက်စရိတ်သက်သာပြီး နေ့စဉ်ဝင်ငွေရရှိသော သီးနှံပင်ဖြစ်သည်။

ဂေါ်ရခါးအညွန့်စားစိုက်ပျိုးမှုတွင် ထယ်ရေးပြင်ဆင်ပြီးသည်နှင့် ဂေါ်ရခါးသီးသုံးလုံး အတန်းလိုက် စနစ်တကျ စိုက်ပျိုးပေးရသည်။ အပင်ပေါက်လာသည့်အခါတွင် ပေါင်အဖြစ်ပြုလုပ်ပြီး မြေဆီကျွေးခြင်း၊ ရေတင်ခြင်းများကို ပြုလုပ်ကြသည်။ အခင်းသစ်စိုက်ပျိုးမှုတွင် အောက်တိုဘာလတွင် အများဆုံးစိုက်ပျိုးကြသည်။ စိုက်ပျိုးပြီးနှစ်လခန့်တွင် ခေါင်ညွန့်များမှ စတင်အညွန့်ဖြတ်ကာ ရောင်းချနိုင်သည်။ ပထမအကြိမ် အညွန့်ခူးပြီးနောက်ပိုင်းတွင် အညွန့်လှလာသည်။ နှစ်ရှည်အသုံးပြုနိုင်သည့်အတွက် အလုပ်ဖြစ်သောသီးနှံဖြစ်ပြီး အပြုအစုပေါ်တွင်မူတည်ကာ အညွန့်လှခြင်း မလှခြင်း ကွာခြားသွားသည်။

အခင်းဟောင်းတစ်ခင်းလျှင် သုံးနှစ်မှ လေးနှစ်အထိ ထားကြသည်။ အခင်းဟောင်းမှထွက်သော ဂေါ်ရခါးအညွန့်မှာ မာကျောပြီး အခင်းသစ်မှာ ပျော့ပျောင်းသည်။

လက်ရှိကာလတွင် ဂေါ်ရခါးညွန့်တစ်ပိဿာ ငွေကျပ် ၄၀၀ နှုန်းဖြင့် ရောင်းချရသည်။ ဂေါ်ရခါးညွန့်မှာ ဆောင်းတွင်းနှင့် နွေရာသီတွင် ဈေးကောင်းပြီး မိုးတွင်းပိုင်းတွင်ဈေးကျသွားတတ်သည်။ နှစ်ဧကစိုက်ပျိုးပါက ဂေါ်ရခါးမျိုး ၂၆၀၀၀ အထိ စိုက်ပျိုးရသည်။

ဂေါ်ရခါးညွန့် နှစ်ဧကစိုက်ခင်းတစ်ခင်းလျှင် တစ်ပတ်တွင် ပိဿာ ၇၀၀ ကျော်အထိရရှိကြောင်း သိရသည်။

**နွေနဒီ**
**(မြစ်ငယ်)**

# ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေး အလှူငွေနှင့် အထောက်အကူပြုပစ္စည်းများ လှူဒါန်း



မိုင်းယောင်း မေ ၁၀
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ပြည်သူအတွက် ရှေ့တန်းတစ်နေရာမှ ပူးပေါင်းပါဝင်ဆောင်ရွက်နေသော ကြက်ခြေနီအသင်းအား ယနေ့တွင် ရွှေအိုးရတနာမော်တော်ယာဉ်လိုင်းမှ အလှူငွေကျပ်တစ်သိန်းနှင့် အလှူရှင်တစ်ဦးက အလှူငွေကျပ် တစ်သိန်းကို ယနေ့တွင် ထောက်ပံ့လှူဒါန်းသည်။

ကြက်ခြေနီအသင်းအတွက် အလှူငွေနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို မိုင်းယောင်းမြို့မှ အလှူရှင်များနှင့် အခြားမြို့များဖြစ်သော မိုင်းယု၊ တာချီလိတ်၊ ကျိုင်းတုံ၊ မိုင်းဖြတ်၊ တာလေ၊ ကျိုင်းလပ်မြို့တို့မှ အလှူရှင်များကလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များသည် အရေးပေါ်သွေးလိုအပ်နေသူများအတွက် သွေးလှူဒါန်းပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြို့သန့်ရှင်းသာယာရေး အမှိုက်ကောက်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့ အကျိုးပြုလုပ်ငန်းများကို ရှေ့တန်းတစ်နေရာမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)

# လေးမျက်နှာမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲများ ထောက်ပံ့ပေးအပ်

လေးမျက်နှာ မေ ၁၀
ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆောင်ရွက်နေစဉ် ကာလအတွင်း လေးမျက်နှာမြို့နယ်ရှိ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များ စားဝတ်နေရေး အဆင်ပြေစေရန် ရည်ရွယ်၍ အမှတ် (၅) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း (ကွင်းကောက်) မှ ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးစိုးဝင်းအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များက ဆန်၊ ဆီ၊ ပဲ၊ ဆား စသည့် ရိက္ခာလေးမျိုးအား ယမန်နေ့ နံနက် ၈ နာရီတွင် မြို့နယ်အားကစားခန်းမ၌ ထောက်ပံ့ပေးအပ်ခဲ့သည်။



ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် စစ်မှုထမ်းဟောင်းတစ်ဦးလျှင် ဆန် ၁၁ ပြည်၊ ဆီ ၆၀ ကျပ်သား၊ ပဲ ၆၀ ကျပ်သား၊ ဆား ၃၀ ကျပ်သားနှုန်းဖြင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၃၄၆ ဦးတို့အတွက် စားနပ်ရိက္ခာ တစ်လစာအား ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး စိုးဝင်းအောင်က ပေးအပ်ရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အရာခံဗိုလ်ထွန်းလှနှင့် မြို့နယ်စစ်မှုထမ်းဟောင်း နာယက ဒု-အရာခံဗိုလ်လှဖေတို့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကိုယ်စား လက်ခံရယူခဲ့သည်။

အဆိုပါစားသောက်ကုန်လေးမျိုးကို စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စစ်မှုထမ်းဟောင်းစစ်သည်များ၏ မိသားစုဝင်များထံသို့ အချိုးကျ ဆက်လက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရွှေမိုး(လေးမျက်နှာ)

# သန်လျင် စာရေးဆရာအသင်းဝင် ငွေကြေးချို့တဲ့သူများအတွက် အလှူငွေများ ကူညီထောက်ပံ့



သန်လျင် မေ ၁၀
သန်လျင်မြို့နယ် စာရေးဆရာအသင်းဝင်များအနက် အမှန်တကယ် ငွေကြေးချို့တဲ့သူ ၅၀ အတွက် အသင်းဥက္ကဋ္ဌ ဦးစောဝင်း (ဖိုးစော-သန်လျင်) က ယနေ့ နံနက် ၈ နာရီတွင် ဗိုလ်ချုပ်နေဝင်းလမ်း မြို့သစ်အနောက်ရပ်ကွက် Orange Center အရှေ့ သာမည (လက်ဖက်ရည်ဆိုင်) သန်လျင်စာပေလေထန်ကုန်း၌ အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

လက်ရှိ ဖြစ်ပွားနေသော ကိုဗစ် – ၁၉ ရောဂါကြောင့် စာပေတိုက်အသီးသီး ခေတ္တရပ်နားထားရသည့်အခြေအနေတွင် စာရေးဆရာများအနေဖြင့် စားဝတ်နေရေး အခက်အခဲအကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့နေမှုအတွက် မြို့နယ်အသင်းဥက္ကဋ္ဌက အသင်းသား အသင်းသူများကို တစ်တပ်တစ်အား အလှူငွေများ ကူညီထောက်ပံ့ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

မြင့်မြတ်အောင်မြင်

# ကြံခင်းမြို့ မြို့မဈေး၊ ဘက်ရဲဈေးနှင့် ယာယီပျံကျဈေးတို့တွင် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ



ကြံခင်း မေ ၁၀
ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ မြို့မဈေး၊ ဘက်ရဲဈေးနှင့် ယာယီပျံကျဈေးများတွင် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ နှာခေါင်းစည်းတပ်ဆင်ခြင်းရှိ၊ မရှိ စစ်ဆေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ညွှန်ကြားချက်အရ ကြံခင်းမြို့နယ်အတွင်းရှိ မြို့မဈေး၊ ဘက်ရဲဈေးနှင့် ယာယီပျံကျဈေးတို့တွင် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုအန္တရာယ်မှ ကာကွယ်ရန်ရည်ရွယ်ပြီး နှာခေါင်းစည်းတပ်ဆင်ခြင်းရှိ၊ မရှိ စစ်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ဆင်ထားမှုမရှိသော ဈေးဝယ်ပြည်သူများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေးမြင့်အောင်နှင့် တာဝန်ရှိသူများက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား စနစ်တကျရှိစေရန် တစ်ဦးနှင့်တစ်ဦးအကွာအဝေး သတ်မှတ်ရောင်းစေခြင်း၊ လက်ဆေးဘေစင်ထားရှိပြီး စနစ်တကျ လက်ဆေးစေခြင်း၊ အမှိုက်စွန့်ပစ်ရန်နေရာ သတ်မှတ်ပေးပြီး စနစ်တကျ စွန့်ပစ်စေခြင်း၊ နှာခေါင်းစည်းတပ်ဆင်ခြင်း ရှိ၊ မရှိတို့အား နေ့စဉ်တာဝန်ရှိသူများနှင့် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးမိုး (ပြန်/ဆက်)

# မြောင်မြို့ မြို့ပေါ်ရပ်ကွက်များတွင် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

မြောင် မေ ၁၀
စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့တွင် ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအနေဖြင့် မြို့ပေါ်ရပ်ကွက်အသီးသီးတွင် ပိုးသတ်ဆေးဖျန်းခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ နံနက် ၇ နာရီတွင် မြို့သစ်ရပ်ကွက်၊ အလယ်ရပ်ကွက်၊ မြောက်ရပ်ကွက်နှင့် တောင်ရပ်ကွက်များတွင် ပိုးသတ်ဆေးဖျန်းခြင်းများကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မလူငယ်အဖွဲ့တို့ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ထုံးဖြူးတာ၊ ပိုးသတ်ဆေးဖျန်းတာတွေကို စဉ်ဆက်မပြတ်ဆောင်ရွက်နေပါတယ်။ ရပ်ကွက်အတွင်းက အလှူရှင်တွေနဲ့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့တွေက ဝိုင်းဝန်းကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု မြို့သစ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းကိုက ပြောသည်။

တင်ကိုကို(မြောင်)

# အခြေခံလူတန်းစား အိမ်ထောင်စုများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

မြင်းခြံ မေ ၁၀
မြင်းခြံမြို့အတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စုများအား ဦးပြေအေး (ကျောက်တောင်၊ ကျားမာန်) မိသားစုက စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက် ၇ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခြေခံလူတန်းစား အိမ်ထောင်စုများသို့ စားသောက်ကုန်ပစ္စည်းများ မထောက်ပံ့မီ ကြိုတင်ကွင်းဆင်းစစ်ဆေးကာ စားဝတ်နေရေး အခက်အခဲဖြစ်နေသော မိသားစုများအား စားသောက်ကုန်ပစ္စည်း ထုတ်ယူနိုင်ခွင့် လက်မှတ်များလိုက်လံ ပေးအပ်ခဲ့သည်။

မြင်းခြံမြို့အတွင်း ရှိ အမှတ်(၂၊ ၃၊ ၄၊ ၅၊ ၆) ရပ်ကွက်များရှိ အိမ်ထောင်စုပေါင်း ၁၂၀၀ ကျော်အတွက် အိမ်ထောင်စုတစ်စုလျှင် ငါးသေတ္တာဘူးကြီး တစ်ဘူး၊ ငါးသေတ္တာဘူးသေး တစ်ဘူး၊ ကုလားပဲ သုံးဘူး၊ ပဲဇီးကွက် ငါးဘူး၊ ကြက်ဥ ငါးလုံးကို ပေးအပ်ခဲ့သည်။ အခြေခံလူတန်းစားများအတွက် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ရာတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးချမ်းမြေ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ ဦးပြေအေးနှင့် ဒေါ်ဒေါ်သန်း မိသားစုဝင်များ၊ အမှတ် ၆ ရပ်ကွက် ပရဟိတအဖွဲ့ဝင်များက ပေးအပ်ခဲ့ကြသည်။

ကျော်စွာ(မြင်းခြံ)

# ဂန့်ဂေါမြို့ ယာယီပျံကျဈေး၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ



ဂန့်ဂေါ မေ ၁၀
ဂန့်ဂေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီသန်းနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဘဏ္ဍာရေးမှူး ဒေါ်အေးအေးနှင့် အသင်းဝင်များက ယနေ့ နံနက်ပိုင်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ယာယီပျံကျဈေး၌ ဈေးရောင်းသူနှင့် ဈေးဝယ်သူများထံ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။

"နှာခေါင်းစည်းအခု ၂၀၀ ကျော်ကို ဈေးရောင်းသူနဲ့ ဈေးဝယ်သူတွေထံ အခမဲ့ဖြန့်ဝေတာ ဖြစ်ပါတယ်"ဟု မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီသန်းက ပြောသည်။

ဈေးရောင်းသူနှင့် ဈေးဝယ်သူ ၂၀၀ ကျော်ကို နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကလည်း လိုအပ်သော နှာခေါင်းစည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထင်အောင်နိုင်(ဂန့်ဂေါ)

# ရော့အန်ရိုးတေးသံရှင် လစ်တဲရစ်ချက် ကွယ်လွန်

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ လစ်တဲရစ်ချက်ဟာ လတ်တလောမှာ ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း သိရပါတယ်။ ရော့အန်ရိုးတေးဂီတရဲ့ ဂန္ထဝင်တေးသံရှင်တစ်ဦးဖြစ်တဲ့ လစ်တဲရစ်ချက်ဟာ ကွယ်လွန်ချိန်မှာ အသက် ၈၇ နှစ်ရှိပြီဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ဂရမ်မီဆုရှင်ဖြစ်တဲ့ လစ်တဲရစ်ချက်ဟာ မေ ၉ ရက်က ကင်ဆာရောဂါကြောင့် ကွယ်လွန်ခဲ့တာဖြစ်ကြောင်း သိရပါတယ်။ သူဟာ ၁၉၅၀ ပြည့်နှစ်တွေအတွင်း အလွန်ကို ကျော်ကြားခဲ့သူတစ်ဦးဖြစ်ကာ သူ့ရဲ့ အကျော်ကြားဆုံး တေးသီချင်းတွေကတော့ Tutti Frutti နဲ့ Long Tall Sally တို့ ဖြစ်ကြကြောင်းလည်း သိရပါတယ်။

လစ်တဲရစ်ချက်ရဲ့ မိသားစုဝင်တွေကိုယ်စား သူ့ရဲ့ရှေ့နေ ဘေဆိုဘဲလ်က တေးသံရှင်ဟာ အရိုးကင်ဆာကြောင့် ကွယ်လွန်ခဲ့တာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။ လစ်တဲရစ်ချက်ရဲ့ ဘေ့စ်ဂစ်တာတီးသူ ချားလ်စ်ဂလန်းရဲ့ ပြောကြားချက်အရ တေးသံရှင်ဟာ လွန်ခဲ့တဲ့ နှစ်လခန့်က စတင်ကာ ဝေဒနာခံစားခဲ့ရတာဖြစ်ပြီး ကွယ်လွန်ချိန်မှာ မောင်နှမတွေနဲ့ သားဖြစ်သူလည်း သူနဲ့အတူရှိနေကြောင်း သိရပါတယ်၊

# BLACK PINK အဖွဲ့ဝင်ဂျန်းနီ ခြေထောက်ဒဏ်ရာရရှိ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACK PINK ဟာ မကြာမီမှာ တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ ပြင်ဆင်နေကြပြီး လတ်တလောမှာ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး ပရိသတ်တွေကို အသိပေးခဲ့ရာမှာ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျန်းနီဟာ တေးသီချင်းသစ်အတွက် အကလေ့ကျင့်စဉ် ခြေထောက်ဒဏ်ရာရရှိခဲ့ကြောင်း ပြောကြားခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

BLACK PINK ဟာ လာမယ့် ဇွန်လအတွင်း တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်ဖို့ ပြင်ဆင်ထားခဲ့တာပါ။ အဖွဲ့အနေနဲ့ တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မှာဖြစ်ကြောင်းကိုလည်း အဖွဲ့ရဲ့ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအင်တာတိန်းမန့်က အတည်ပြုပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မှုနဲ့ပတ်သက်ပြီး BLACK PINK အဖွဲ့ဝင်တွေက လတ်တလောမှာ အဖွဲ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ စတူဒီယိုအတွင်း ရောက်ရှိစဉ်ရိုက်ကူးထားတဲ့ ဗီဒီယိုကို ထုတ်ဖော်ပြသခဲ့ပါတယ်။ ဒါ့အပြင် တေးသီချင်းသစ် တစ်ပုဒ်ကိုလည်း အစမ်းထုတ်လွှင့်ပေးခဲ့ပြီး အကလေ့ကျင့်တဲ့ ပုံတွေကိုလည်း ပြသခဲ့ပါတယ်။ အကလေ့ကျင့်ရင်းက ဂျန်းနီမှာ ခြေထောက်ဒဏ်ရာရခဲ့ကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ သိရပါတယ်။



# အနုပညာသက်တမ်း ၁၄ နှစ်ပြည့်ခဲ့ပြီဖြစ်တဲ့ လီမင်ဟို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ လီမင်ဟိုဟာ လတ်တလောမှာ သူ့ရဲ့ အနုပညာသက်တမ်း ၁၄ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် လူမှုကွန်ရက်စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်း ရေးသားဖော်ပြခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၁၀ ရက်မှာ လီမင်ဟိုက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဗီဒီယိုဖိုင်တစ်ခုကို ဖော်ပြခဲ့ပါတယ်။ အဆိုပါ ဗီဒီယိုဖိုင်မှာ လီမင်ဟိုဟာ ကဗျာတစ်ပုဒ်ကို ဆိုထားပြီး ဗီဒီယိုနဲ့အတူ ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

လီမင်ဟိုက သူ့ရဲ့ အောင်မြင်မှုမှတ်တိုင်တိုင်းမှာ အားပေးခဲ့ကြတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်းနဲ့ ပရိသတ်တွေ ကျန်းမာစေကြောင်းလည်း ထည့်သွင်းကာ ဆုတောင်းစကားဆိုခဲ့တာကိုလည်း တွေ့ရပါတယ်။

လီမင်ဟိုဟာ အနုပညာသက်တမ်း ၁၄ နှစ်တာကာလအတွင်း ကျော်ကြားတဲ့ ဇာတ်လမ်းတွဲပေါင်းများစွာမှာ ပါဝင်သရုပ်ဆောင်ခဲ့ကာ လက်ရှိမှာ ထိပ်တန်းမင်းသားတစ်ဦးအဖြစ် ရပ်တည်နေသူလည်း ဖြစ်ပါတယ်။

# ဂျနီဖာလိုပက်ဇ်နဲ့ အဲလက်စ်ရိုဒရီးဂွက်ဇ်တို့ရဲ့ မင်္ဂလာပွဲ ရွှေ့ဆိုင်း

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဂျနီဖာလိုပက်ဇ်နဲ့ အဲလက်စ်ရိုဒရီးဂွက်ဇ်တို့ဟာ အီတလီမှာ ပြုလုပ်သွားဖို့ရာ စီစဉ်ထားတဲ့ မင်္ဂလာအခမ်းအနားကို ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုတွေကြောင့် ရွှေ့ဆိုင်းခဲ့ကြောင်း ဟာပါဘာဇာဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နွေရာသီအတွင်း အီတလီမှာ ပြုလုပ်သွားမယ့် မင်္ဂလာအခမ်းအနားကို တက်ရောက်မယ့်သူတွေရဲ့ ကျန်းမာရေးလုံခြုံစိတ်ချရစေဖို့ ကိုရိုနားဗိုင်းရပ်စ်ကူးစက်မှုတွေ ဖြစ်ပွားနေတဲ့ ကာလအတွင်း မကျင်းပဘဲ ရွှေ့ဆိုင်းလိုက်တာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ကြယ်ပွင့်စုံတွဲကတော့ သူတို့ရဲ့ စိတ်ကူးထဲကနေ့လေးအတွက် ပြင်ဆင်မှုတွေကို ဆက်လက်လုပ်ဆောင်နေကြောင်းလည်း သိရပါတယ်။



# ကြည့်ရှုသူအနည်းဆုံး စံချိန်သစ်တင်လိုက်တဲ့ The King: Eternal Monarch



လတ်တလော ထုတ်လွှင့်ပြသလျက်ရှိတဲ့ တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲ The King: Eternal Monarch ဟာ ရုပ်သံဇာတ်လမ်းတွဲတွေအနက် ကြည့်ရှုသူအနည်းဆုံးဇာတ်လမ်းတွဲအဖြစ် စံချိန်တင်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နယ်လ်ဆန်ကိုရီးယားက ထုတ်ပြန်တဲ့ သတင်းအချက်အလက်တွေအရ The King: Eternal Monarch ရဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ အပိုင်းနှစ်ပိုင်းဟာ ကြည့်ရှုသူ ၇ နဲ့ ၈ ဒသမ ၁ ရာခိုင်နှုန်းသာ ရှိခဲ့ပြီး ဒါဟာ တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲတွေအနက် ကြည့်ရှုသူအနည်းဆုံးဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

# တေလာဆွစ်ရဲ့ တေးဂီတဖျော်ဖြေပွဲကို ရုပ်သံမှ ထုတ်လွှင့်မည်

လတ်တလော ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် အသွားအလာ ကန့်သတ်ထားတဲ့ကာလအတွင်း တေးဂီတဖျော်ဖြေပွဲတွေနဲ့ ဝေးကွာနေရတဲ့ ပရိသတ်တွေအတွက် တေလာဆွစ်က ပဲရစ်မှာ ပြုလုပ်ခဲ့တဲ့ သူ့ရဲ့ ဖျော်ဖြေပွဲကို ရုပ်သံမှတစ်ဆင့် ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ABC ရုပ်သံလိုင်းက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

တေလာဆွစ်ရဲ့ ဖျော်ဖြေပွဲကို Taylor Swift City of Lover Concert လို့ အမည်ပေးထားပြီး ABC ရုပ်သံလိုင်းမှ မေ ၁၇ ရက်မှာ ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။ ဒီဖျော်ဖြေပွဲမှာ တေလာဆွစ်ရဲ့ ကျော်ကြားတဲ့ တေးသီချင်းတွေကို သီဆိုထားပြီး နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်က သီချင်းတွေလည်း ပါဝင်နေတယ်လို့ သိရပါတယ်။

တေလာဆွစ်ဟာ ပဲရစ်ဖျော်ဖြေပွဲကို ပြီးခဲ့တဲ့ စက်တင်ဘာလက ပြုလုပ်ခဲ့တာဖြစ်ပြီး ဒီဖျော်ဖြေပွဲကို ကမ္ဘာတစ်ဝန်းက ပရိသတ်တွေအတွက် ရုပ်သံကနေတစ်ဆင့် ပြသခွင့်ရတဲ့အပေါ် ပျော်စရာကောင်းမှာဖြစ်ကြောင်းလည်း တေလာဆွစ်က သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

တေလာဆွစ်ဟာ သူ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် Lover အတွက် နယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေကို ပြုလုပ်သွားဖို့ စီစဉ်ထားပေမယ့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုတွေကြောင့် သူ့ရဲ့ Lover Fest ဖျော်ဖြေပွဲကျင်းပမယ့် အစီအစဉ်ကို ဖျက်သိမ်းကြောင်း ကြေညာခဲ့ပါတယ်။ အဲဒီနောက် တေလာဆွစ်က ပရိသတ်တွေအတွက် ယခုလို ရုပ်သံကနေတစ်ဆင့် ဖျော်ဖြေပွဲထုတ်လွှင့်ပေးဖို့ရာ စီစဉ်ခဲ့တာလည်း ဖြစ်ပါတယ်။



အေးပြည့် - စုစည်းသည်

# ဆွမ်ဆီးနောက်ခံလူ ဂျိုးရိုဒန်ကို ပေါင်သန်း ၂၀ နဲ့ခေါ်ယူဖို့ မန်ယူပြင်ဆင်နေ

မန်ယူအသင်းဟာ ဆွမ်ဆီးနောက်တန်းကစားသမား ဂျိုးရိုဒန်ကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ နဲ့ ခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။

မန်ယူအသင်းနည်းပြ ဆိုးရှားအနေနဲ့ အသင်းရဲ့ခံစစ်ပိုင်းကို တောင့်တင်းဖို့ ဆန္ဒရှိနေတဲ့ အပြင် ကစားသမားသစ်တွေကို ခေါ်ယူဖြည့်တင်းပြီး လက်ရှိနောက်တန်းကစားသမားတွေထဲက ဖီးဂျုံးစ်၊ စမောလင်းနဲ့ မားကို့စ်ရိုဂျိုတို့ကိုလည်း ရောင်းချသွားဖို့ရှိနေတာ ဖြစ်ပါတယ်။

မန်ယူအသင်းရဲ့ ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်ခဲ့တဲ့ ရိုင်ယန်ဂစ်ကလည်း တစ်နိုင်ငံတည်းသား ဂျိုးရိုဒန်ကိုခေါ်ယူဖို့ မန်ယူအသင်းကို အကြံပြုထားတယ်လို့လည်း သိရပါတယ်။ အသက် ၂၂ နှစ်အရွယ်ရှိ ဂျိုးရိုဒန်ကို လက်ရှိမှာ ဝေးလ်နိုင်ငံလက်ရွေးစင်အသင်းနည်းပြ ရိုင်ယန်ဂစ်က လက်ရွေးစင်အသင်းအတွက် ခေါ်ယူအသုံးပြုနေပြီလည်း ဖြစ်ပါတယ်။

ရိုင်ယန်ဂစ်အနေနဲ့ သူ့ရဲ့သူငယ်ချင်းဖြစ်သူ ဆိုးရှားကို ပြီးခဲ့တဲ့နှစ်ကလည်း တောင်ပံကစားသမား ဒန်နီယယ်ဂျိမ်းစ်ကို ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းနဲ့ခေါ်ယူဖို့ တိုက်တွန်းခဲ့ဖူးတာလည်းဖြစ်ပါတယ်။ နောက်တန်းကစားသမား ဂျိုးရိုဒန်ကို ခေါ်ယူဖို့အတွက် ပရီမီယာလိဂ် ကလပ်အသင်းတချို့ကလည်း စိတ်ဝင်စားနေပြီး အဲဒီအသင်းတွေထဲမှာ မန်စီးတီးအသင်းလည်း ပါဝင်နေတယ်လို့ သိရပါတယ်။

လက်ရှိမန်ယူအသင်းရဲ့ခံစစ်ကြောင်းမှာ ပေါင်သန်း ၈၀ တန် မာကွိုင်ယာအပါအဝင် ဗစ်တာ လင်ဒီလော့ဖ်နဲ့ အဲရစ်ဘိုင်လီတို့လို ကစားသမားကောင်းတွေရှိနေပြီး နည်းပြ ဆိုးရှားအနေနဲ့ ဂျိုးရိုဒန်ကိုလည်း ခေါ်ယူဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။



# အသင်းမှာမပျော်မရွှင်ဖြစ်နေတဲ့ ဂိုးသမား ဒီဂီယာနေရာမှာ အစားထိုးဖို့ ဂိုးသမားတစ်ဦးခေါ်ယူရန် မန်ယူပြင်ဆင်

မန်ယူအသင်းရဲ့ နံပါတ်တစ်ဂိုးသမား ဒီဂီယာဟာ ၂၀၁၁ ခုနှစ်ကတည်းက အိုးထရက်ဖို့ဒ်ကို ရောက်ရှိနေခဲ့တာဖြစ်လို့ မန်ယူအသင်းနဲ့ ဖြတ်သန်းမှုဟာ ကိုးနှစ်ရှိသွားပြီ ဖြစ်ပါတယ်။ ဒါပေမယ့် ဂိုးသမား ဒီဂီယာက မန်ယူအသင်းမှာ မပျော်မရွှင်ဖြစ်နေတဲ့အတွက် မန်ယူအသင်းအနေနဲ့ ဂိုးသမားသစ်တစ်ဦးနဲ့ အစားထိုးသွားဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။



စပိန်ကြယ်ပွင့်ဂိုးသမား ဒီဂီယာဟာ စက်တင်ဘာလအတွင်းက မန်ယူအသင်းနဲ့ ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့တာဖြစ်ပြီး အဲဒီစာချုပ်အရ ဒီဂီယာအနေနဲ့ တစ်ပတ်လုပ်ခလစာ ပေါင် ၃၇၅၀၀၀ ရရှိနေခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းဟာ ပြီးခဲ့တဲ့နွေရာသီ ဈေးကွက်အတွင်းက အေဂျက်ဂိုးသမား အိုးနားနားကို ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းနဲ့ခေါ်ယူဖို့ ကမ်းလှမ်းခဲ့ပေမယ့် အေဂျက်အသင်းကတော့ ရောင်းချဖို့ ငြင်းဆိုထားတာ ဖြစ်ပါတယ်။ လက်ရှိမှာ အိုနားနားကို ခေါ်ယူဖို့ မန်ယူအသင်းအပြင် ဘာစီလိုနာအသင်း၊ ချယ်လ်ဆီးအသင်းနဲ့ စပါးအသင်းတို့ကလည်း စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

# အာဆင်နယ်နောက်ခံလူ ဘူကာယိုဆာကာအား လီဗာပူးအသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေ



လီဗာပူးအသင်းဟာ အာဆင်နယ်အသင်းရဲ့ ဘယ်နောက်ခံကစားသမား ဘူကာယိုဆာကာအား ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး ဘူကာယိုဆာကာဟာ အခုနှစ်ဘောလုံးရာသီမှာ အာဆင်နယ်အသင်းနဲ့အတူ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့သူလည်း ဖြစ်ပါတယ်။

အသက် ၁၈ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဘူကာယိုဆာကာဟာ ဘယ်နောက်ခံကစားသမားဖြစ်ပေမယ့် နောက်တန်းနေရာစုံမှာကစားနိုင်တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဘူကာယိုဆာကာဟာ အခုနှစ်ဘောလုံးရာသီမှာ အာဆင်နယ်အသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်မှာ ၂၉ ပွဲ ပါဝင်ကစားပေးခဲ့ပြီး ပရီမီယာလိဂ်ပွဲစဉ် ၁၂ ပွဲအထိ ပွဲထွက်ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ အဲဒီလို ပွဲထွက်ကစားခွင့်ရရှိခဲ့ရာမှာ ဂိုးဖန်တီးမှု ကိုးကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဒါပေမယ့် ဘူကာယိုဆာကာရဲ့ အာဆင်နယ်အသင်းနဲ့ စာချုပ်သက်တမ်းဟာ နောက်ဆုံးနှစ်ထဲကို ရောက်ရှိနေပြီဖြစ်တာမို့ လီဗာပူးအသင်းကခေါ်ယူဖို့ ပစ်မှတ်ထားနေတာလည်း ဖြစ်ပါတယ်။ အာဆင်နယ်အသင်းကလည်း နောက်တန်းကစားသမား ဘူကာယိုဆာကာကို စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ ရှိနေတာဖြစ်ပါတယ်။ လီဗာပူးအသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေပေမယ့် အာဆင်နယ်အသင်းနည်းပြ အာတီတာကတော့ ဘူကာယိုဆာကာကို အခုနွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်း ရောင်းချသွားဖို့မရှိဘူးလို့ ဆိုပါတယ်။

ငွေကြယ် - ရေးသားသည်

❖ ပြည်တွင်းဘောလုံးပြိုင်ပွဲမှ

ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲကိုလည်း မေ ၁၆ ရက်တွင် ကျင်းပမည်ဟု အတည်ပြုကြေညာထားသည်။ ထို့ပြင် အာဆီယံဒေသတွင်းမှ ဗီယက်နမ်လိဂ်ကိုလည်း ပြန်လည်ကျင်းပရန် စီစဉ်နေပြီဖြစ်ရာ မြန်မာနေရှင်နယ်လိဂ်ကော်မတီအနေဖြင့် ကျန်းမာရေးအခြေအနေနှင့်ချိန်ဆကာ ပြန်လည်ကျင်းပနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ပြိုင်ပွဲကျင်းပနိုင်ရန်အတွက် ကလပ်အသင်းများနှင့် ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးခြင်းကို အထူးကြပ်မတ်လုပ်ဆောင်သွားမည်ဖြစ်ပြီး မြန်မာနေရှင်နယ်လိဂ်ကော်မတီအနေဖြင့် ပြိုင်ပွဲကျင်းပနိုင်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ပြီး အခြားနိုင်ငံများ၏ လိဂ်ပြိုင်ပွဲများ ပြန်လည်စတင်သည့်အခြေအနေ၊ ကျန်းမာရေးစစ်ဆေးမှု၊ ရောဂါဖြစ်ပွားမှုမဖြစ်စေရန် ကြိုတင်ကာကွယ်မည့် အစီအစဉ်များ စတင်ပြုလုပ်နေပြီဖြစ်ပြီး ကလပ်အသင်းများနှင့် ညှိနှိုင်းပြီးပါက မြန်မာနေရှင်နယ်လိဂ်ကော်မတီထံ တင်ပြမည်ဖြစ်သည်။

**စီစဉ်ထား**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ပြိုင်ပွဲစတင်နိုင်သည့်အနေအထား ရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများထံ တင်ပြရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိမှသာ ကျင်းပနိုင်မည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ကလပ်အသင်းများနှင့် ဆွေးနွေးပါက ပွဲစဉ်များပြောင်းလဲမှု၊ ကစားမည့်ကွင်းအခြေအနေ၊ စီနီယာလိဂ်အပါအဝင် လူငယ်လိဂ်ပြိုင်ပွဲများအတွက် ပြင်ဆင်ထားမှု၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကျင်းပမည့်အစီအစဉ်များအတွက်ပါ ဆွေးနွေးသွားမည်ဖြစ်သည်။ ပွဲစဉ်များစတင်ကျင်းပပါက ပရိသတ်မပါဘဲ ကွင်းပိတ်ကစားရန် စီစဉ်ထားကြောင်းလည်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ယခုရာသီတွင် MNL စီနီယာလိဂ်ပြိုင်ပွဲ၊ MNL-2 စီနီယာလိဂ်ပြိုင်ပွဲ၊ MNL ယူ-၂၁ ပြိုင်ပွဲနှင့် MNL ယူ-၁၉ ပြိုင်ပွဲတို့ ကျင်းပလျက်ရှိသည်။ လိဂ်ပြိုင်ပွဲများအနက် MNL-2 (ပထမတန်း) ပြိုင်ပွဲသာ ပထမအကျော့ပြီးဆုံးပြီး MNL စီနီယာလိဂ်ပြိုင်ပွဲမှာ ပွဲစဉ်(၁၀) ကျင်းပနေသည့်ကာလအတွင်း ရပ်နားခဲ့ရကာ လူငယ်လိဂ်ပြိုင်ပွဲနှစ်ခုမှာလည်း ပထမအကျော့ပွဲစဉ်များ၏ တစ်ဝက်ခန့်သာ ကျင်းပရသေးကြောင်း သိရသည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-စိုးညွန့်






COVID-19 ကာကွယ်ရန် အလိုအလျောက် "၆" ပေ ခွာပေးသော App



Myanmar Care



တစ်ဦးနှင့် တစ်ဦး ၆ ပေ နီးကပ်လာပါက အလိုအလျောက် အသံ (သို့) တုန်ခါမှု ဖြစ်ပေါ်မည်။

၂၁ ရက် အတွင်း သွားခဲ့သော နေရာများ၊ တွေ့ခဲ့သော သူများ စာရင်းကို မှတ်တမ်း သိမ်းဆည်းထားပေးမည်။

ဆိုင်လုပ်ငန်းရှင်များ QR Code ကို စာရွက်တွင် ထုတ်ပြီး ဆိုင်သို့လာရောက်သူများမှ Scan ဖတ်ခြင်းဖြင့် အလိုအလျောက် မှတ်တမ်းတင်ပြီးဖြစ်မည်။

covid.19myanmarcare.com ကို webpage address နေရာတွင် ရေးလျှင် အလိုအလျောက် ဒေါင်းလုပ် ပြုလုပ်နိုင်သည်။

Google Play တွင် လည်း ဒေါင်းလုပ် ပြုလုပ်နိုင်သည်။

QR Code ကို Scan ဖတ်၍လည်း ဒေါင်းလုပ် ပြုလုပ်နိုင်သည်။

# အမြန်ရောင်းမည်

(ဘဏ်နှင့်လည်း ချိတ်ဆက်၍ ဝယ်ယူနိုင်ပါသည်။)

အမှတ်(၁၈)၊ စိမ်းလဲ့မေရိပ်သာလမ်း၊ ရန်ကင်းမြို့နယ်တွင် တည်ရှိသော Basement+Lift ပါဝင်သည့် (၃)ခန်းတွဲ (၆)ထပ်တိုက်အဆင့်မြင့်ကွန်ဒိုရှိ 2MBR, 1BR ပါရှိပြီး (1680) Sqft အကျယ်ရှိသည့် လူနေထိုင်ခွင့် (B.C.C) ရရှိပြီးသော မြေညီထပ်နှင့် ဒုတိယထပ် (၃-လွှာ) တိုက်ခန်းများ။

Ph : 09 250 507 057, 09 428 550 906

ကျောက်ကပ်ရောဂါ အတွက်

ကျောက်ကပ်ဆေး

ဒေါင်းကျွဲဆေး



FAME

ရန်ကုန်မြို့တွင်း အိမ်အရောက် ပို့ပေးနေပါပြီ

09-752721908, 09-954271908

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR 012139 (0522)



တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR 007907 (1220)

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## တင်ဒါကော်မတီ

**တင်ဒါခေါ်ယူထားသည့်လုပ်ငန်းများနှင့်ပတ်သက်၍ အသိပေးခြင်း**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ကျန်းမာရေးနှင့် ဈေးများလုပ်ငန်း တာဝန်ခံအဖွဲ့ ကွပ်ကဲမှုအောက်ရှိ တင်ဒါခေါ်ယူထားသည့် လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ဖော်ပြပါအတိုင်း အသိပေး အကြောင်းကြားအပ်ပါသည်-

(က) ဈေးများ Market Operator စနစ်ဖြင့် ဆောင်ရွက်ရန်အတွက် ၁၀-၃-၂၀၂၀ရက်မှ ၂၁-၄-၂၀၂၀ရက်ထိ ပထမအဆင့် စိတ်ပါဝင်စားမှု ဖော်ပြလွှာ (EOI) ခေါ်ယူခဲ့ပြီး လျှောက်လွှာများ နောက်ဆုံးတင်သွင်းရမည့်ရက်ကို ၃၁-၅-၂၀၂၀ရက်ထိ ပြင်ဆင်သတ်မှတ်ပါသည်။

(ခ) ဈေးများ Market Operator စနစ်ဖြင့် ဆောင်ရွက်ရန် တင်သွင်းလာသည့် EOI လျှောက်လွှာများနှင့် ၁၀-၃-၂၀၂၀ရက်မှ ၈-၄-၂၀၂၀ရက်အတွင်း တင်ဒါခေါ်ယူခဲ့သည့် ဈေး(၁၃)ဈေး၏ သန့်စင်ခန်းဝင်ခကောက်ခံခြင်း လုပ်ငန်းတင်ဒါလျှောက်လွှာများ ဖွင့်ဖောက်မည့်ရက်ကို ထပ်မံအသိပေး အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန၏ တယ်လီဖုန်းအမှတ်-၃၇၆၇၀၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

SUPER RICH MAN GROUP OF COMPANIES


အမှတ်(29/B) တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်။

ကျွန်ုပ်တို့ကုမ္ပဏီအုပ်စုမှ ဖြန့်ဖြူးရောင်းချနေသော အောက်ပါပစ္စည်းများကို အင်္ဂါ၊ ကြာသပတေး၊ စနေနေ့များတွင် အိမ်တိုင်ရာရောက်လိုက်လံပို့ဆောင်ပေးနေပါပြီ။

ရေကူးကန်သုံးပစ္စည်းများ ✽ Safety ပစ္စည်းများ ✽ PPE ဝတ်စုံများ







ရေကူးကန်ရေမသန့်ရှင်းမှုများအတွက် ဖုန်းဆက်ပါက (3)ရက်အတွင်းကွင်းဆင်းစစ်ဆေးပေးပါမည်။(ရန်ကုန်မြို့တွင်း)

| ရေကူးကန်ပစ္စည်းလိုအပ်လျှင် | Safety ပစ္စည်းလိုအပ်လျှင် | PPE ဝတ်စုံလိုအပ်လျှင် |
|---|---|---|
| 09-969770906 | 09-426777200 | 09-969770910 |
| 09-969770904 | 09-426777300 | 09-969770903 |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၃/၂၊ မြေကွက်အမှတ်-၃၁၂၊ မြေပေ(၄၀x၆၀)အကျယ်ရှိ ဦးမောင်မောင်အောင် အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးစိန်လွင် [၁၂/ဥကတ(နိုင်)၀၀၈၉၃၈]ထံမှ ကျွန်မဒေါ်ဆွေဆွေစန်း [၁၂/ဥကတ(နိုင်)၀၃၉၈၂၇] က ဝယ်ယူရန် ရောင်းချငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေခဲ့ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်သည်အထိ ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၂၂)**
**အမှတ်-၁၆၆/ခ၊ နန္ဒဝန်လမ်း၊ ၂၀ ရပ်ကွက်၊ ဒဂုံတောင်။**
**ဖုန်း-၀၉- ၄၃၀၈၇၆၇၇**

တော မှဲ့ မြေ သား ရေ တိုက် စား ၏

ရဟန်း၊ သီမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စောတင် (ကညွတ်ကွင်း)

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ အမှတ်(၇၉၆)၊ မဟော်သဓာလမ်းနေ (သခင်စိန်လွင်-မော်ကွန်းဝင် ပထမအဆင့်)၏ ဇနီး၊ ဒေါ်တင်တင်နွဲ့-(ဦးစိုးတင့်)၊ ဒေါ်ခင်သန်းနွဲ့-(ဦးကျော်ညွန့်)၊ ဒေါ်တင်တင်မာ-(ဦးထွန်းမြင့်)၊ ဒေါ်ခင်စောလွင်-ဦးမင်းသိမ်း၊ (ဦးခင်မောင်လွင်)၊ ဦးကျော်ဇေယျ-ဒေါ်သန်းသန်းဆွေတို့၏ မိခင်ကြီး၊ မြေး ၁၀ ယောက်၏အဘွား၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီး ဒေါ်စောတင်သည် ၁၀-၅-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်ကြွီ (ပုသိမ်-ရေကျော်)

**အငြိမ်းစား(ဆရာမကြီး)**

**အသက်(၈၈)နှစ်**

(ဦးခင်မြင့်)၏ ဇနီး၊ ဦးစိုးနိုင်-ဒေါ်ရင်ရင်မြင့်၊ ဦးနေလင်း-ဒေါက်တာဒေါ်ခိုင်ခိုင်ဆွေ (U.S.A)၊ ဦးသိန်းထွဋ်-ဒေါ်လှိုင်လှိုင်မြင့်၊ ဦးထွန်းလင်းမြင့်-ဒေါ်ခင်နှင်းဦးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးကိုးယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁၀-၅-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးဇော်တင့်

**အသက် (၄၆)နှစ်**

**ဦးစီးအရာရှိ(ပုံနှိပ်)**

**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်နေ (ဦးလှအုန်း-ဒေါ်မြတင်)တို့၏ မြေး၊ ဒဂုံမြို့သစ်တောင်ပိုင်းနေ (ဦးမောင်ဝင်း)-ဒေါ်သန်းအေး တို့၏ သား၊ (ဦးဇော်မြင့်)၏ ညီ၊ (ဦးရဲထွဋ်-ဒေါ်သောင်းကြည်) တို့၏ သားသမက်၊ အမှတ် (၂၁၂/၄)၊ သိမ်ဖြူလမ်း၊ (၉)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ် (ပုံနှိပ်ဝန်ထမ်း အိမ်ရာ)နေ ဒေါ်မူမူဝင်း (စာပေဗိမာန်ပုံနှိပ်စက်ရုံ)၏ ချစ်လှစွာသောခင်ပွန်း၊ မရှွန်းလဲ့ဝေသော်၏ မွေးသဖခင်သည် ၁၀-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇:၁၈ နာရီတွင် အလုပ်သမားဆေးရုံကြီး၌ ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဟာဂျီ ဗိုလ်မှူး တင်မောင်ဝင်း(ငြိမ်း)**

**အသက်(၇၇)နှစ်**

**ဥက္ကဋ္ဌ**

**မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်**

**(မ-အ-ဖ ဌာနချုပ်)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကမ်းနားလမ်း၊ MMG TOWER နေ ဟာဂျီဗိုလ်မှူးတင်မောင်ဝင်း (ငြိမ်း) (ဥက္ကဋ္ဌ-မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်၊ မ-အ-ဖ ဌာနချုပ်)အသက်(၇၇)နှစ် သည် ၉-၅-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁:၃၅ နာရီတွင် နေအိမ်၌ အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့်မိသားစုနှင့်ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအမှုဆောင်အဖွဲ့**

**အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်**

## ဝမ်းနည်းသံဝေဂယူခြင်း

မြန်မာ့မီးရထားအငြိမ်းစားများအသင်း၏ နာယကကြီး ဦးစောဂလက်စတုံး၊ အသင်းဝင်အမှတ် (၈၁၄)၊ ဦးစီးစက်မှုအင်ဂျင်နီယာ(ငြိမ်း)သည် ၉-၅-၂၀၂၀ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း၊ သံဝေဂယူကြရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ အထောက်အကူပြုဌာနခွဲ(လှိုင်စစ်)မှ တည်ဆောက်ရေးအဖွဲ့ (၂)တွင် တာဝန်ထမ်းဆောင်နေသော ဦးနေစိုး လက်ထောက်ညွှန်ကြားရေးမှူး(လှိုင်စစ်) သည် ၁၀-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး**

**တည်ဆောက်ရေးအဖွဲ့(၂)**

**တံတားဦးစီးဌာန**

**ညောင်ဦးမြို့**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမောင်လှ (ထားဝယ်)

**ဒုလုပ်ငန်းစုမန်နေဂျာ(ငြိမ်း) စား/ထွေ**

**အသက်(၈၇)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ တလိုင်းထိန်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၃၃၃)နေ ဦးထွန်းအေး-ဒေါ်အုန်းညွန့်တို့၏ သား၊ ဦးစံလှဘော်-ဒေါ်ဖွားမြင့်တို့၏ သားသမက်၊ ဦးခင်မောင်(တပ်မတော်-ရေ-ငြိမ်း)၊ ဒေါ်တင်ကြည်တို့၏ မောင်၊ (ဒေါ်ကြည်ကြည်)၏ ခင်ပွန်း၊ ဦးကျော်ကျော်သက်-ဒေါ်နီနီစန်း၊ (ဦးမောင်မောင်လတ်)-ဒေါ်လှလှသိန်း၊ ဦးတင်မောင်ထွေး-ဒေါ်ယဉ်ယဉ်အေးတို့၏ ဖခင်ကြီး၊ မရှင်ပြည့်မိုး၊ မဝင်းအိအိကျော်၊ မအေးပြည့်ပြည့်သွယ်၊ မမျိုးမျိုးသူဇာကျော်၊ မောင်နေဘုန်းဆက်၊ မောင်ဘုန်းမြတ်မောင်တို့၏ အဘိုး သည် ၉-၅-၂၀၂၀ (စနေနေ့) မွန်းလွဲ ၂:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ရေတွင်း၊ ရေကန်၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ခင်စု (ဝဲလောင်)

**အသက်(၈၃)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဝဲလောင်မြို့နေ (ဦးမြသန်း)၏ ဇနီး၊ ရန်ကုန်မြို့နေ ဦးချို-ဒေါ်ခင်မြင့်ရီ၊ ဦးမောင်မောင်-ဒေါ်ခင်မြင့်ကြည်၊ (ဦးစောအောင်-ဒေါ်ခင်အေးမူ)တို့၏မိခင်၊ ဒေါ်ဝင်းရွှေ၏အဒေါ်၊ ဦးတိုးလှိုင်ထွန်း-ဒေါ်ချိုသွေးဟန်၊ ဒေါက်တာဆုရည်ဝင့်၊ ဗိုလ်ကြီးမျိုးသန့်ကျော်-မလွင်မာမောင်၊ ဗိုလ်ထက်ဇော်ဝင်း၊ မသက်ဖြိုးဝေတို့၏ အဘွား၊ မောင်လင်းခန့်ကျော်၏ ဘွားဘွားကြီးသည် ၁၀-၅-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေသရဖီရိပ်မွန်နေအိမ်၌ ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၀ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှသိန်း

**စုံစမ်းရေးမှူး-ငြိမ်း၊ စစစ**

**မန္တလေးတိုင်းဒေသကြီးဘောလုံးလက်ရွေးစင်ဟောင်း**

**မန္တလေးတက္ကသိုလ်ဘောလုံးလက်ရွေးစင်ဟောင်း**

**အသက် (၆၇) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြွန်တန်ဆာမြို့နေ (ဦးဖိုးထင်-ဒေါ်ညွန့်တင်)တို့၏ သားသမက်၊ လားရှိုးမြို့၊ ရပ်ကွက်(၁)၊ ပါရမီလမ်းသွယ် (၁)နေ (ဦးလှတင်-ဒေါ်ခင်လှိုင်)တို့၏ ဒုတိယသား၊ ဒေါ်နှစ်ဆန်းတင်၏ခင်ပွန်း၊ ဦးခင်မောင်အေး၏ ညီ၊ ဦးအေးဇော်၊ ဒုရဲမှူးကြီးတင့်ဝေ(ငြိမ်း)-ဒေါ်သွယ်သွယ်စန်း၊ ဒေါ်သန်းသန်းတင်(လားရှိုးတက္ကသိုလ်-အဝေးသင်)၊ ဦးကြည်တိုးအောင်၊ ဦးသက်ခိုင်-ဒေါ်နီနီသန်း၊ ဦးသီဟဇော်-ဒေါ်အပန်တို့၏ အစ်ကို၊ မအေးအေးဆန်း (a) Aedar (ခေတ္တ-စင်ကာပူ)၏ ဖခင်၊ တူ/တူမ ငါးယောက်တို့၏ဘကြီး ဦးလှသိန်းသည် ၈-၅-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်းနှင့် ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမကြီး၊ အမှတ် (78/A)၊ ငါးလွှာ ဒေါ်နှစ်ဆန်းတင်၏ နေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဗိုလ်ကြီးသန်းထိုက် (ငြိမ်း)

**အသက်(၆၅)နှစ်**

**တေဇ-၅၊ ကြည်း-၁၄၄၇၉**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရွာသစ်(၂)လမ်း၊ အမှတ်(၇၁၃)နေ (ဦးစန်ဝ)-ဒေါ်ခင်စန်းတို့၏ သားကြီး၊ (ဦးခင်ဇော်-ဒေါ်ခင်သန်း)တို့၏ သားသမက်၊ (ဗိုလ်ကြီးသိန်းထိုက်-ဒေါ်ခင်တင့်)၊ (ဦးဝင်းထိုက်)၊ ဗိုလ်မှူးခင်မောင်ထွေး(ငြိမ်း)-ဒေါ်မိမိထိုက်တို့၏ အစ်ကိုကြီး၊ ရွှေပြည်သာမြို့နယ်၊ စိန်ပန်းလမ်းသွယ်(၁)၊ အမှတ်(၂၉/၁၅၅)၊ (၂)ရပ်ကွက်နေ ဒေါ်ခင်ဇော်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဝေယံသန်းထိုက် (Final Part-I၊ ဆေး-၂)၏ ဖခင် ဗိုလ်ကြီးသန်းထိုက်(ငြိမ်း)သည် ၁၀-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၆:၀၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရွှေပြည်သာမြို့နယ်နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၂၀ (တနင်္လာနေ့)တွင် ရွှေပြည်သာမြို့နယ် ဒေါ်ခင်ဇော်မြင့် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးသန်းထိုက် (ငြိမ်း)**

**ကြည်း-၁၄၄၇၉၊ တေဇ(၅)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ ဒေါ်ခင်ဇော်မြင့်၏ခင်ပွန်း ဗိုလ်ကြီးသန်းထိုက်(ငြိမ်း)သည် ၁၀-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၆:၀၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၅)မှ သူငယ်ချင်းများနှင့်မိသားစုဝင်များ**

ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယိကာမကြီး

## ဒေါ်ခင်သန်း

**အသက် (၉၂) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၃၆)၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်းနေ (ဦးဘိုးဆိုင်-ဒေါ်စိန်ခ)တို့၏ သမီး၊ (ဦးဟုတ်စိန်-ဒေါ်အေးမေ)တို့၏ သမီးချွေးမ၊ (ဦးဘအုန်း-ဒေါ်လှိုင်)၊ (ဦးစိန်-ဒေါ်ချစ်သန်း)၊ (ဦးထွန်းမြင့်-ဒေါ်မြမေ)၊ ဒေါ်အေးကြည်၊ (ဦးဘာဘာ-ဒေါ်နီ)၊ (ဦးကျင်ဝမ်-ဒေါ်မြကြည်)၊ (ဦးကျော်ခင်-ဒေါ်ခင်ရီ)တို့၏ ညီမ၊ (ဦးယုဌေး-ဒေါ်မြသိန်း)တို့၏အစ်မ၊ ဦးမျိုးလွင်၏ဇနီး၊ ဒေါ်သန်းသန်းနွယ်၊ ဦးအောင်ကြီး-ဒေါ်အေးအေးမြင့်၊ ဦးညီညီလွင်-ဒေါ်လှိုင်လှိုင်မော်တို့၏ ချစ်လှစွာသောမိခင်၊ မြေးလေးယောက်တို့၏အဘွား ဒေါ်ခင်သန်းသည် ၈-၅-၂၀၂၀ ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၂၀ ရက် ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာဦးမောင်ကို

**ရောဂါဗေဒဆရာဝန်ကြီး(ငြိမ်း)**

**ကျန်းမာရေးဝန်ကြီးဌာန**

**အသက်(၉၁)နှစ်**

စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နေ (ဦးမောင်-ဒေါ်ညွန့်)တို့၏ သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ်(၁၂/B)၊ အင်းယားလမ်းနေ (ဒေါက်တာဒေါ်စောသာ)၏ ခင်ပွန်း၊ ဒေါ်ခင်နွယ်ဦး၊ ဦးညွန့်ရွှေ(Petronas)-ဒေါ်ခင်နွယ်သန်း၊ ဦးအောင်နိုင်ကို (Chief Engineer)-ဒေါ်ချောသီရိ တို့၏ ဖခင်၊ ဒေါက်တာမီသူကို၏အဘိုး ဒေါက်တာဦးမောင်ကိုသည် ၁၀-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၀၀:၄၂ နာရီတွင် အင်းယားလမ်းနေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသည်။ ကျန်ရှိသည့်ရုပ်ကလာပ်ကို ၁၀-၅-၂၀၂၀ ရက် နံနက် ၁၀:၂၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး

## ဦးကိုကို

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်ရေကန်လမ်း၊ အမှတ်(၃၇/သုံးလွှာ)နေ (ဒေါ်တင်တင်ဝင်း)၏ ခင်ပွန်း၊ (ဦးစောမောင်-ဒေါ်နု)တို့၏ သား၊ (ဦးဟန်တင်-ဒေါ်လှမြင့်)တို့၏ သားသမက်၊ ဦးမိုး ကျော်-ဒေါ်မိုးစန္ဒာ၊ ဒေါက်တာနွယ်နီဌေး၊ ဒေါက်တာအောင်ကျော်လှိုင်-ဒေါက်တာစိုးဝင်းမော်၊ ဦးမင်းထွဋ်အောင်-ဒေါ်ငြိမ်း ငြိမ်းအိတို့၏ ဖခင်၊ မဆုမြတ်မဒီ၊ မောင်လင်းထက်ကျော်၊ မောင်ပိုင်ထူးသန့်၊ မောင်ဝေယံဘုန်းမြတ်၊ မသဲတုန်တုန်တို့၏အဘိုးသည် ၉-၅-၂၀၂၀ (စနေနေ့) ညနေ ၃:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အနိစ္စ**

**ကြီးမြန် သစ်ပင် စိုက်ပျိုး လျှင် စွမ်းအင် လည်း ရ ပြည် လည်း လှ**

အလ္လာအရှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီအဗ္ဗဒွလ်ရရှီးဒ်(ခ)ဗိုလ်မှူးတင်မောင်ဝင်း(ငြိမ်း)

**D.S.A-7**

**ဥက္ကဋ္ဌ၊ မြန်မာမွတ်စလင်မ်အမျိုးသားရေးရာအဖွဲ့ချုပ်(မ.အ.ဖ.-ဌာနချုပ်)**

**အသက် (၇၇)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် (၄၄/၅၆)၊ ကမ်းနားလမ်း၊ M.M.G Tower နေ ဒေါ်လဲ့လဲ့နိုင်(ခ)ဒေါ်လီအောင်၏ ခင်ပွန်း၊ ဒေါ်စန္ဒာဝင်း၊ ဦးရန်နိုင်ဝင်း၊ (ဒေါ်နီလာဝင်း)၊ ဒေါ်သူဇာဝင်းတို့၏ ဖခင်၊ မမေစန္ဒီဝင်း (U.S.A)-မောင်ဉာဏ်လင်းထွန်း (U.S.A)၊ မယမင်းရွှေရည် (Qatar)၊ မောင်ဖြိုးမောင်မောင်၊ မောင်မင်းထက်မောင်မောင်-မဖြူဝင်းစံ၊ မောင်မျိုးဆက်စည်သူတို့၏ အဘိုးသည် ၉-၅-၂၀၂၀ ရက်နေ့ မွန်းလွဲ ၁:၃၅ နာရီတွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် အစွရ်ဆွလာသ်အပြီး ရေဝေးမွတ်စလင်ကဗရ်စတန်၌ ဒဖာန်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာမြတ်ထွန်းလင်း

**မေ့ဆေးအထူးကုဆရာဝန် (မောင်တောပြည်သူ့ဆေးရုံ)**

**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၃)လမ်း(အလယ်)၊ အမှတ်(၁၁၇/၁၂၇/F.3)နေ ဦးထွန်းလှအောင်-ဒေါ်အေးချိုတို့၏ သားကြီး၊ မနန္ဒာမြလှိုင်၏ ချစ်လှစွာသောခင်ပွန်း၊ သက်ထားမြတ်သွယ်(ခ)အသဲလေး၏ ဖခင်၊ ဒေါက်တာဝင်းထွန်းလင်း(သွားတုဆေးပညာအထူးကု)၊ ဒေါက်တာထွန်းထွန်းလင်း (မေ့ဆေးပညာအထူးကု)-မပြည့်ဖြိုးလှိုင်၊ ဒေါက်တာခိုင်ထွန်းလင်း (စိတ်ကျန်းမာရေးအထူးကု)တို့၏ ချစ်ခင်လေးစားရပါသောအစ်ကိုကြီး၊ မအေးဆောင်းလင်း၊ မောင်သီဟလင်း(ခ)သွင်ထွန်းလင်းတို့၏ ဦးကြီး ဒေါက်တာမြတ်ထွန်းလင်း(မေ့ဆေးအထူးကု) သည် ၉-၅-၂၀၂၀ ရက် မွန်းလွဲ ၂:၁၅ နာရီတွင် မောင်းတောပြည်သူ့ဆေးရုံ၌ ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၀ ရက်တွင် မောင်းတောသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမြတ်ထွန်းလင်း**

**မေ့ဆေးအထူးကု**

**အသက်(၄၃)နှစ်**

မောင်တောမြို့၊ ပြည်သူ့ဆေးရုံတွင် တာဝန်ထမ်းဆောင်နေသော ဒေါက်တာမြတ်ထွန်းလင်း (မေ့ဆေးအထူးကု) သည် ၉-၅-၂၀၂၀ ရက် မွန်းလွဲ ၂:၁၅ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လပြည့်ဝန်းဆေးခန်းမိသားစု၊ မောင်တောမြို့**

# အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(ယူအေအီး)တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့


အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(ယူအေအီး)မှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**နေပြည်တော် မေ ၁၀**

အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(ယူအေအီး)တွင် လုပ်ငန်းများ ရပ်တန့်သဖြင့် အခက်အခဲများ ကြုံတွေ့နေကြရသည့် မြန်မာအလုပ်သမားများနှင့် ဒူဘိုင်းဆိပ်ကမ်းသို့ ရောက်ရှိနေသည့် မြန်မာသင်္ဘောသားများအပါအဝင် မြန်မာနိုင်ငံသား ၁၄၈ ဦးအား Fly Dubai Airlines ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

**တာဝန်ယူဆောင်ရွက်**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့်နေရာ သို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ○

## မိုင်းယန်းမြို့နယ်သို့ တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသော မြန်မာအလုပ်သမား ၂၄၁ ဦးအား နေရပ်သို့ပို့ဆောင်နိုင်ရေး ပူးပေါင်းဆောင်ရွက်

**မိုင်းယန်း မေ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသော မြန်မာအလုပ်သမား ၂၄၁ ဦးအား NDAA (မိုင်းလား)ဒေသအထူး(၄)ဆီလူးဒေသအုပ်ချုပ်ရေးမှူး ဦးနန်ကျိုင်စံ ဦးဆောင်သောအဖွဲ့က မိုင်းယန်းမြို့ နယ်စပ်ဇရိယာအတွင်းသို့ ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်က လာရောက်ပို့ဆောင်ပေးသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသော မြန်မာအလုပ်သမား ၂၄၁ ဦးမှာ NDAA(မိုင်းလား)ဒေသအထူး(၄) မိုင်းလားမြို့၌ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်စစ်ဆေးမှု ၂၁ ရက် ပြည့်ပြီးဖြစ်၍ မိုင်းယန်းမြို့ နယ်စပ်ဇရိယာအတွင်းသို့ မော်တော်ယာဉ် ၁၁ စီးဖြင့် လာရောက်ပို့ဆောင်ခဲ့ရာ မိုင်းယန်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆမ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့်တပ်ရင်းတပ်ဖွဲ့တို့ပူးပေါင်းကာ ကျန်းမာရေးစစ်ဆေးခြင်းများ၊ လူဦးရေစိစစ်ခြင်းများ ဆောင်ရွက်၍ မိုင်းယန်းမြို့နယ်မှ ကျိုင်းတုံမြို့နယ်သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထွန်းထွန်းထူး(ပြန်/ဆက်)

## ပြည်တွင်းဘောလုံးပြိုင်ပွဲများ ဇွန်လနောက်ဆုံးပတ်နောက်ပိုင်း ပြန်လည်ကျင်းပနိုင်ရန် ကြိုးပမ်း


၂၀၂၀ ရာသီ MNL ပွဲစဉ်တစ်ခုအား တွေ့ရစဉ်။

**ရန်ကုန် မေ ၁၀**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားသည့် MNL ပြိုင်ပွဲအပါအဝင် ပြည်တွင်းပြိုင်ပွဲများကို ဇွန်လနောက်ဆုံးပတ်နောက်ပိုင်း ပြန်လည်ကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ကိုဗစ်-၁၉ ရောဂါကြောင့် MNL ပြိုင်ပွဲအပါအဝင် ပြည်တွင်းပြိုင်ပွဲများကို မတ် ၂၄ ရက်မှစ၍ ရပ်နားထားသည်။ ပြိုင်ပွဲမရပ်နားမီ ပရိသတ်မပါဘဲ ကျင်းပခဲ့သော်လည်း မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူတွေ့ရှိပြီးနောက်ပိုင်း ရက်အကန့်အသတ်မရှိ ရပ်နားခဲ့ခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာ့နိုင်ငံအားလုံးနီးပါးတွင် ဘောလုံးပြိုင်ပွဲများကျင်းပမှု ရပ်နားခဲ့ရသော်လည်း ပြီးခဲ့သည့်ရက်ပိုင်းမှစတင်ကာ နိုင်ငံအချို့တွင် လိဂ်ပြိုင်ပွဲများ ပြန်လည်ကျင်းပလာပြီး မြန်မာနေရှင်နယ်လိဂ်ကော်မတီအနေဖြင့်လည်း ပြည်တွင်းပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရန် ကြိုးပမ်းလာခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ၏ ကေလိဂ်ပြိုင်ပွဲကို မေ ၈ ရက်က ပြန်လည်ကျင်းပခဲ့သလို

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❖

ကြေးမုံ
အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

ကြေးမုံ ယနေ့ ဖတ်စရာ


E-media နည်းလမ်းများ အသုံးပြု၍ စိုက်ပျိုးနည်းပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်
စာမျက်နှာ » ၄

ဒလ-ပန်းဆိုးတန်း ပြေးဆွဲနေသည့် ချယ်ရီရေယာဉ်များ ကိုယ်ထည်ကြံ့ခိုင်ရေး ဆောင်ရွက်လျက်ရှိ
စာမျက်နှာ » ၇

အသွားအလာကန့်သတ်မှု ထိန်းချုပ်ရေးအမိန့်ကို နောက်ထပ် တစ်လ သက်တမ်းတိုးမည်ဟု မလေးရှားဝန်ကြီးချုပ် မူယက်ဒင်ယာဆင် ပြော
စာမျက်နှာ » ၁၂



တေလာဆွစ်ရဲ့ တေးဂီတဖျော်ဖြေပွဲကို ရုပ်သံမှ ထုတ်လွှင့်မည်
စာမျက်နှာ » ၂၆



အသင်းမှာ မပျော်မရွှင်ဖြစ်နေတဲ့ ဂိုးသမားဒီဂီယာ နေရာမှာ အစားထိုးဖို့ ဂိုးသမားတစ်ဦး ခေါ်ယူရန် မန်ယူ ပြင်ဆင်
စာမျက်နှာ » ၂၇

ကြေးမုံ
အထူးကဏ္ဍ
မေ ၁၁၊ ၂၀၂၀ (တနင်္လာနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# ပြည်သူ့အားဖြင့် အောင်မြင်မှုခရီးပန်းတိုင်ဆီသို့ ဆက်လက်ချီတက်နေမည့် တနင်္သာရီတိုင်းဒေသကြီး

သတင်းဆောင်းပါး - သီသီမင်း၊ ဓာတ်ပုံ - နေလင်း

**ရေ၊ မြေ၊ တောတောင် သဘာဝအလှအပများနှင့် အဖိုးတန်သယံဇာတရင်းမြစ်များ ပိုင်ဆိုင်ထားသော မြန်မာနိုင်ငံတောင်ဘက်ပိုင်း တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စတင်တာဝန်ယူခဲ့သည့်အချိန်မှစ၍ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် စတုတ္ထ(၁)နှစ်တာကာလ ရောက်ရှိခဲ့ပြီဖြစ်သည်။**



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်

"အဓိက ပြုပြင်ပြောင်းလဲမှုအနေနဲ့ လမ်းပန်းဆက်သွယ်ရေးပါ။ နောက်တစ်ခုက စီမံခန့်ခွဲမှု အပိုင်းတွေရှိပါတယ်။ ဒါတွေကို အဓိကထားပြီး ပြုပြင်ပြောင်းလဲနေပါတယ်။ ဒေသရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေဆိုရင် ပုလဲလုပ်ငန်းတွေရှိတယ်၊ ခရီးသွားလုပ်ငန်း၊ သတ္တုလုပ်ငန်း၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေ ရှိပါတယ်။ ဒီလုပ်ငန်းတွေကို ပိုမိုဆောင်ရွက်နိုင်အောင် တိုင်းဒေသကြီးအစိုးရဘက်က ပံ့ပိုးပေးရမယ့်အပိုင်းတွေကို အတတ်နိုင်ဆုံး ဆောင်ရွက်နေတဲ့ အပိုင်းတွေရှိပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က ပြောသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း တိုင်းဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ကုမ္ပဏီများမှ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမရှိသည့် မြေယာများကို ဒေသခံတောင်သူများအား ဥပဒေနှင့်အညီ ပြန်လည်ပေးအပ်လုပ်ကိုင်နိုင်ရေး၊ ဒေသတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရေထွက်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး၊ တိုင်းဒေသကြီးအတွင်း သယံဇာတများ ထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုနည်းသည့်စနစ်များ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုနိုင်ရေး၊ ပြည်သူများ၏ ဒေသအတွင်းလုံခြုံရေးနှင့် တရားဥပဒေအရ အကာအကွယ်ပေးမှုများ အပြည့်အဝရရှိရေး၊ တိုင်းဒေသကြီးအတွင်းသို့ မဟာဓာတ်အားလိုင်း သတ်မှတ်ကာလတွင် ရောက်ရှိနိုင်ရေးအတွက် တင်ပြညှိနှိုင်း ဆောင်ရွက်မှုများပြုလုပ်ကာ လျှပ်စစ်ဓာတ်အားခ ဈေးနှုန်းတည်ငြိမ်၍ မှန်ကန်သော ဈေးနှုန်းရရှိနိုင်ရေး စသည့်ရည်မှန်းချက်များ ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး စသည့်မူဝါဒကြီး(၃)ရပ်အပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးမူဝါဒများဖြစ်သော စီးပွားရေးမူဝါဒ (၁၂)ရပ်ကို အလေးထား ဆောင်ရွက်လျက်ရှိသည်။

## လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၄ နှစ်တာကာလအတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ပြည်ထောင်စုလမ်းမကြီးနှင့် တိုင်းဒေသကြီး ဆက်သွယ်ဖောက်လုပ်ထားသည့် အဓိကလမ်းမကြီးကို အပိုင်းလိုက် အဆင့်မြှင့်တင်ခြင်း၊ ပေ ၅၀ အောက်မှ ပေ ၁၈၀ အထက် တံတားအသစ်များ ဆောက်လုပ်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေသည့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ခြင်းနှင့် မြို့ပြလမ်းများ အဆင့်မြှင့်တင်ခြင်းတို့ကို နှစ်စဉ်ဘဏ္ဍာငွေ အမြောက်အမြား အကုန်အကျခံကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်လမ်းဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၁၄၁/၆ ဒသမ ၇၆ မိုင်၊ ကတ္တရာလမ်း ၁၈/၄ ဒသမ ၃၄ မိုင်၊ ကျောက်လမ်း ၆၃/၂ ဒသမ ၇၄ မိုင်၊ အမာခံလမ်း ၁၈၁/၆ ဒသမ ၅၃ မိုင်နှင့် ၁၀ ပေမှ ပေ ၅၀ အောက်တံတား ၁၈၆ စင်း၊ ပေ ၅၀ အထက်တံတား ၇ စင်း၊ ပေ ၅၀ မှ ပေ ၁၈၀ အထက်တံတား ၄ စင်းနှင့် Box Culvert /ရေပြွန် ၁၄၇ စင်း စုစုပေါင်း ၃၄၄ စင်းတို့ကို ရန်ပုံငွေကျပ် ၆၄၀၄၀ ဒသမ ၁၉၂ သန်း အကုန်အကျခံကာ ဆောင်ရွက်ခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း ၇၅/၇ မိုင်၊ ကတ္တရာလမ်း ၂/၅ မိုင်၊ ကျောက်လမ်း ၅၉/၅ မိုင်၊ အမာခံလမ်း ၁၄၇/၁ မိုင် စုစုပေါင်း ၂၈၅ မိုင်နှင့် ၁၀ ပေမှ ပေ ၅၀ အောက်တံတား ၆၆ စင်း၊ ပေ ၅၀ အထက်တံတား ၉ စင်း၊ ပေ ၅၀ မှ ပေ ၁၈၀ အထက်တံတား ၇ စင်းနှင့် Box Culvert/ရေပြွန် ၁၅၆ စင်း စုစုပေါင်း ၂၃၈ စင်းကို ရန်ပုံငွေကျပ် ၄၇၁၈၁ ဒသမ ၅၂၅ သန်း အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။

"လမ်းတံတားနဲ့ပတ်သက်ပြီး အထူးမြှင့်တင်ဆောင်ရွက်နေပါတယ်။ ဒီလိုမျိုး ဆောင်ရွက်ပေးရတဲ့ ရည်ရွယ်ချက်တွေက လမ်းပန်းဆက်သွယ်ရေး ကောင်းပြီဆိုရင် နောက်ဆက်တွဲအနေနဲ့ ဒေသဖွံ့ဖြိုးရေးတွေ တွဲပြီးပါလာအောင်၊ ပညာရေးနဲ့ ကျန်းမာရေးတွေ ပိုပြီးအဆင်ပြေလာအောင် ရည်ရွယ်ပြီး ဘတ်ဂျက်ကို တိုးမြှင့်လျာထားသုံးစွဲခြင်းဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

## အဓိကတံတားကြီး သုံးစင်း

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးအတွက် အထူးအရေးပါသည့် သမုတ်လွတ်လွတ်တံတား၊ တနင်္သာရီတံတားနှင့် ပုလုံးတုံတုံးတံတား အဓိကတံတားကြီး သုံးစင်းကို အသစ်ပြန်လည်တည်ဆောက်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်းပြီးစီးရန် လျာထား ဆောက်လုပ်လျက်ရှိသည်။

"ဒီတံတားကြီးတွေ ပြီးသွားပြီဆိုရင် အချိန်တိုအတွင်းမှာ ထားဝယ်ကနေ မြိတ်နဲ့ ကော့သောင်းတို့ကို သွားလာနိုင်မှာဖြစ်ပါတယ်။ ဒီတံတားကြီး ၃ စင်းက ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာ

အထူးကဏ္ဍ [ ခ ] သို့ »»»



၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)မှ တည်ဆောက်လျက်ရှိသော အရှည်ပေ ၂၄၀၀ ရှိသည့် ပုလုံးတုံတုံးတံတားကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

နှစ်မှာ ပြီးစီးမှာဖြစ်ပါတယ်။ ကျန်တဲ့တံတားတွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာ ပြီးစီးအောင် ဆောင်ရွက်နေပါတယ်” ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က ပြောသည်။

**အုပ်ချုပ်စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများ**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် မျက်မှောက်ကာလတွင် ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာဖြင့် တိကျမှန်ကန်၊ မြန်ဆန်စွာ ဝန်ဆောင်မှုပေးနိုင်ရန်၊ ဌာနဆိုင်ရာများမှ ဆောင်ရွက်ပေးလျက်ရှိသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းစဉ်များအား ပြည်သူများမှ လွယ်ကူစွာသိရှိပြီး ပြည်သူများနှင့် ဌာနဆိုင်ရာများအကြား အပြန်အလှန် လေးစားယုံကြည်အားကိုးမှုများ တိုးပွားလာစေရန်နှင့် ပြည်သူလူထုအတွက် ရိုးရှင်းလွယ်ကူသည့် စီမံခန့်ခွဲမှု၊ ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ရည်ရွယ်၍ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး ဌာနဆိုင်ရာလုပ်ငန်းများ၊ စနစ်တကျ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ Standard Operating Procedures (SOP) စာအုပ်များကို ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ပထမအကြိမ်၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေ၍ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်/မြို့အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ဖြန့်ဝေ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် အများပြည်သူ အလွယ်တကူ ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာရယူနိုင်ရန် Mobile Phone များတွင် အသုံးပြုနိုင်သော Tanintharyi SOP Application ကို ထားဝယ်ကွန်ပျူတာတက္ကသိုလ်နှင့် ပူးပေါင်းရေးဆွဲပြီး Google Play Store ၌ အခမဲ့ Download ရယူအသုံးပြုနိုင်ရေး ဆောင်ရွက်ခဲ့ကာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ Website ၌ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၉ ရက်တွင် တရားဝင်အသိပေး ကြေညာခဲ့သည်။

“စီမံခန့်ခွဲမှုအပိုင်းမှာ ပြည်သူ့ဝန်ဆောင်မှုနဲ့ပတ်သက်တဲ့ ဝန်ဆောင်မှုကိစ္စတွေကို ပြည်သူက လိုက်နာဆောင်ရွက်ရမယ့်အပိုင်းတွေ လုပ်ထုံးလုပ်နည်းအပိုင်းတွေ ရှင်းရှင်းလင်းလင်းမသိရှိတော့ ဆောင်ရွက်ရတဲ့အပိုင်းတွေမှာ အခက်အခဲရှိပါတယ်။ ဌာနအနေနဲ့လည်း ဆောင်ရွက်ရတဲ့အပိုင်းတွေမှာ ရှိတဲ့အင်အားနဲ့ ဝန်ဆောင်မှုအပိုင်းတွေ ဆောင်ရွက်ရတဲ့အချိန်မှာ အခက်အခဲလေးတွေ၊ အဆင်မပြေတာလေးတွေ၊ အချိန်ကြန့်ကြာနေတာလေးတွေရှိပါတယ်။ ဒါကြောင့် Standard Operating Procedures (SOP)ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ပြည်သူနဲ့ ဌာနဆိုင်ရာတွေ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်တဲ့အခါ ပိုပြီးလွယ်ကူချောမွေ့အောင် ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်” ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။



ကျွန်းစုမြို့နယ်အတွင်းရှိ ကဏန်းပျော့မွေးမြူရေးကန်ကို တွေ့ရစဉ်။

**ဟိုတယ်နှင့် ခရီးသွားကဏ္ဍ**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိထင်ရှား ကျော်ကြားသော ရှင်ကိုးရှင်ဘုရားများ၊ သဘာဝအတိုင်း မပျက်စီးသေးဘဲ တည်ရှိနေသည့် ကမ်းခြေအလှများ၊ သယံဇာတများနှင့် ကျွန်းစုများကြောင့် ဒေသတွင်းခရီးသွားများသာမက ပြည်ပမှခရီးသွားများ လာရောက်လည်ပတ်ကြရာ လက်ရှိအချိန်တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ဟိုတယ် ၃၅ ခုနှင့် တည်းခိုရိပ်သာ ၁၁ ခု ဖွင့်လှစ်ထားရှိပြီး ခရီးလှည့်လည်ရေးကုမ္ပဏီ ၁၁၇ ခုတို့ဖြင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**လက်ရှိအချိန်တွင် တနင်္သာရီတိုင်းဒေသကြီး အတွင်း၌ ဟိုတယ် ၃၅ ခုနှင့် တည်းခိုရိပ်သာ ၁၁ ခု ဖွင့်လှစ်ထားရှိပြီး ခရီးလှည့်လည်ရေး ကုမ္ပဏီ ၁၁၇ ခုတို့ဖြင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိ**

“ဒေသခရီးသွားလုပ်ငန်းနဲ့ ပိုမိုပြီးတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်နေပါတယ်” ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က ပြောသည်။

တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ပိုမိုမြှင့်တင်နိုင်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ဟိုတယ်လုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲများ၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်(အခြေခံ) (Regional Guide) သင်တန်းများ၊ Swiss Contact ၏ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုအတတ်ပညာဖွံ့ဖြိုးမှုအစီအစဉ်အရ ဧည့်ဝန်ဆောင်မှုသင်တန်းများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းသင်တန်းများ ဖွင့်လှစ်ကာ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

**ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း (CBT)ကို ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် စမ်းလှမ်းကျေးရွာတွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၅ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ဒုံးညောင်မှိုင်းကျေးရွာနှင့် ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် မကြုံဂလက်ကျေးရွာများကို အစဉ်တိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ကြိုးပမ်းလျက်ရှိပြီး အဆိုပါကျေးရွာများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက ကျန်ရှိနေသေးသည့် ဆလုံကျေးရွာများတွင် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (CBT)ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ထားဝယ်ခရိုင်အတွင်းရှိ အကောင်အထည်ဖော် ဆောင်ရွက်နေသော ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးနှင့် ဈေးကွက်ချိတ်ဆက်ရှာဖွေရေးတို့အတွက် ခရီးသွားလုပ်ငန်း အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ကာ ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉-၂၀၂၀ ခရီးသွားရာသီ၏ ပင်လယ်ပြင်ကျွန်းခရီးစဉ် အကြိုဖွင့်ပွဲအခမ်းအနားကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၆ ရက်က ကော့သောင်းခရိုင်နှင့် ရေဖြူမြို့နယ်ရှိ ကလုံးထာလူထုအခြေပြု ခရီးသွားလုပ်ငန်း(CBT) ဖွင့်ပွဲအခမ်းအနားကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြုလုပ်ခဲ့သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ထိုသို့ ခရီးသွားလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်မှုရှိနေသလို တစ်ဖက်တွင်လည်း ဒေသတွင်း သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမဖြစ်



ပင်လယ်ပြင်ငါးဖမ်းထွက်ခွာမည့် ကမ်းဝေးငါးဖမ်းရေယာဉ်များကို တွေ့ရစဉ်။

အထူးကဏ္ဍ [ ဂ ] သို့ »»»

»»» အထူးကဏ္ဍ [ ခ ] မှ

စေရန်အတွက် မောင်းမကန်ကမ်းခြေ၌ တရားမဝင် သန္တာကျောက်ခက်၊ ကျောက်ပွင့်၊ ကျောက်မှိုနှင့် သန္တာကျောက်တန်းများ ရောင်းချလျက်ရှိသော ဈေးဆိုင်များကို ဝင်ရောက်စစ်ဆေးခဲ့ပြီး ပစ္စည်းများသိမ်းဆည်းခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကျွန်းများပေါ်တွင် အမှိုက်ကင်းစင်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်း (Sustainable Tourism)ဖြစ်လာစေရန် ဦးတည်ဆောင်ရွက်နေသည့်အတွက် ပင်လယ်ကမ်းခြေများနှင့် ကျွန်းစုများပေါ်တွင် လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်များကို စနစ်တကျရေးဆွဲစိစစ်ပြီးမှသာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခွင့်ပြုပေးလျက်ရှိသည်။

“ကျွန်းတွေမှာ အထပ်မြင့်အဆောက်အအုံတွေ ခွင့်မပြုပါဘူး။ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေတဲ့ Resort တွေပဲ ခွင့်ပြုပါတယ်။ အဓိကက ကိုယ့်ဒေသမှာ သန့်ရှင်းသပ်ရပ်မှုတွေရှိနေရမယ်။ Tourism နဲ့ ပတ်သက်ရင် Sustainable Tourism ကို ဦးတည်ပြီး ဆောင်ရွက်တဲ့အတွက် ခဏလေးနဲ့ အများကြီးဝင်လာပြီး ပျက်စီးသွားတာမျိုး မလုပ်ပါဘူး။ အဓိက ရေရှည်လုပ်နိုင်တဲ့ ခရီးသွားလုပ်ငန်းတွေကို ကျွန်တော်တို့ ဦးတည်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်” ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

**မူးယစ်ဆေးဝါး ဖမ်းဆီးမှု**

တိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးအတွက် ဆောင်ရွက်ခဲ့ရာတွင် အမှုပေါင်း ၁၀၃၁ မှု၊ စိတ်ကြွဆေး ၁၂၇၀၂၉၅ ပြား၊ ဘိန်းစာမှုန့် ၂၅၈၅ ဒသမ ၆၈ ကီလိုဂရမ်၊ ဆေးခြောက် ၃ ဒသမ ၆၅ ကီလိုဂရမ်၊ ကတ်တမင်းကီလိုဂရမ် ၄၉၀ နှင့် ICE ၃၃၀၉ ဒသမ ၂ ကီလိုဂရမ် စုစုပေါင်း တန်ဖိုးငွေကျပ်သိန်းပေါင်း ၃၄၉၉၈၅ သိန်းနှင့် တရားခံ ၁၅၃၉ ဦး ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

**သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ပေးအပ်**

စတုတ္ထ (၁)နှစ်တာကာလအတွင်း သိမ်းဆည်းခံလယ်ယာမြေများနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ကို တောင်သူ ၄၀၁၅ ဦး၊ ဦးပိုင်ပေါင်း ၄၇၅၆ ခုနှင့် မြေဧရိယာဧက ၃၅၄၉၀ ထုတ်ပေးနိုင်ခဲ့သည့်အပြင် အခြားနည်းသုံးစွဲခွင့်ပြုမိန့်ကို တောင်သူ ၅၅ ဦးနှင့် မြေဧရိယာပေါင်း ၁၂၄၂၉၄၅ ဧက၊ လယ-၃၀ (ခ) လျှောက်ထားသည့် တောင်သူ ၂၉၄ ဦးနှင့် မြေဧရိယာပေါင်း ၁၉၀၈ ဒသမ ၇၀၄ ဧကတို့ကို ခွင့်ပြုချထားပေးခဲ့ပြီးဖြစ်သည်။

“နိုင်ငံတော်က ချမှတ်ထားတဲ့ မြေစာရင်းမူဝါဒ ၅၂ ချက်နဲ့အညီ အတတ်နိုင်ဆုံး မှန်မှန်ကန်ကန်နဲ့ စွန့်လွှတ်ပေးနိုင်ရေးနဲ့ မူလလက်ဝယ်ပြန်လည်ရရှိရေးကို တွန်းအားပေးပြီး ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်ကလည်း ပြီးစီးအောင်ဆောင်ရွက်ဖို့ လမ်းညွှန်ထားတဲ့အတွက် အားသွန်ခွန်စိုက် ဆောင်ရွက်နေပါတယ်” ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က ပြောသည်။

**ဆန်စပါးဖူလုံရေး**

တိုင်းဒေသကြီးအတွင်း ဆန်စပါးဖူလုံရေးအတွက် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုမှာ ၂၀၁၈-၂၀၁၉ ခုနှစ် စိုက်ပျိုးမြေဧရိယာ ၂၃၀၇၅၁ ဧကတွင် စပါးတင်းပေါင်း ၁၆၀၇၂၄၈၃ တင်း ထွက်ရှိခဲ့ပြီး ၂၀၁၉-၂၀၂၀ ခုနှစ် စိုက်ပျိုးမြေဧရိယာ ၂၃၀၇၈၃ ဧကတွင် စပါးတင်းပေါင်း ၁၆၀၇၂၄၈၃ တင်း ထွက်ရှိခဲ့သည်။

နွေစပါးစိုက်ပျိုးထုတ်လုပ်မှုမှာ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် စိုက်ပျိုးမြေဧရိယာ ၁၁၂၄၇ ဧကတွင် စပါးတင်းပေါင်း ၇၄၃၈၄၆ တင်း၊ ၂၀၁၉ - ၂၀၂၀ ခုနှစ်တွင် စိုက်ပျိုးမြေဧရိယာ ၇၆၀၇ ဧက စိုက်ပျိုးနိုင်ခဲ့သည့်အတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆန်ဖူလုံမှုအနေဖြင့် ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် ၇၇ ဒသမ ၁၄ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၉-၂၀၂၀ ခုနှစ်အတွက် ၇၆ ဒသမ ၂၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကမ်းနီးငါးဖမ်း/ငါးသယ်ရေယာဉ် လိုင်စင်ထုတ်ပေးမှု**

(၄)နှစ်တာကာလ ၂၀၁၆ - ၂၀၁၇ ခုနှစ်မှ ၂၀၁၉ - ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ တနင်္သာရီတိုင်းဒေသကြီးအတွင်း ကမ်းနီးငါးဖမ်း/ ငါးသယ်ရေယာဉ် လိုင်စင်ထုတ်ပေးမှုအနေဖြင့် ၄၀၉၀၆ စင်းနှင့် ကမ်းဝေးငါးဖမ်းရေယာဉ် လိုင်စင်ထုတ်ပေးမှုအနေဖြင့် ငါးဖမ်းရာသီတွင် အစင်း ၅၈၁၀ ထုတ်ပေးနိုင်ခဲ့ပြီး ၎င်းအပြင် ကမ်းနီး/ ကမ်းဝေး/ အခြားရေလုပ်သားကတ် ၂၀၂၃၇၂ ဦးကို ထုတ်ပေးနိုင်ခဲ့သည်။

လက်ရှိတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ငါးဖမ်း/ငါးသယ်ရေယာဉ်များ Type Approval ရရှိသော ကုမ္ပဏီ ငါးခုမှ ကမ်းဝေးငါးဖမ်းရေယာဉ် ၁၃၉၂ စင်းနှင့် ငါးသယ်လှေ ၁၁၄ စင်းတို့တွင် VMS ကိရိယာတပ်ဆင်ခဲ့ပြီး မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးတွင် ယာယီ VMS Sub Control Center ဖွင့်လှစ်ကာ ကမ်းဝေးငါးဖမ်း၊ ငါးသယ်ရေယာဉ်များ စောင့်ကြည့်ထိန်းချုပ်ရေးလုပ်ငန်းများကို စတင်စမ်းသပ်ဆောင်ရွက်လျက်ရှိသည်။

ငါး၊ ပုစွန် ရေထွက်ပစ္စည်းတင်ပို့မှုမှာ ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၁၉-၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ကုန်ချိန် ၁၀၀၆၆၀၈ ဒသမ ၀၁၁ တန်၊ အမေရိကန်ဒေါ်လာ ၉၅၈ ဒသမ ၄၈၃ သန်း၊ မြန်မာငွေကျပ် ၆၉၈၁ ဒသမ ၅၀၃ သန်းရရှိခဲ့ပြီး အအေးခန်းစက်ရုံများမှ ကုန်ချော ထုတ်လုပ်တင်ပို့ရောင်းချနိုင်မှုမှာ ကုန်ချိန် ၂၀၉၀၂ ဒသမ ၄၇ တန်နှင့် အမေရိကန်ဒေါ်လာ ၁၀၉ ဒသမ ၆၈၂ သန်း ဝင်ငွေရရှိခဲ့သည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍ**

၄ နှစ်တာကာလအတွင်း ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ၁၁ ကေဗွီလိုင်း ၁၆ ဒသမ ၂၃ မိုင်၊ ၄၀၀ ဗို့လိုင်း ၁၁၇ ဒသမ ၂၅ မိုင်၊ (သုည ဒသမ ၄/ ၁၁) ကေဗွီ(၁)အမ်ဗွီအေမိန်းထရန်စဖော်မာ တစ်လုံးနှင့် (၁၁/သုည ဒသမ ၄)ကေဗွီ ထရန်စဖော်မာ ၂၉ လုံးတို့ကို တိုးချဲ့တည်ဆောက်ခြင်း၊ ၃၃ ကေဗွီလိုင်း ၃ ဒသမ ၁ မိုင်၊ ၁၁ ကေဗွီလိုင်း ၆၄ ဒသမ ၁၃ မိုင်၊ ၄၀၀ ဗို့လိုင်း ၂၃ ဒသမ ၉၆ မိုင်နှင့် ၁၁/သုည ဒသမ ၄ ကေဗွီထရန်စဖော်မာ ၄၁ လုံးတို့ကို အဆင့်မြှင့်တင်လဲလှယ်ခြင်းနှင့် ဒီဇယ်ဓာတ်အားပေးစက် ၉ လုံး ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းတို့ကို တိုးချဲ့တည်ဆောက်လျက်ရှိသည်။

လျှပ်စစ်မီးသုံးစွဲမှုအနေဖြင့် ထားဝယ်ခရိုင်အတွင်း အိမ်ထောင်စု ၁၀၄၀၉၂ စုတွင် မီးသုံးစွဲသူ ၆၈၁၅၄ ဦးနှင့် ၃၃ ဒသမ ၁၄ ရာခိုင်နှုန်း၊ မြိတ်ခရိုင်အတွင်း အိမ်ထောင်စု ၁၃၂၉၁၉ စုတွင် မီးသုံးစွဲသူ ၄၁၀၅၆ ဦးနှင့် ၁၀ ဒသမ ၀၁ ရာခိုင်နှုန်း၊ ကော့သောင်းခရိုင်အတွင်း အိမ်ထောင်စု ၄၆၀၈၈ စုအနက် မီးသုံးစွဲသူ ၁၅၂၅၈ ဦးနှင့် ၁၉ ဒသမ ၅၀ ရာခိုင်နှုန်း တိုင်းဒေသကြီးအတွင်း စုစုပေါင်းအိမ်ထောင်စု ၂၈၃၀၉၉ စုအနက် မီးသုံးစွဲသူ ၁၂၄၄၆၈ ဦးနှင့် ၁၇ ဒသမ ၉၄ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီဖြစ်သည်။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ ၄ နှစ်တာကာလအတွင်း မီးလင်းပြီး ရပ်ကွက်ပေါင်း ၃၅ ရပ်ကွက်နှင့် ကျေးရွာပေါင်း ၂၁၁ ရွာတို့တွင် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်သည်။

**အခွန်ငွေကောက်ခံရရှိမှု**

အခွန်အရပ်ရပ် ကောက်ခံရရှိမှုများအနေဖြင့် ၂၀၁၉-၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ငွေကျပ် ၇၁၉ ဒသမ ၆၅၁ သန်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ငွေကျပ် ၅၉ ဒသမ ၉၂၇ သန်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ငွေကျပ် ၉၇၃ ဒသမ ၉၇၆ သန်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ငွေကျပ်သန်း ၁၈၃၆ ဒသမ ၁၆၀ နှင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၅၄၀ သန်း၊ သစ်တောဦးစီးဌာနမှ ငွေကျပ် ၁၃၂ ဒသမ ၆၀၈၁ သန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ငွေကျပ် ၁၀၄၃ ဒသမ ၅၆၃ သန်း၊ ဘတ် ၉ ဒသမ ၉၆၂ သန်းနှင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၃၆ သန်း၊ အကောက်ခွန်ဦးစီးဌာနမှ ငွေကျပ် ၁၂၈၀ ဒသမ ၅၅၁ သန်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ငွေကျပ် ၁၅၆၉၆ ဒသမ ၉၉၂ သန်း၊ လမ်းဦးစီးဌာနမှ ငွေကျပ် ၉ ဒသမ ၀၅၆ သန်း၊ စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၂၆၄၃ ဒသမ ၅၂၇ သန်း စုစုပေါင်းငွေကျပ် ၂၄၄၉၆ ဒသမ ၀၁၁၁ သန်း၊ ဘတ် ၉ ဒသမ ၉၆၂ သန်းနှင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၈၇၆ သန်းတို့ကို ကောက်ခံရရှိခဲ့သည်။

**သတ္တုထုတ်လုပ်ကဏ္ဍ**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ခဲမဖြူ၊ အဖြိုက်နက်၊ ရောရာသတ္တု တူးဖော်ထုတ်လုပ်ခွင့်ပြုထားသည့် ကုမ္ပဏီ ၃၂ ခုရှိပြီး ခဲမဖြူ၊ အဖြိုက်နက်၊ လုပ်ကွက်အကြီးစား ၈ ကွက်၊ အလတ်စားလုပ်ကွက် ၄ ကွက်နှင့် အသေးစားမှ အလတ်စားပြောင်း လုပ်ကွက် ၃၁ ကွက် စုစုပေါင်းလုပ်ကွက် ၄၆ ကွက်ရှိပြီး သတ္တုထုတ်လုပ်မှုအနေဖြင့် စတုတ္ထ (၁)နှစ်တာကာလအတွင်း သတ္တုမက်ထရစ်တန် ၈၁၈ ဒသမ ၅၀၀ ထုတ်လုပ်ရန် ရည်မှန်းချက်အပေါ် မက်ထရစ်တန် ၁၇၀ ဒသမ ၆၁၀ ထုတ်လုပ်နိုင်ခဲ့သည်။ ပုလဲထုတ်လုပ်မှုအနေဖြင့် လျာထားချက် ၄၉၅၉၀၀ ဒသမ ၀၀ မိုမီတွင် ထုတ်လုပ်မှု ၆၁၀၉၂၃ ဒသမ ၈၃ မိုမီနှင့် မုတ်ခွံထုတ်လုပ်ရန် လျာထားချက် မက်ထရစ်တန် ၁၅၄ ဒသမ ၄၀ တွင် ၂၇၇ ဒသမ ၀၃ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့သည်။

**နယ်စပ်ဒေသဖွံ့ဖြိုးရေး**

တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၂၀၁၆ - ၂၀၁၇ ခုနှစ်မှ ၂၀၁၉ - ၂၀၂၀ ခုနှစ်အထိ ၄ နှစ်တာကာလအတွင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၅၈၆၁၈ ဒသမ ၆၀၄၉၃ သန်းဖြင့် လုပ်ငန်း ၉၀၈ ခုနှင့် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၄၉၈၇ ဒသမ ၀၂၄၅ သန်းဖြင့် လုပ်ငန်း ၂၂၄ ခုတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

စတုတ္ထ (၁)နှစ်တာကာလအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် လမ်းတံတားလုပ်ငန်းများ၊ ရေရရှိရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများအတွက် ရန်ပုံငွေကျပ် ၂၃၈၃၅ ဒသမ ၀၅၀၅ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ ဘဏ္ဍာနှစ် တစ်နှစ်ထက်တစ်နှစ် ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး စသည့် လူမှုစီးပွားဘဝများ တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ရင်းနှီးမြှုပ်နှံမှုကဏ္ဍ**

ရင်းနှီးမြှုပ်နှံမှုကဏ္ဍအနေဖြင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ တန်ဖိုးငွေကျပ် သုည ဒသမ ၈၁၃၅ သန်းရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တစ်ခုနှင့် တန်ဖိုးငွေကျပ်သန်း ၂၀၀၃၀ ရှိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ငါးခုတို့ကို ခွင့်ပြုပေးခဲ့ပြီး လုပ်ငန်းမျိုးစုံလုပ်ကိုင်သော မြန်မာကုမ္ပဏီ ၂၉ ခုအား မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်(၂၀၁၉)ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှ ၈ ရက်အထိ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ MYANMAR INVESTORS DEVELOPMENT ASSOCIATION (MIDA)နှင့် CHANNEL K တို့ ပူးပေါင်း၍ မြိတ်မြို့၌ ပထမအကြိမ်အဖြစ် ကျင်းပခဲ့သည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး၏ ကမ်းရိုးတန်းတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်နိုင်ရန် ထားဝယ်အထူးစီးပွားရေးဇုန်ကို ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်များ ဖော်ဆောင်ပေးသွားမည့်အပြင် မဟာမဲခေါင်တောင်ပိုင်းစီးပွားရေးစင်္ကြံ၊ အရှေ့အလယ်ပိုင်းဒေသနှင့် အိန္ဒိယ စသည့်ဈေးကွက်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည့် နေရာအဖြစ် အရေးပါလာမည်ဖြစ်သည်။



သရက်ချောင်းမြို့နယ်ရှိ ရော်ဘာစိုက်ခင်းကို တွေ့ရစဉ်။

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ၇ ] မှ

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စီးပွားရေးကဏ္ဍ၌ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူတစ်ဦးချင်းဝင်ငွေရရှိမှု(GDP)ကို နှစ်အလိုက်နှုန်းများအရ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၃၀၇၉၂၃၉ ကျပ် ရရှိရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

### ပို့ကုန်၊ သွင်းကုန်

တနင်္သာရီတိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလကုန်အထိ ကုန်သွယ်ရေးစခန်းအလိုက် ပို့ကုန်၊ သွင်းကုန် ကုန်သွယ်မှုအနေဖြင့် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်း၊ မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်း၊ မြိတ်ကုန်သွယ်ရေးစခန်းနှင့် ကော့သောင်းကုန်သွယ်ရေးစခန်းတို့မှ ပို့ကုန်၊ သွင်းကုန် ကုန်သွယ်မှုအနေဖြင့် စုစုပေါင်းအမေရိကန်ဒေါ်လာ ၅၂၆၇ ဒသမ ၁၇၉ သန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ယခု ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဖေဖော်ဝါရီလကုန်အထိ ကုန်သွယ်ရေးစခန်းများ၏ ကုန်သွယ်မှုအခြေအနေမှာ ထီးခီးကုန်သွယ်ရေးစခန်းတွင် အမေရိကန်ဒေါ်လာ ၇၀၄ ဒသမ ၆၀၂ သန်း၊ မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းတွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၅၀ သန်း၊ မြိတ်ကုန်သွယ်ရေးစခန်းတွင် အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၉၁၈ သန်းနှင့် ကော့သောင်း ကုန်သွယ်ရေးစခန်းတွင် အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၉၁၈ သန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်။

### ပညာရေးကဏ္ဍ

စတုတ္ထ (၁)နှစ်တာကာလအတွင်း ပညာရေးကဏ္ဍတွင် တိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်းများ အဆင့်တိုးမြှင့်မှုအနေဖြင့် အထက်တန်းကျောင်း ၈ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၂၁ ကျောင်း၊ အလယ်တန်းကျောင်း ၃၃ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၃၄ ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၂ ကျောင်း၊ မူလတန်းကျောင်း ၁၇ ကျောင်းနှင့် မူလတန်းကျောင်းခွဲ ၁၃ ကျောင်း စုစုပေါင်း ၁၄၈ ကျောင်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် အခြေခံပညာကျောင်းများနှင့် ရုံးအဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်းနှင့် ပြင်ဆင်ဆောက်လုပ်ခြင်းလုပ်ငန်း ၃၈၁ ခုကို ရန်ပုံငွေကျပ်သန်း ၁၃၀၉၉ ဒသမ ၄၀ ဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် တိုင်းဒေသကြီးအတွင်းရှိ မူလတန်းကျောင်းများတွင် ဆရာ ဆရာမဦးရေ လုံလောက်မှုရှိစေရန်အတွက် လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာသင်တန်း (PPTT) သင်တန်းသားဦးရေကို ၂၀၂၀ ပြည့်နှစ်မှစ၍ တိုးမြှင့်လက်ခံလေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၀ မြို့နယ်၌ ဆင်းရဲချို့တဲ့သည့် အခြေခံပညာမူလတန်းကျောင်း ၁၀ ကျောင်းမှ သူငယ်တန်း (KG)နှင့် ပထမတန်း(Grade – 1) ကျောင်းသားကျောင်းသူများကို ကျောင်းအလိုက် အာဟာရကျွေးမွေးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၇–၂၀၁၈ ပညာသင်နှစ်မှစ၍ ထောက်ပံ့ပေးခဲ့ရာ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အထိ ငွေကျပ် ၂၃၅ ဒသမ ၉၇၀၇ သန်း ထောက်ပံ့ပေးနိုင်ခဲ့သည်။

ပညာရေးကဏ္ဍအနေဖြင့် ၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်နှင့် ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ် ကျောင်းအပ်ရာသီတွင် ကျောင်းသား ကျောင်းသူများကို ကျောင်းသုံးပုံနှိပ်စာအုပ်များ ထောက်ပံ့ခြင်း၊ မူလတန်းအဆင့် ကျောင်းသားကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများ အခမဲ့ထောက်ပံ့ပေးခဲ့သည်။

### ကျန်းမာရေးကဏ္ဍ

စတုတ္ထ (၁)နှစ်တာကာလအတွင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် ဆေးသိုလှောင်ရုံများ ဆောက်လုပ်ခြင်းလုပ်ငန်းပေါင်း ၆၀ ကို ခွင့်ပြုရန်ပုံငွေကျပ် ၁၂၄၇ ဒသမ ၀၃ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဆေးရုံအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ၊ ဆေးသိုလှောင်ရုံ၊ ဓာတ်မှန်ဆောင်၊ CT Scan အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း ၂၅ ခုအတွက် ငွေကျပ် ၂၃၄၄ ဒသမ ၄၉ သန်းဖြင့် ကုသရေးဦးစီးဌာနမှ တင်ဒါခေါ်ယူပြီး လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့သည့် ငွေကျပ်သန်းပေါင်း ၄၄၅၉ ဒသမ ၂၃ သန်းဖြင့် အကုန်အကျခံ တည်ဆောက်နေသည့် ထားဝယ်ပြည်သူ့ဆေးရုံကြီး ငါးထပ်လူနာဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းမှာ ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၈၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

"ကျန်းမာရေးနဲ့ ပညာရေးကဏ္ဍကို တိုင်းဒေသကြီးအနေနဲ့ အခါအားလျော်စွာ ပြည်သူတွေနဲ့ တွေ့တဲ့အချိန်မှာ မြို့နယ်အလိုက်၊ ကျေးရွာအလိုက်တင်ပြတဲ့ ကျန်းမာရေး၊ ပညာရေး လိုအပ်ချက်တွေရှိပါတယ်။ ဒီလိုအပ်ချက်တွေကို စနစ်တကျနဲ့ စာရင်းပြုစုပြီး သတ်မှတ်ထားတဲ့စံတွေနဲ့ ပြန်လည်စိစစ်ပြီး ပြည်ထောင်စုကို ထပ်မံတင်ပြရာမှာ ပြည်ထောင်စုကနေ အများကြီး ဖြည့်ဆည်းပေးတာတွေ ရှိပါတယ်" ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်ကပြောသည်။

### ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေး

တိုင်းဒေသကြီးအတွင်း လတ်တလော ဖြစ်ပေါ်နေသည့် ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်သည့် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ လိုက်နာရန်သတိပေးချက်များနှင့်အညီ အသိပေးဟောပြောခြင်း၊ တားမြစ်ချက်များကို ဒေသတွင်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ခြင်း၊ တစ်ဖက်နိုင်ငံမှ ပြည်တွင်းသို့ ဝင်ရောက်လာသူများ စနစ်တကျ ကျန်းမာရေးစစ်ဆေးခြင်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကာကွယ်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိသည်။

"ကိုဗစ် –၁၉ နဲ့ပတ်သက်ပြီး ကျွန်တော်တို့ဒေသက ထိုင်းနိုင်ငံနဲ့ နယ်နိမိတ်ထိစပ်နေတဲ့ ဒေသဖြစ်တဲ့အတွက်ကြောင့် ဂိတ်တွေမှာ တစ်ဖက်နိုင်ငံက ဝင်လာမယ့်လူတွေကို စနစ်တကျစစ်ဆေးပြီး အပူချိန်တိုင်းကိရိယာတွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေကစိစစ်ပြီး ဝင်ခွင့်ပြုခဲ့ပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

### သဘာဝဘေးအန္တရာယ်

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် သဘာဝဘေးဖြစ်ပွားမှုအကြိမ်ပေါင်း ၈၂ ကြိမ် ဖြစ်ပွားခဲ့ပြီး ငွေကျပ် ၈၂၈ ဒသမ ၇၄၃၈၉ သိန်းခန့် ထောက်ပံ့ပေးနိုင်ခဲ့သည်။ ပင်လယ်ရေမျှော ဒုက္ခသည် ၁၅ ဦးနှင့် ရွှေ့ပြောင်းအလုပ်သမား ၁၃၉၈၃ ဦးအနက် ၂၆၉ ဦးအတွက် ငွေကျပ် ၇၆ ဒသမ ၉၁၀၀၀ သိန်းခန့် ထောက်ပံ့ပေးနိုင်ခဲ့သည်။

တိုင်းဒေသကြီးအတွင်း ၂၀၁၉ ခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများကြောင့် ဘေးသင့်အိမ်ထောင်စုများနှင့် ထိခိုက်ပျက်စီးသွားသောနေအိမ်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ် ၂၃၄ ဒသမ ၁၂၈ သန်းဖြင့် ဆန်၊ ဆီ၊ အခြေခံစားသောက်ကုန်များနှင့် ပုလုံးတုံတုံးကျေးရွာ မြေပြိုဘေးကြောင့် ပြိုကျသွားသော နေအိမ် ငါးလုံးနှင့် အန္တရာယ်ရှိနေအိမ် ငါးလုံး စုစုပေါင်း ၁၀ လုံးအတွက် မြေကွက်များ ဝယ်ယူထောက်ပံ့ပေးခြင်း၊ တောင်စောင်း မြေပြိုမှုကြောင့် သေဆုံးခဲ့သူများ၏ ကျန်ရစ်သူမိသားစုဝင်များအတွက် (၁၅' x ၂၅')ရှိ မြေကွက်တွင် ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ (၁၂'x ၂၀') RC တစ်ထပ်တိုက်နေအိမ် တစ်လုံး ပြန်လည်ဆောက်လုပ်ပေးနိုင်ခဲ့သည်။



သရက်ချောင်းမြို့နယ်ရှိ ဆီအုန်းစိုက်ခင်းကို တွေ့ရစဉ်။

၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်းက ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသည့် လမ်းများပြတ်တောက်မှုမရှိစေရန်အတွက် ယာယီလူသွားတံတား တည်ဆောက်ခြင်း၊ ယာယီလမ်းပြုပြင်ခြင်း၊ ယာယီသစ်သားတံတား တည်ဆောက်ခြင်း၊ တောင်ပြိုမြေများနှင့် သစ်ပင်များကို စက်/ ယာဉ်/ ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပျက်စီးဆုံးရှုံးခဲ့မှုအပေါ် ပြန်လည်ပြုပြင်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

### ကဏ္ဍအလိုက်ဆောင်ရွက်နေမှုများ

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်း ထားဝယ်မြို့နယ်၌ ခြောက်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ ငါးလုံးနှင့် မြိတ်မြို့နယ်၌ ခြောက်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ တစ်လုံးတို့ကို ရန်ပုံငွေကျပ် ၂၈၀၃ ဒသမ ၆ သန်းဖြင့် ဆောက်လုပ်ခဲ့သည်။

၄ နှစ်တာကာလအတွင်း ပုဂ္ဂလိကစက်မှုလုပ်ငန်း ၂၃၅၆ ခု မှတ်ပုံတင်ပေးနိုင်ခဲ့ပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်း ၆၂၂၀ သက်တမ်းတိုးပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများ၊ ဓာတ်အားလိုင်းခွဲရုံများ၊ ပါဝါမီတာအသစ်များ၊ ဟိုတယ်လုပ်ငန်းများနှင့် လျှပ်စစ်ထုတ်စက်များ၊ သံဂဟေဆော်စက်များ၊ အပူပေးကိရိယာများ အစရှိသော လုပ်ငန်း ၂၆၂၈ ခု စစ်ဆေးနိုင်ခဲ့ပြီး လျှပ်စစ်စစ်ဆေးခငွေကျပ်သန်း ၂၀ ဒသမ ၇၃ ကောက်ခံရရှိခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ မြိတ်နှင့် ကော့သောင်းတို့တွင် အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် မီးလောင်မှုဖြစ်စဉ်များဖြစ်ပွားပါက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေမှ နယ်မြေမီးသတ်စခန်း ဆောက်လုပ်ခြင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ မီးသတ်ယာဉ်အမျိုးမျိုးဝယ်ယူခြင်းနှင့် မြေပြင်/ရေပြင် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဒေသခံတောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးခြင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအတွက် စာရင်းစစ်/ စာရင်းကောက် ဆင့်ပွားသင်တန်း ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်အတွက် ပန်းခြံကစားကွင်းအသစ်များ တိုးချဲ့ဆောင်ရွက်ခြင်း၊ မြစ်ပြင်အလှကြည့်ရှုနိုင်ရန် ကမ်းနားလမ်းနှင့် မြစ်ကမ်းကြား မြေထိုးမြေညှိခြင်းလုပ်ငန်းနှင့် မြေယာရှုခင်း ပြုလုပ်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဈေးလုပ်ငန်းအနေဖြင့် ကမ်းနားပျံ့ကျဈေး အဆင့်မြှင့်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

စတုတ္ထ (၁) နှစ်တာကာလအတွင်း World Vision (Myanmar)၊ ဂျာမနီနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ကိုရီးယားနိုင်ငံ အစရှိသည့် ပြည်ပနိုင်ငံများမှ မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

### လုပ်ထုံးလုပ်နည်းများ ဖြေလျှော့

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ဆောင်ရွက်ပေးရာတွင် ယခင်က ထရန်စဖော်မာ၊ ပါဝါမီတာ၊ အိမ်သုံးမီတာများ လျှောက်ထားခြင်း၊ မီတာနှုန်းထားကောက်ခံခြင်းကိစ္စ၊ ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်ရောင်းချခွင့်လိုင်စင် လျှောက်ထားခြင်းကိစ္စ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ လုပ်ငန်းရှင်များ ချေးငွေရယူရန်ကိစ္စများ၊ နိုင်ငံခြားသားခရီးသွားများထံမှ ကောက်ခံသည့် ဆိပ်ကမ်းအခွန်အခများ၊ စာရွက်စာတမ်းကြေးများ၊ ကမ်းနီး/ကမ်းဝေး ငါးသယ်လှေများ ကော့သောင်းဆိပ်ကမ်းမှ ထိုင်းနိုင်ငံ ရနောင်းဆိပ်ကမ်းသို့ ထွက်ခွာခြင်းအတွက် သတ်မှတ်ကောက်ခံသည့် ဆိပ်ကမ်းအခွန်အခများ၊ ပြည်သူလူထု ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် မြို့ဝင်ဘီးခွန်များ ကောက်ခံမှုတို့ကို ဖြေလျှော့ဆောင်ရွက်မှုများ ပြုလုပ်ပေးပြီးဖြစ်သည်။

### ဆလုံ(မော်ကင်း)လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး

ဆလုံ(မော်ကင်း) တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၎င်းတို့နေထိုင်ရာ ဒေသတစ်ခုလုံး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ၎င်းတို့၏ လူနေမှုဘဝ အခက်အခဲများနှင့်ပတ်သက်၍ အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးရန်အတွက် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆလုံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သိန်း ၁၀၀၀ ခွင့်ပြုပေးခဲ့သည်။

အဆိုပါ ရန်ပုံငွေမှ မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းရှိ ဒုံးညောင်မှိုင်းကျေးရွာ၊ ဒုံးပုလဲအော်ကျေးရွာနှင့် ပရော့ဝါကျေးရွာ သုံးရွာရှိ ဆလုံတိုင်းရင်းသား အိမ်ထောင်စုများအား ဆန်ထောက်ပံ့ပေးခြင်း၊ ကော့သောင်းခရိုင်အတွင်းရှိ မကြံ့ဂုလက်ကျေးရွာ၊ ညောင်ဝိကျေးရွာ၊ ဂျာအုန်းကျေးရွာ၊ ဂျလန်းကျေးရွာနှင့် လင်န်းကျေးရွာ ငါးရွာတို့ရှိ ဆလုံတိုင်းရင်းသား အိမ်ထောင်စုများအား ထောက်ပံ့ပေးခဲ့သည်။

ထို့ပြင် မြိတ်ခရိုင်အတွင်းရှိ ဆလုံတိုင်းရင်းသား အိမ်ထောင်စု ၁၇၄ စုအတွက် တန်ဖိုးငွေကျပ် ၃၈၄ သိန်းရှိ ကင်းမွန်မျှားတံနှင့် ကြိုး၊ ရေငုပ်မျက်မှန်၊ မိုးကာအင်္ကျီနှင့် ဖိနပ်များ၊ ကော့သောင်းခရိုင်အတွင်းရှိ ဆလုံတိုင်းရင်းသား အိမ်ထောင်စု ၃၁၅ စုအတွက် အသက်ကယ် အင်္ကျီ၊ ကင်းမွန်မျှားတံနှင့် ကြိုး၊ ရေငုပ်မျက်မှန်နှင့် မိုးကာအင်္ကျီများ ဝယ်ယူရေးကော်မတီများဖွဲ့စည်း၍ ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်သည်။

"တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဆလုံလူမျိုးတွေအတွက် နှစ်အလိုက် တစ်နှစ်ကို ငွေကျပ်သိန်း ၁၀၀၀ ကို ပညာရေး၊ ကျန်းမာရေးပြီးရင် သူတို့ရဲ့ စားဝတ်နေရေးအတွက် ထောက်ပံ့နေပါတယ်။ ပထမဦးဆုံး လိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေးကိစ္စတွေအတွက် ဆန်၊ အသက်မွေးဝမ်းကျောင်းလုပ်တဲ့ ရေလုပ်ငန်းအတွက် ငါးမျှားတံ၊ လှေငယ်လေးတွေကို အဓိကထား ဖြည့်ဆည်းပေးနေပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

### သန့်ရှင်းသာယာလှပရေး

စတုတ္ထ (၁)နှစ်တာကာလအတွင်း မြို့တော်စည်ပင်သာယာရေးနှင့် သန့်ရှင်းသာယာလှပရေးကိစ္စရပ်များကို အလေးထားဆောင်ရွက်လျက်ရှိရာ ဘရူနိုင်းနိုင်ငံ၌ ကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများဆိုင်ရာဆု ၂၀၂၀ ဆုပေးပွဲတွင် အာဆီယံသန့်ရှင်းသောခရီးသွားမြို့တော်ဆု (ASEAN Clean Tourist City Award)ဆုကို ထားဝယ်မြို့မှ လည်းကောင်း၊ အာဆီယံရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဆု (ASEAN Sustainable Tourism Award)ဆုကို မြိတ်မြို့မှလည်းကောင်း ရရှိခဲ့သည်။

ပင်လယ်ကမ်းခြေနှင့် ကျွန်းများ၏ သဘာဝအလှတရားများ ပိုင်ဆိုင်ထားသည့်အတွက် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများနှင့် ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်နိုင်မည့် တန်ဖိုးမြင့် ထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများရှိနေသည့် တနင်္သာရီတိုင်းဒေသကြီးသည် ပြည်သူလူထု ပူးပေါင်းပါဝင်မှုအင်အားဖြင့် မဝေးသည့် အနာဂတ်တွင် ဖွံ့ဖြိုးဝေစည်လာတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။